# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ တပေါင်းလပြည့် ၊ ကြာသပတေးနေ့ ၊ (13-3-2025) ၊ အတွဲ (၃၃) ၊ အမှတ် (၃၁၇)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

# နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်နှင့် တပ်ကုန်းမြို့နယ်တို့အတွင်းရှိ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စက်မှုလယ်ယာစနစ်ကျလယ်မြေဖော်ထုတ်ထားရှိမှုနှင့် ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် မတ် ၁၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်နှင့်တပ်ကုန်းမြို့နယ်တို့ရှိ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**စက်မှုလယ်ယာ စနစ်ကျလယ်မြေဖော်ထုတ်ခြင်းစီမံကိန်း**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် အောင်ဇေယျ၊ မအူတော၊ သက်နှင်းအင်းကျေးရွာအုပ်စု ပင်လောင်းလမ်းဆုံအနီးရှိ စက်မှုလယ်ယာစနစ်ကျလယ်မြေဖော်ထုတ်ခြင်း စီမံကိန်းနေရာသို့ ရောက်ရှိကြရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် တာဝန်ရှိသူများက စီမံကိန်းရှင်းလင်းဆောင်တွင်

**စာမျက်နှာ ၁၆ ကော်လံ ၁** ⚐



ရတနာပုံ

၂၀၂၅ ခုနှစ် မတ် ၁၃ ရက်

အယ်ဒီတာ့အာဘော်

# မြတ်ဗုဒ္ဓ၏ ပြည်တော်ဝင်အခါတော်နေ့

တပေါင်းလသည် နွေဦးအခါသမယဖြစ်ပြီး သာယာလှပပုံသည်အခြားလများထက် ပြိုင်ဘက်ကင်းသောလတစ်လဖြစ်သည်။ တပေါင်းလတွင် ဂေါတမဘုရားရှင်ကိုခမည်းတော်စံရာ ကပိလဝတ်ပြည်သို့ ကြွတော်မူစေရန် ကာဠုဒါယီမထေရ်က ပင့်လျှောက်တောင်းပန်သည့်ပါဠိဂါထာများတွင် တပေါင်းလ၏နွေဦးအလှသဘာဝပတ်ဝန်းကျင် ကြည်လင်သာယာပုံများဖြင့် ဝေဝေဆာဆာလျှောက်ထားရာ အောင်မြင်တော်မူသဖြင့် မြတ်ဗုဒ္ဓ၏ ပြည်တော်ဝင်အခါတော်နေ့အဖြစ် သာသနာတော်ဆိုင်ရာမှတ်မှတ်ထင်ထင် နေ့ထူးနေ့ရက်ပေါ်ထွန်းခဲ့ပါသည်။

မြတ်ဗုဒ္ဓသည် နောက်ပါရဟန်းသံဃာတော်များနှင့် ကပိလဝတ်ပြည်သို့ တပေါင်းလတွင် ကြွရောက်လာခဲ့ရာ လမ်းခရီးတစ်လျှောက် ပင်ပန်းခြင်း၊ ပူအိုက်ခြင်းတို့ကို တန်ခိုးတော်ဖြင့် မအေးမြစေဘဲ တောရိပ်၊ တောင်ရိပ်၊ သစ်ရိပ်များ၌ပင် ချွေးသိပ်နားနေတော်မူခဲ့သည်။

တပေါင်းလ၏ ရာသီပွဲမှာ သဲပုံစေတီပွဲဖြစ်သည်။ ရှေးအခါက ဗုဒ္ဓဘာသာဝင်တို့သည် တပေါင်းလပြည့်နေ့တွင် မြစ်ကမ်းချောင်းဘေး သဲသောင်များတွင် သန့်စင်သောသဲများဖြင့် သဲပုံစေတီများ တည်ထားပူဇော်ကြသည်။ သဲပုံစေတီကို အနေကဇာတင်ခြင်း၊ ပန်း၊ ဆီမီး၊ ဆွမ်း၊ ရေချမ်းများ ကပ်လှူပူဇော်ပွဲကို အတီးအမှုတ်၊ အကအခုန်များ စုံလင်စွာဖြင့် ဩဘာသ်ကျွေးမွေးလှူဒါန်းလေ့ရှိကြသည်။ သဲပုံစေတီကို ရှေးလွန်လေပြီးသော ကမ္ဘာတစ်သိန်းကာလက ဒေဝလမည်သော ရသေ့တစ်ပါးက စတင်ခဲ့သည်ဟု မှတ်တမ်းပြုထားခဲ့ကြသည်။ ထိုရသေ့သည် သဲများကို စေတီပြုလုပ်ကာ ဘုရားရှင်ကို ရည်မှန်းပြီး ပန်းအမျိုးမျိုးဖြင့် ပူဇော်ကန်တော့ခဲ့သည်။ ထို့ပြင် အပဒါန်ပါဠိတော်ပါ "ပုလိနယူပိယမထေရ်လောင်း နာရဒရှင်ရသေ့" သည် မြစ်ကမ်းထိပ်တွင် တရားအားထုတ်ရင်း မြစ်ပြင်တွင် သောင်ထွန်းလာသောအခါ သဲများကိုစုပုံ၍ သဲပုံစေတီတည်ထားကိုးကွယ်ခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ သိရသည်။

သဲပုံစေတီပွဲတော်သည် ဗုဒ္ဓဘာသာဝင်တို့ အစဉ်အဆက်ကျင်းပပူဇော်လေ့ရှိသည့် ဘာသာရေးနှင့်နွှယ်သည့် မြန်မာ့ယဉ်ကျေးမှုပွဲတော်တစ်ခုဖြစ်သည်။ နောက်ပိုင်းတွင် သဲပုံစေတီပွဲတော်များအပြင် ဒေသအလိုက် ဗုဒ္ဓပူဇနိယပွဲတော်များကိုလည်း တပေါင်းလပြည့်နေ့နှင့် ဝန်းကျင်နေ့ရက်များတွင် နှစ်စဉ်ကျင်းပကြလေ့ရှိသည်။ ယခုအခါ သဲပုံစေတီပွဲကျင်းပမှုသည် တဖြည်းဖြည်းနည်းပါးလာသော်လည်း မြန်မာပြည်တစ်ဝန်းရှိ တန်ခိုးကြီးဘုရားစေတီများ၏ ဘုရားပွဲတော်များကို စည်စည်ကားကားကျင်းပလေ့ရှိသည်။ ထိုဘုရားပွဲတော်များအနက် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ် တပေါင်းလပြည့်နေ့နှင့် ဝန်းကျင်နေ့ရက်များတွင် ကျင်းပခဲ့ကြသည်။ ထို့ပြင် အနယ်နယ်အရပ်ရပ်ရှိ ဘုရားစေတီများတွင်လည်း ထိုနည်းတူ ဗုဒ္ဓပူဇနိယပွဲတော်များကျင်းပခဲ့ကြသည်။

သို့ဖြစ်ရာ သဲပုံစေတီပွဲတော်များ ကျင်းပသောလ၊ ရှေးပညာရှိကဝိအဆူဆူ၊ စာပေဝိတူအဆက်ဆက်တို့၏ မွန်မြတ်လှသည့် မြန်မာ့ယဉ်ကျေးမှုထုံးဓလေ့များနှင့် ဘာသာသာသနာဩဝါဒကထာများကို စာ၊ ကဗျာ၊ ရတုအစုစုရေးဖွဲ့မှတ်တမ်းတင်ခဲ့သောလသည် ထူးခြားသည့် မိန်ရာသီလတပေါင်းဖြစ်သည်။ မြတ်ဗုဒ္ဓက ခမည်းတော်ကို ကျေးဇူးဆပ်သောနေ့၊ မြတ်ဗုဒ္ဓ၏ ပြည်တော်ဝင်သောတပေါင်းလပြည့်နေ့တွင် ဗုဒ္ဓဘာသာဝင်အားလုံး အလှူဒါနပြုလုပ်ခြင်း၊ သီလဆောက်တည်ခြင်း စသောကောင်းမှုကုသိုလ်များကို အလှူရေစက် လက်နှင့်မကွာ စဉ်ဆက်မပြတ်ပြုလုပ်ကာ ဘဝကို အေးချမ်းစွာဖြတ်သန်းနိုင်ပါစေကြောင်း ရေးသားအပ်ပါသည်။

## ၂၀၂၅ ခုနှစ်၊ နှစ် ၈၀ ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ဒို့တာဝန်အရေး(၃)ပါးကို အစဉ်အမြဲဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏အဓိကလုပ်ငန်းကြီး (၃)ခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှ အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ရေး။

(ခ) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့်ထာဝရငြိမ်းချမ်းရေး ရရှိရန် ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်နှင့်နိုင်ငံသားများအပေါ်ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ လူမှုဘဝလုံခြုံရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံကကူညီဆောင်ရွက်ပေးရေး။

(ဃ) ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

# မန္တလေးမြို့တွင် မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းစည်းဝေး



**မန္တလေး မတ် ၁၂**

မန္တလေးမြို့တွင် ၂၀၂၅ ခုနှစ် မြန်မာ့ရိုးရာ နှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မတ် ၁၁ ရက် မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်ကျင်းပရေး ကော်မတီများမှ အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမျိုးအောင်က မန္တလေးမြို့တွင် မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်ကို ပြည်သူအားလုံးအေးချမ်းပျော်ရွှင်ကြည်နူးစွာဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားနိုင်ရေး ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးဖြစ်ကြောင်း၊ ယူနက်စကို၏ လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင် အတည်ပြုသတ်မှတ်ခံရသည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ရိုးရာပွဲတော်တစ်ခုဖြစ်၍ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်ကို လက်ဆင့်ကမ်းထိန်းသိမ်းခြင်းဖြစ်ပြီး မြန်မာ့ယဉ်ကျေးမှုသင်္ကြန်ဆိုသည့်အတိုင်း ယဉ်ကျေးမှုနှင့်အညီ ကျင်းပသွားမည်ဖြစ်ရာ အားလုံးတက်ညီလက်ညီကြိုးပမ်းသွားကြရမည်ဖြစ်ကြောင်း၊ မြန်မာနှစ်ဆန်း တစ်ရက်နေ့တွင် သံဃာတော် ၁၀၈ ပါးဖြင့် ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ခြင်း၊ ဇီဝိတဒါန ငါးလွှတ်ခြင်းများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ရာ ကော်မတီနှင့် လုပ်ငန်းကော်မတီများအလိုက် လစ်ဟင်းမှုမရှိစေရေး စနစ်တကျကြပ်မတ်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးဝန်ကြီးများက မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော် ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားများနှင့် ပတ်သက်၍ ဖြည့်စွက်ဆွေးနွေးပြောကြားပြီး လုပ်ငန်းကော်မတီဝင်များက လုပ်ငန်းကဏ္ဍများအလိုက် ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေးချက်များနှင့် ရှင်းလင်းတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံမြေပဲ ၁၁၄၅၅ ကေထိ နုတ်သိမ်းပြီးစီး တစ်ကေလျှင် ၆၆ ဒသမ ၂၁ တင်း ထွက်ရှိ

**စစ်ကိုင်း မတ် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲ ၁၁၄၅၅ ကေထိ နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၆၆ ဒသမ ၂၁ တင်း ထွက်ရှိကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၃၃၈၁ ကေစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော မြေပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၁၄၅၅ ကေ နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၆၆ ဒသမ ၂၁ တင်းထွက်ရှိကြောင်း သိရသည်။

" ဆောင်းသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ မြေပဲ ၁၃၃၈၁ ကေ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ မြေပဲခင်းတွေ လက်ရှိ နုတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ၁၁၄၅၅ ကေ နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ အောင်မြင်ဖြစ်ထွန်းနေပါတယ်။ ဆီထွက်သီးနှံအနေနဲ့က တော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက် တစ်နှစ် ပိုမိုတိုးတက်လာပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

မြေပဲကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည် ဖြစ်သောကြောင့် မြေပဲကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ကျောက်ဆည်မြို့နယ် ဒွေးလှကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**ကျောက်ဆည် မတ် ၁၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဒွေးလှကျေးရွာ၌ ဒေသခံပြည်သူများ စားရေရိက္ခာ ဖူလုံစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ ဌာန၏ အထွေထွေပိုလျှံရန်ပုံငွေဖြင့် ဆီထွက်သီးနှံ(နေကြာ)စိုက်ပျိုးမှု ရေရရှိရေး လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မတ် ၁၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်ဆည်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ရီရီဦး၊ ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြတ်ဆုအောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများက ကျေးရွာတာဝန်ရှိသူများနှင့်အတူ ဒွေးလှကျေးရွာ၌ ဆီထွက်သီးနှံ(နေကြာ) စိုက်ပျိုး ရေရရှိရေး လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီး ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ရေရှည်တည်တံ့ ကောင်းမွန်အောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ဒွေးလှကျေးရွာ၌ ဆီထွက်သီးနှံ(နေကြာ)စိုက်ပျိုးရေရရှိရေးအတွက် လေးလက်မခွဲ စက်ရေတွင်းတူးဖော်ခြင်း၊ 3HP Submerisible Pump(3-Phase) တပ်ဆင်ခြင်းလုပ်ငန်း၊ 4KW Inverter နှင့် 7Kw ဆိုလာစနစ်တည်ဆောက်ခြင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ခြင်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဌာန၏ အထွေထွေပိုလျှံရန်ပုံငွေကျပ် ၂၇ ဒသမ ၂၇၆ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူ၍ ဇန်နဝါရီလ တတိယပတ်က လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ဦးစိုးဝင်း ရွှေလရောင်ကားဂိတ်မိသားစုက ဆေးပဒေသာပင်အတွက် ငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆေးနှင့်ဆေးပစ္စည်းထိန်းသိမ်းရေးဆပ်ကော်မတီဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ ဦးတင်ထွန်း၊ ဆေးရုံကြီးကြပ်ရေးနှင့် အထောက်အကူပြုအဖွဲ့ခေါင်းဆောင် သုခမ္မမဏ်ိဇောတရေ ဦးစိုးလင်းနှင့် တာဝန်ရှိသူများက လက်ခံရယူစဉ်။

# မုံရွာခရိုင်တွင် မတ်ပဲကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၁၄ ဒသမ ၉၆ တင်းထွက်ရှိ



**မုံရွာ မတ် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် မတ်ပဲကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၄ ဒသမ ၉၆ တင်းထွက်ရှိကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၄၇၁၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော မတ်ပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၄ ဒသမ ၉၆ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"မုံရွာခရိုင်မှာ မတ်ပဲ ၄၇၁၄ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ မတ်ပဲခင်းတွေ အခုလက်ရှိ ကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲစိုက်ပျိုးချိန်မှာလဲ လိုအပ်တဲ့ နည်းပညာ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်နည်းလမ်းတွေကို မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

မုံရွာခရိုင်တွင် မြို့နယ်အလိုက် မတ်ပဲရိတ်သိမ်းပြီးစီးမှုအနေဖြင့် မုံရွာမြို့နယ်တွင် ၈၆၄ ဧက၊ ဘုတလင်မြို့နယ်တွင် ၃၅ ဧက၊ အရာတော်မြို့နယ်တွင် ၂၉၈၅ ဧက၊ ချောင်းဦးမြို့နယ်တွင် ဧက ၈၃၀ စုစုပေါင်း ၄၇၁၄ ဧကဖြစ်ကြောင်း သိရသည်။

မတ်ပဲသီးနှံကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည် ဖြစ်သောကြောင့် မတ်ပဲကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်ထံမှ သိရသည်။ (၂၀၆)

# မလှိုင်မြို့နယ် မင်းရွာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများစစ်ဆေး

**မလှိုင် မတ် ၁၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မင်းရွာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသောလုပ်ငန်းများကို မတ် ၁၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၁ ဒသမ ၈ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ မင်းရွာကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၄၃ ဦးကို ငွေကျပ် ၁၈ ဒသမ ၄၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၈၈ ဦးကို ငွေကျပ် ၃၃ ဒသမ ၃၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၁ ဦးကို ငွေကျပ် ၅၁ ဒသမ ၈ သန်း ထုတ်ချေးပေးထားကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထံမှ သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

# ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ငှက်ပျောသီးအစုံ အဖီးရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ကျောင်းကုန်း မတ် ၁၂**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ငှက်ပျောသီးအစုံ အဖီးရေ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျောင်းကုန်းမြို့နယ် ငှက်ပျောရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရီရီဝင်းက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်မှ ဒေသထွက် ငှက်ပျောသီးများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ဇန်နဝါရီလအတွင်းက ငှက်ပျောသီးအစုံ အဖီးရေ ၄၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်မှ ၂၈ ရက်ထိ ငှက်ပျောသီးအစုံ အဖီးရေ ၇၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ တင်ပို့ရောင်းချခဲ့သည့် ငှက်ပျောသီးများသည် ဖီးကြမ်း၊ ရခိုင်၊ သီးမွှေး၊ ဆင်စွယ်စသည့် ငှက်ပျောအမျိုးအစားများ အများဆုံး တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဖေဖော်ဝါရီလထဲမှာ ငှက်ပျောသီးအစုံ ရန်ကုန်ဈေးကွက်ကို တင်ပို့မှုများပြားခဲ့ပါတယ်။ ငှက်ပျောသီးကို ရေလမ်းကြောင်းအပြင် ကုန်းလမ်းကြောင်းကနေပါ တင်ပို့နေရပါတယ်။ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလအတွင်း ငှက်ပျောသီးအစုံ အဖီးရေအများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်"ဟု ကျောင်းကုန်းမြို့နယ် ငှက်ပျောရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရီရီဝင်းက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့တင်ပို့ရောင်းချခဲ့သည့် ငှက်ပျောသီးဈေးနှုန်းများမှာ ဖီးကြမ်းငှက်ပျောသီး အဖီးရေ ၁၀၀ လျှင် ငွေကျပ် ၁၅၅၀၀၀၊ ရခိုင်ငှက်ပျောသီး အဖီးရေ ၁၀၀ လျှင် ငွေကျပ် ၉၅၀၀၀၊ သီးမွှေးငှက်ပျောသီး အဖီးရေ ၁၀၀ လျှင် ငွေကျပ် ၂၂၅၀၀၀၊ ဆင်စွယ်ငှက်ပျောသီး အဖီးရေ ၁၀၀ လျှင် ငွေကျပ် ၁၇၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း ကျောင်းကုန်းမြို့နယ် ငှက်ပျောရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရီရီဝင်းက ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**



# မုံတိုင်ပင်ဆရာတော်(အပိုင်း-၆)

ဗိုလ်ရှိတ်(ရတနာပူရ)

**တံဆိပ်တော်ဆက်ကပ်သူအလုံဝန်ကြီး**

မုံတိုင်ပင်ဆရာတော်အား ၆၈ ရွာဂိုဏ်းချုပ်အဖြစ် စာချွန်တော်ကပ်ရန် လာရောက်လျှောက်ထားရသူမှာ အလုံဝန်ကြီးစစ်သူကြီးမဟာဗန္ဓုလဖြစ်သည်။ သို့သော် ယခုအခါ တံဆိပ်တော်ကို လာရောက်ဆက်ကပ်သော အလုံဝန်ကြီး မြောက်ဘက်ဝန်ချုပ်မှာ စစ်သူကြီး မဟာဗန္ဓုလ မဟုတ်တော့ပေ။ မုံတိုင်ပင်ကျောင်းသို့ တံဆိပ်တော်ကို လာရောက်ဆက်ကပ်သည့် ၁၁၈၆ ခုနှစ်တွင် မဟာဗန္ဓုလသည် အလုံမြို့ဝန်၊ ဒီပဲယင်းမြို့ဝန်၊ မြောက်ဘက်ဝန်ကြီးချုပ်မဟုတ်တော့ပေ။ အာသံတိုက်ပွဲမှ အောင်ပွဲရ၍ပြန်လာသော စစ်သူကြီး မဟာဗန္ဓုလကို ဘကြီးတော်စစ်ကိုင်းမင်းက ၁၁၈၄ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်နေ့(၁၈၂၃ ခု၊ ဖေဖော်ဝါရီလ ၂၁)တွင် အဂ္ဂမဟာသေနာပတိဝန်ကြီး ရာထူးသို့ တိုးတက်ချီးမြှင့်ခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် တံဆိပ်တော်လာရောက်ဆက်ကပ်သည့် အလုံဝန်ကြီး၊ ဒီပဲယင်းဝန်၊ မြောက်ဘက်ဝန်ကြီးချုပ်သည် မဟာဗန္ဓုလ လုံးဝမဟုတ်ပေ။

ပို၍ထင်ရှားစေသောအချက်မှာ တံဆိပ်တော်ကို လာရောက်ဆက်ကပ်သည့် ၁၁၈၆ ခုနှစ်၊ ပထမဝါဆိုလဆန်း ၈ ရက်နေ့(၁၈၂၄ ခု ဇူလိုင် ၃ရက်)တွင် စစ်သူကြီး မဟာဗန္ဓုလမှာ အင်းဝ၌မရှိပေ။ စစ်သူကြီး မဟာဗန္ဓုလသည် ရှင်မဖြူကျွန်းအရေးကြောင့် ၁၁၈၅ ခု၊ နတ်တော်လပြည့်ကျော် ၁၃ ရက် အင်္ဂါနေ့ (၁၈၂၃ ခု ဒီဇင်ဘာ ၃၀) တွင် ရှေ့ရုံးတော်တွင်ပြန်တမ်းခံပြီး ဓညဝတီသို့ချီတက်ရသည်။ ထိုအချိန်မှစ၍ အင်းဝသို့ မရောက်တော့ပေ။

၁၁၈၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်နေ့(၁၈၂၄ ခု စက်တင်ဘာ ၂၀) အင်းဝသို့ ခဏပြန်ရောက်သည်။ ထို့ကြောင့် တံဆိပ်တော်ဆက်ကပ်သည့်ရက်တွင် မဟာဗန္ဓုလ အင်းဝနေပြည်တော်၌ မရှိကြောင်း ထင်ရှားသည်။ ထို့ကြောင့် မုံတိုင်ပင်ဆရာတော်အား တံဆိပ်တော်လာရောက်ဆက်ကပ်သူသည် မဟာဗန္ဓုလ မဟုတ်ကြောင်းထင်ရှားသည်။ ထိုသို့ဆိုလျှင် တံဆိပ်တော်လာရောက်ဆက်ကပ်သော အလုံဝန်ကြီးသည် မည်သူဖြစ်သနည်းကို အဖြေရှာရပေမည်။

**မင်းကြီးကျော်ထင်ဦးကွန်**

အမှန်က မုံတိုင်ပင်ဆရာတော်ကို တံဆိပ်တော် လာရောက်ဆက်ကပ်သူမှာ မြောက်ဘက်ဝန်ကြီးချုပ်၊ အလုံမြို့ဝန်၊ ဒီပဲယင်းမြို့ဝန် မဟာမင်းကြီးကျော်ထင် ဦးကွန်ဖြစ်သည်။ ဘကြီးတော်စစ်ကိုင်းမင်း၏ မိဖုရားခေါင်ကြီး နန်းမတော်မယ်နု၏ ဦးလေးတစ်ဝမ်းကွဲတော်စပ်သည်။ နန်းမတော်မယ်နု၏ဖခင် ဦးလှုပ်နှင့် ဦးကွန်သည် ညီအစ်ကိုတစ်ဝမ်းကွဲတော်စပ်သည်။

**တံဆိပ်ဋီကာကျမ်း**

မုံတိုင်ပင်ဆရာတော်သည် တံဆိပ်တော်ရရှိပြီးသောအခါတွင် တံဆိပ်တော်တို့၏ အဓိပ္ပာယ်ကိုဖွင့်ဆိုပြရာဖြစ်သော တံဆိပ်ဋီကာကျမ်းကို ရေးသားပြုစုခဲ့သည်။ ရှေးခေတ်သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များနှင့်စပ်လျဉ်း၍ ပြုစုထားသောကျမ်းဖြစ်သဖြင့် ရှားပါးလှသည်။ ထိုကဲ့သို့တံဆိပ်တော်ကို သီးခြားဖွင့်ဆိုရေးသားထားသောကျမ်းမျိုးမှာ မြန်မာသာသနာမှတ်တမ်းတွင် မရှိသလောက်ရှားသည်။ အမည်ပင်မကြားဖူးခဲ့ပေ။ မုံတိုင်ပင်ဆရာတော်ကြီးကား လိုအပ်နေသောကွက်လပ်တစ်ခုကို ဖြည့်သည့်အနေဖြင့် တံဆိပ်ဋီကာကျမ်းကိုပြုစုခဲ့ခြင်းဖြစ်သည်။ ဆရာတော်သည် တံဆိပ်ဋီကာကျမ်းကို ၁၁၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်နေ့ (၁၈၂၄ ခု ဩဂုတ် ၃၁)တွင် ပြုစုပြီးစီးခဲ့သည်။ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်နေ့(၁၈၂၄ ခု နိုဝင်ဘာ ၁၀)တွင် ပေထက်အက္ခရာတင်ပြီးသည်။ သို့သော် ဝမ်းနည်းစရာကောင်းသည်မှာ ထိုကဲ့သို့တံဆိပ်တော်ဆိုင်ရာ ရှားပါးလှသောကျမ်းကို မုံတိုင်ပင်ကျောင်း၌ မတွေ့ရတော့ပေ။ ထိုတံဆိပ်ဋီကာကျမ်းကို မုံတိုင်ပင်သာသနာဝင်ကျမ်း အကျဉ်းချုပ်ကို ရေးသားပြုစုခဲ့သော ဆီးဘန်နီကျောင်းတိုက်ဆရာတော် အရှင်စာရိန္ဒသဘထံတွင် ရောက်ရှိခဲ့ဟန်တူသည်။ ဆရာတော်၏ မုံတိုင်ပင်သာသနာဝင်ကျမ်းအကျဉ်းချုပ်တွင် တံဆိပ်ဋီကာကျမ်းကို ကိုးကားရေးသားထားကြောင်း တွေ့ရသည်။ ဆရာတော်ထံတွင် သေချာပေါက်တံဆိပ်ဋီကာကျမ်း ရှိမည်ဖြစ်သည်။

သို့သော် ယခုအခါ ရှင်စာရိန္ဒသဘမှာ ပျံလွန်တော်မူခဲ့ပြီဖြစ်သည်။ သို့နှင့် မျက်ပါးရပ်ဆီးဘန်နီကျောင်းတိုက်(၃၇x၃၆x၇၈လမ်း)သို့ သွားရောက်ခဲ့ရာ ဆရာတော်အရှင်စာရိန္ဒသဘ၏တပည့် အရှင်

**❖ရမ်းဗြဲမင်းသားနှင့်နှမတော်တို့သည် အင်းဝမြို့ မြောက်မျက်နှာ မီးသွေးတိုက်တံခါးနှင့် ယင်းယဲကျောက်ဆောင်ကြား ရေဝတီမြစ်ကမ်းဘေးတွင် ကျောင်းတိုက်ကြီးတစ်တိုက်တည်ဆောက်ခဲ့သည်။ ရတနာဘုံပျံပြာသာဒ်ကျောင်းတိုက်ဟု အမည်တွင်သည်။ မုံတိုင်ပင်ဆရာတော်အား ထိုကျောင်းတိုက်ကြီးကိုတင်လှူရန် မုံတိုင်ပင်သို့သွားကာ ဆရာတော်ကိုပင့်ကြသည်။ အင်းဝမြို့မှ ရေဝတီမြစ်ကြောင်းတစ်လျှောက် စုန်ဆင်းပြီး မူးမြစ်မှဆန်တက်ကာ အင်ပင်ရွာဆိပ်ကမ်းမှ မုံတိုင်ပင်ရွာသို့ လာရောက်ပင့်ဆောင်ကြခြင်းဖြစ်သည်။❖**

ရာဇိန္ဒထူးချွန်ကျောင်းထံမှ တံဆိပ်ဋီကာလက်ရေးမူကို ရရှိခဲ့သည်။ လိုချင်သောကျမ်းကိုတွေ့ရသဖြင့် ဝမ်းမြောက်မိပေသည်။ ထိုတံဆိပ်ဋီကာကျမ်းကို ဤစာအုပ်တွင် မူရင်းအတိုင်းဖော်ပြလိုက်သည်။

**မုံတိုင်ပင်မှ အင်းဝနေပြည်တော်သို့**

ဘကြီးတော်စစ်ကိုင်းမင်းသည် အမရပူရမြို့မှ အင်းဝမြို့သို့ အသစ်ပြန်တည်ကာ စိုးစံနေသောကြောင့် အင်းဝမြို့တော်သည် အလွန်စည်ကားလှသော မြို့ကြီးဖြစ်နေပေသည်။ ဘကြီးတော်စစ်ကိုင်းမင်း၏ အမိန့်အရ ရမ်းဗြဲမင်းသားနှင့် နှမတော်တို့သည် အင်းဝမြို့ မြောက်မျက်နှာ မီးသွေးတိုက်တံခါးနှင့် ယင်းယဲကျောက်ဆောင်ကြား ရေဝတီမြစ်ကမ်းဘေးတွင် ကျောင်းတိုက်ကြီးတစ်တိုက်တည်ဆောက်ခဲ့သည်။ ရတနာဘုံပျံပြာသာဒ်ကျောင်းတိုက်ဟု အမည်တွင်သည်။ မုံတိုင်ပင်ဆရာတော်အား ထိုကျောင်းတိုက်ကြီးကို တင်လှူရန် မုံတိုင်ပင်သို့သွားကာ ဆရာတော်ကို ပင့်ကြသည်။ အင်းဝမြို့မှ ရေဝတီမြစ်ကြောင်း တစ်လျှောက်စုန်ဆင်းပြီး မူးမြစ်မှဆန်တက်ကာ အင်ပင်ရွာဆိပ်ကမ်းမှ မုံတိုင်ပင်ရွာသို့ လာရောက်ပင့်ဆောင်ကြခြင်းဖြစ်သည်။

ရမ်းဗြဲမင်းသားနှင့်နှမတော်တို့က မုံတိုင်ပင်ဆရာတော်ကို လာရောက်ပင့်ဆောင်ကြသည်ဟူသော သတင်းကြောင့် မုံတိုင်ပင်ကျောင်းတွင် ဒါယကာ၊ ဒါယိကာမများစုဝေးရောက်ရှိလာကြသည်။ ဆရာတော်၏တရားကို အမြဲနာကြောင်း၊ ဆရာတော်၏ဩဝါဒကို အမြဲခံယူလိုကြောင်း၊ ဆရာတော်နှင့်ကွဲကွာရခြင်းမျိုးသည် သည်တစ်ခေတ်တွင် သည်နှစ်သာ မြတ်ဆရာနှင့် ကြုံပါရစေကြောင်း စသည်ဖြင့်လျှောက်ထားကြသည်။ ထိုအကြောင်းကို ဆရာတော်က-

"သည်တွင်သည်ခေတ်၊ သည်နှစ်တွင်သာ၊ မြတ်ဆရာနှင့်၊ ကွဲရပါစေ၊ တထွေနောင်လာ၊ နောင်သောခါမူ၊ မကွာနိစ္စ၊ ဩဝါဒကိုခံရပါအောင် ရည်ဆောင်ညီညာ၊ ဒကာဒကာမ၊ နေ့ညစုရုံး၊ တအုံးအုံးလျှင်၊ ရွှင်ပြုံးသာချို၊ ဆိုသည်အများ၊ ထိုစကားကို၊ ကြားသမျှလှူ၊ ကိုယ်စားပူလိမ့်"ဟူ၍ ရေးဖွဲ့မှတ်သားထားခဲ့သည်။

ဤသို့ဖြင့် ဆရာတော်သည် နောက်ပါသံဃာ အပါး ၆၀ နှင့်တကွ အင်ပင်ရွာမှ အင်းဝနေပြည်တော်သို့ ကြွရောက်ကာ ရတနာဘုံပျံပြာသာဒ်ကျောင်းတိုက်ကြီး၌ သီတင်းသုံးကာ စာသင်စာချလုပ်ငန်းများကို ဆောင်ရွက်တော်မူခဲ့သည်။ ထိုစဉ်က ရတနာဘုံပျံပြာသာဒ်ကျောင်းတိုက်၌ စာသင်သံဃာ ၂၀၀ ကျော် ၃၀၀ ရှိသည်ဟုသိရသည်။ မုံတိုင်ပင်ဆရာတော် မုံတိုင်ပင်မှ အင်းဝသို့ကြွတော်မူသောနှစ်မှာ ၁၁၈၉ ခုနှစ်၊ သီတင်းကျွတ်လကွယ်နေ့နောက်ပိုင်းဟု မုံတိုင်ပင် သာသနာဝင်အကျဉ်းချုပ်၌ ဆိုထားပါသည်။ ယခုဖော်ပြခဲ့သော မုံတိုင်ပင်ဆရာတော်အား အင်းဝမြို့၌ ရတနာဘုံပျံပြာသာဒ်တိုက်တင်လှူသော အကြောင်းများသည် မုံတိုင်ပင်သာသနာဝင်အကျဉ်းချုပ်အတိုင်း ဖော်ပြခဲ့ခြင်းဖြစ်သည်။ မုံတိုင်ပင်သာသနာဝင်အကျဉ်းချုပ်ကျမ်း၌ ကျောင်းဆောက်လုပ်လှူဒါန်းသော ဒါယကာမင်းသားကို "ရမ်းဗြဲမင်းသားမောင်တော်နှမတော်"ဟူ၍ သုံးထားသည်။ စကားလုံးမရှင်းသဖြင့် ရမ်းဗြဲမင်းသားနှင့် နှမတော်တို့ဟူ၍ ပြင်သုံးထားသည်။ အဆိုပါရမ်းဗြဲမင်းသားသည် မည်သူဖြစ်မှန်းမသိရသလို နှမတော်ဆိုသူမှာလည်း မည်သူဖြစ်မှန်း သေသေချာချာမသိရသေးပေ။ ဘွဲ့မည်များ တိတိကျကျမပါသဖြင့် ရှာဖွေဖော်ထုတ်ရန် ခဲယဉ်းလှသည်။

**ရတနာဘုံပျံပြာသာဒ်ရှာတော်ပုံ**

မုံတိုင်ပင်ဆရာတော်သီတင်းသုံးခဲ့ရာ ရတနာဘုံပျံပြာသာဒ်ကျောင်းတိုက်ကြီးသည် မီးသွေးတိုက်တံခါးနှင့် ယင်းယဲကျောက်ဆောင်ကြားတွင်ရှိသည်ဟု မုံတိုင်ပင်သာသနာဝင်ကျမ်း၌ ဆိုထားသည်။ ထိုကျမ်း၌ မီးသွေးတိုက်တံခါးကို မီးသွေးတံခါးဟုဖော်ပြထားသည်။မီးသွေးတံခါးမဟုတ်ပါ။ မီးသွေးတိုက်တံခါးသာအမှန်ဖြစ်သည်။ မီးသွေးတိုက် အမှုထမ်းများ နေထိုင်ရာရပ်ကွက်ကိုအစွဲပြုပြီး မီးသွေးတိုက်တံခါးဟု ခေါ်ကြခြင်းဖြစ်သည်။ မူလတံခါးအမည်မှန်က ယိုးဒယားတံခါးဖြစ်သည်။

မီးသွေးတိုက်တံခါးသည် ရေဝတီမြစ်ဘေးတွင် ရှိသည်။ မီးသွေးတိုက်တံခါး၏ အရှေ့ဘက်တွင် လေသာတံခါးရှိသည်။ လေသာတံခါး၏ အနောက်မြစ်ကမ်းဘေးတွင် ယင်းယဲကျောက်ဆောင်ရှိသည်။ထိုယင်းယဲကျောက်ဆောင်နှင့် မီးသွေးတိုက်တံခါးကြားတွင် ရတနာဘုံပျံပြာသာဒ်ကျောင်းတိုက် ရှိရမည်ဖြစ်သည်။ ရတနာဘုံပျံပြာသာဒ်ကျောင်းတိုက်တည်ရှိရာနေရာသည် မြို့ရိုးကြီး၏အပြင်ဘက် ရေဝတီမြစ်ကမ်းဘေးတွင်တည်ရှိခဲ့ပါသည်။ မြို့ရိုးအတွင်း၌ တည်ရှိသည် မဟုတ်ပေ။ ထို့ကြောင့် ရေဝတီမြစ်ရေတိုးသည့်အခါ ရေများသည်ကျောင်းအောက်သို့ ဥဒဟိုဝင်လာကြသည်။ ထို့ကြောင့် ဆရာတော်ကြီးကိုယ်တိုင်က "ရေဝတီ၊ သိင်္ဂီမြဟန်၊ ရေအလျှံလည်း၊ ဘုံပျံရတနာ၊ ကျောင်းဝိဟာသို့၊ အသာရှိခိုက်၊ ဖူးလာဆိုက်သော်၊ တုံ့ရိုက်ပူဆာ၊ ဤခြင်းရာကြောင့်၊ ဘဝနာထူး၊ ဉာဏ်မမြူးသည်၊ စိတ်ကူးမရွှင်ပါဘုရား" ဟူ၍ ရေးဖွဲ့ထားခဲ့ပေသည်။

ယခုအခါတွင် ရေဝတီမြစ်ရေတိုက်စားမှုကြောင့် ကျောင်းတိုက်နေရာမရှိတော့ပါ။ ယင်းယဲကျောက်ဆောင် အနောက်ဘက်တစ်ခွင်လည်း မြစ်ကမ်းပါးဖြစ်နေပြီဖြစ်သည်။ထို့ကြောင့် မုံတိုင်ပင်ဆရာတော်ကြီး သီတင်းသုံးတော်မူခဲ့သော ရတနာဘုံပျံပြာသာဒ် ကျောင်းတိုက်နေရာကို တွေ့ရတော့မည်မဟုတ်ပေ။

**ဝံသာဘိလင်္ကာရဓဇ မဟာဓမ္မရာဇာဓိရာဇဂုရုတံဆိပ်(အက္ခရာ ၁၉ လုံး)**

မုံတိုင်ပင်ဆရာတော်သည် ဝံသာဘိလင်္ကာရ ဓဇ မဟာဓမ္မရာဇဂုရုတံဆိပ်တော် ရရှိပြီးနောက် ဝံသာဘိလင်္ကာရဓဇ မဟာဓမ္မရာဇာဓိရာဇဂုရုတံဆိပ်တော်ကို ထပ်မံရရှိခဲ့ပြန်သည်။ ပထမတံဆိပ်သည် အက္ခရာ ၁၆လုံး ဖြစ်ပြီး ဒုတိယတံဆိပ်သည် အက္ခရာ ၁၉လုံးဖြစ်သည်။ အက္ခရာ ၁၉လုံး တံဆိပ်ရရှိခဲ့ကြောင်းကို မုံတိုင်ပင်ဆရာတော်က သုံးပုံတံတားကျမ်းနိဂုံး၌ -

"ဝံသာဘိလင်္ကာရဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု၊ ဆယ့်ကိုးခုအက္ခရာ၊ တံဆိပ်စာနှင့်" ဟူ၍တိတိကျကျရေးခဲ့သဖြင့် အက္ခရာ ၁၉လုံး တံဆိပ်ရခဲ့ကြောင်း ထင်ရှားလှသည်။သို့သော် ထိုတံဆိပ်တော်သည် မည်သည့်မင်းလက်ထက် ရခဲ့သည်ကို တိတိကျကျ မတွေ့ရပေ။ ဘကြီးတော်စစ်ကိုင်းမင်းကပင် ပေးသလော၊ သာယာဝတီမင်းကပင် ပေးသလော မကွဲပြားပေ။ ထို့ကြောင့် ထိုတံဆိပ်တော်ပေးခဲ့သည့်မင်းကို စစ်တမ်းထုတ်ကြည့်ပါဦးမည်။

**မုံတိုင်ပင်သာသနာဝင်အကျဉ်းအလို**

အရှင်စာရိန္ဒသဘ ပြုစုသော မုံတိုင်ပင်သာသနာဝင်အကျဉ်းကျမ်း၌ အက္ခရာ ၁၉ လုံး တံဆိပ်တော်ကို သာယာဝတီမင်းကဆက်ကပ်ခဲ့သည်ဟု အောက်ပါအတိုင်းရေးသားထားသည်။

" သက္ကရာဇ် ၁၁၉၉ ခုနှစ်တွင် နန်းတက်သော သာယာဝတီမင်းကြီးသည် နန်းတက်ပြီးနောက်မကြာမြင့် မီကာလတွင် ဆရာတော်ကြီးများအား ရာဇဂုရုတံဆိပ်တော်နှင့် ရာဇာဓိရာဇဂုရုဟူသောဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းလေသည်။ ထိုသို့ဆပ်ကပ်လှူဒါန်းသောအခါ ရာဇာဂုရုသွန်းထုခတ်နှိပ်တံဆိပ်တော်ရရှိပြီးသောအခါ မုံတိုင်ပင်ဆရာတော်ကြီးအား ဝံသာဘိလင်္ကာရဓဇမဟာဓမ္မရာဇာဓိရာဇဂုရုဟူသော ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းပြန်လေသည်"

မုံတိုင်ပင်သာသနာဝင်အကျဉ်းကျမ်း၏ အလိုအရ အက္ခရာ ၁၉ လုံးတံဆိပ်သည် သာယာဝတီမင်းက ပေးခဲ့သည်ဟုယူဆဟန်ရှိသည်။

မုံတိုင်ပင်သာသနာဝင် အကျဉ်းကျမ်း၌ ဆိုထားသည့်အတိုင်း သာယာဝတီမင်းနန်းတက်စတွင် မုံတိုင်ပင်ဆရာတော်အား ဘွဲ့တံဆိပ်ပေး၊ မပေး သိလိုသဖြင့် ကုန်းဘောင်ဆက် မဟာရာဇဝင်ကြီးကို ကြည့်ရာတွင် အခြားဆရာတော်များသာပါပြီး မုံတိုင်ပင်ဆရာတော် မပါပေ။ ထို့ကြောင့် သာယာဝတီမင်းလက်ထက်တွင် အက္ခရာ ၁၉ လုံးတံဆိပ်ရခဲ့သည်ဆိုသော စကားသည် မသေချာပေ။

**သုံးပုံအိတ်ထောင့်ကျမ်းပြီးနိဂုံးကလမ်းစ**

သုံးပုံအိတ်ထောင့်ကျမ်းနိဂုံးကို ဖတ်ကြည့်မိသောအခါတွင် အက္ခရာ ၁၉ လုံးတံဆိပ်ကို မည်သည့်မင်းက ပေးခဲ့ကြောင်း လမ်းစပေါ်လာသည်။ သုံးပုံအိတ်ထောင့်ကျမ်းနိဂုံးသံပေါက်တစ်ပိုဒ်တွင် "တံဆိပ် နှစ်ထပ်၊ တော်နှစ်ထပ်၊ နှစ်ရပ်ဘွဲ့သညာ"ဟူ၍ ရေးဖွဲ့ထားသည်ကို တွေ့ရသည်။

စာမျက်နှာ ၅ သို့ ➤

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ကန်ကြီးထောင့်မြို့နယ်တွင် ဆောင်းသီးနှံမတ်ပဲ ၂၄၅၅၂ ဧကထိ ရိတ်သိမ်းပြီးစီး၊ တစ်ဧကလျှင် ၁၄ ဒသမ ၂၂ တင်းထွက်ရှိ



**ပုသိမ် မတ် ၁၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် မတ်ပဲ ၂၄၅၅၂ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကန်ကြီးထောင့်မြို့နယ်တွင် မတ်ပဲသီးနှံ ၂၅၀၈၁ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါ မတ်ပဲခင်းများကို ဇန်နဝါရီလ ဒုတိယပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် မတ်ပဲ ၂၄၅၅၂ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး မတ်ပဲတစ်ဧကလျှင် ၁၄ ဒသမ ၂၂ တင်းထွက်ရှိကြောင်း သိရသည်။

"မတ်ပဲများ လျာထားဧကအတိုင်း ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာန၊ ဆက်စပ်ဌာနတွေနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်းဆောင်ရွက်ခဲ့ကြတာပါ။ ဒီနှစ်ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ မတ်ပဲသီးနှံ စုစုပေါင်း ဧက ၂၅၀၀၀ ကျော်ထိစိုက်ပျိုးနိုင်ခဲ့ပြီး လက်ရှိမှာ မတ်ပဲဧက ၂၄၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲသီးနှံဟာ နှစ်စဉ်နှစ်တိုင်းစိုက်နေကြသီးနှံဖြစ်တဲ့အတွက် တောင်သူတွေအတွက်စိုက်ပျိုးဖို့က အခက်အခဲမရှိပါဘူး။ ပိုးမွှားအန္တရာယ် ကျရောက်ရင်လဲ ဖြေရှင်းဖို့ သင်တန်းတွေပေးထားခဲ့ပါတယ်။ ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ မတ်ပဲသီးနှံကို အများဆုံးစိုက်ပျိုးနိုင်ခဲ့တာဖြစ်ပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

ကန်ကြီးထောင့်မြို့နယ်တွင် မတ်ပဲသီးနှံများ အရည်အသွေးနှင့် အထွက်နှုန်း တိုးတက်စေရေးအတွက် စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲစေရေးနှင့် ရိတ်သိမ်းချိန်လွန်နည်းပညာပေးခြင်းများကို ဆောင်ရွက်ပေးထားကြောင်း သိရသည်။

မတ်ပဲသီးနှံများကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ မတ်ပဲသီးနှံများကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

➤ **စာမျက်နှာ ၄ မှအဆက်**

ကို တွေ့ရသည်။ ထိုသံပေါက်အရ မုံတိုင်ပင်ဆရာတော်သည် သုံးပုံအိတ်ထောင့်ကျမ်းပြုစုပြီးချိန်၌“ဝံသာဘိလင်္ကာရဓဇမဟာဓမ္မရာဇဂုရု အက္ခရာ ၁၆ လုံး တံဆိပ်တော်နှင့်” ဝံသာဘိလင်္ကာရဓဇမဟာဓမ္မရာဇာဓိရာဇဂုရု ၁၉ လုံး အက္ခရာတံဆိပ်တော်တို့ကို ရရှိပြီးဖြစ်ကြောင်း အတပ်သိနိုင်သည်။ ထို့ကြောင့် ဆရာတော်က “တံဆိပ်နှစ်ထပ်၊ တော်နှစ်ထပ်၊ နှစ်ရပ်ဘွဲ့သညာ” ဟူ၍ ရေးခဲ့ခြင်းဖြစ်သည်။ ထိုသို့ဆိုလျှင် သုံးပုံအိတ်ထောင့်ကျမ်းပြီးနှစ်ကို ကြည့်လျှင် ၁၉ လုံးအက္ခရာတံဆိပ်တော် ကို မည်သည့်မင်းကပေးခဲ့ကြောင်း ကွဲပြားစွာသိလာမည်ဖြစ်သည်။

သို့နှင့် သုံးပုံအိတ်ထောင့်ကျမ်းပြီးနိဂုံးကိုကြည့်ရာ အောက်ပါအတိုင်း ကျမ်းပြီးနှစ်ကိုတွေ့ရသည်။

“သက္ကရာဇ် တစ်ထောင်၊ တစ်ရာဆောင်၊ စွန်းမြှောင် ကိုးဆယ့်တစ်ခုမှာ၊
လတပို့တွဲ၊ ထမနဲ၊ စားမြဲပြည့်ကျော်ခါ၊
တစ်ဆယ့်တစ်ရက်၊ ဝမ်းဖြူကြွက်၊ ထိုရက်နေ့ရာဇာ၊
နာရီသုံးချက်၊ ကျော်ကထွက်၊ တီးလျက်နှစ်မောင်းသာ၊
သူရိယာနေ၊ မြောက်ကျွန်းမြေ၊ ထွက်လေနီးလုခါ၊
အချိန်တွင်သာ၊ ဤသည့်စာ၊ ရေးကားပြီး၏ရှင့်”

ထိုနိဂုံးသံပေါက်အရ သုံးပုံအိတ်ထောင့်ကျမ်းကို ၁၁၉၁ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၁ ရက်(၁၈၃၀ ပြည့်နှစ်၊ ဖေဖော်ဝါရီ ၁၈ ရက်)တွင် ရေးသားပြီးကြောင်း သိရသည်။ ၁၁၉၁ ခုနှစ်သည် အင်းဝ၌ ဘကြီးတော်စစ်ကိုင်းမင်းစိုးစံနေချိန်ဖြစ်သည်။ ဘကြီးတော်စစ်ကိုင်းမင်းက ညီတော်သာယာဝတီမင်းကို ထီးနန်းလွှဲအပ်သောနှစ်မှာ ၁၁၉၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်၊ တနင်္ဂနွေနေ့(၁၈၃၇ ခုနှစ် ဧပြီ ၃၀ ရက်)ဖြစ်သည်။ သုံးပုံအိတ်ထောင့်ကျမ်းပြီးချိန်တွင် ဘကြီးတော်စစ်ကိုင်းမင်းလက်ထက်ဖြစ်သည်။ သာယာဝတီမင်းလက်ထက်မဟုတ်ပေ။ ထို့ကြောင့် အက္ခရာ ၁၉ လုံးတံဆိပ်တော်ကိုလည်း ဘကြီးတော်စစ်ကိုင်းမင်းကသာပေးခဲ့သည်ဟု မှတ်ယူနိုင်ပေသည်။

**ပစာယနကျမ်းအထောက်အထား**

မုံတိုင်ပင်ဆရာတော်အား အက္ခရာ ၁၉ လုံးတံဆိပ်တော်ကို ဘကြီးတော်စစ်ကိုင်းမင်းက ဆက်ကပ်ခဲ့ကြောင်းထင်ရှားသည့် အထောက်အထားကျမ်းတစ်စောင် ပစာယနကျမ်းဖြစ်သည်။ ပစာယနကျမ်းသည် မုံတိုင်ပင်ဆရာတော်ရေးသားပြုစုခဲ့ခြင်းဖြစ်ပြီး ဆယ်ကြောင်းရေးပေ၊ က အစ ကီ အဆုံး လေးချက်ရှိသည်။ ထို ပစာယနကျမ်းနိဂုံး၌ “သကြာဇ် ၁၁၉၁ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်နေ့တွင် ရွှေဦးအနေခံတိုက်တော်ရာ တိုက်အုပ်မောင်ပရမက ပဓာယန ကောဝိဓပုဂ္ဂိုလ်ဖြစ်လိုင်းနှင့် ရိုသေစွာ လျှော်တောင်းပံလာသောင့်၊ ဒီပဲ့ယှင်းမြို့အဝင် မုံတိုင်ပင်တိုက်အုပ်ဝံသာဘိလင်္ကာရဓဇမဟာဓမ္မရာဇာဓိရာဇဂုရုဆရာတော်သည်” ဟူ၍ ၁၉ လုံးတံဆိပ်တော်ကို သုံးနှုန်းရေးသားထားသည်။ ထို့ကြောင့် ၁၁၉၁ ခုနှစ်တွင် အက္ခရာ ၁၉ လုံးတံဆိပ်တော်ရပြီး ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

## တပ်မတော်သည်

- တပ်မတော်သည်
  တိုင်းပြည်၏ လက်ရုံး၊
  ပြည်သာယာအေးချမ်းမှု
  ရှေးရှုကာ ရန်ဘယာများ
  စွန့်စားချေမှုန်း။

- တပ်မတော်သည်
  တိုင်းပြည်၏ စည်းရိုး၊
  ပြည်တစ်ခွင် လုံခြုံမှု
  တွေးရှုကာမားမားမတ်မတ်
  စောင့်ကြပ်မကျိုး။

- တပ်မတော်သည်
  တိုင်းပြည်၏ အား၊
  ပြည်ပပြည်တွင်း
  ရန်ခပင်းတွေ ကြုံတိုင်းမှာ
  ပြည့်ချုပ်ခြာမယိုင်လဲ
  ခိုင်မြဲအောင်စွမ်းဆောင်ခြင်း
  ဆောင်ကြဉ်းဝင့်ကြွား။

- တပ်မတော်သည်
  ပြည်သူ၏ ကိုယ်စား၊
  ခေတ်အဆက်ဆက်
  မယွင်းမပျက်အမြဲသာ
  အမျိုးဘာသာ သာသနာအကျိုးကို
  သယ်ပိုးကာထား။ ။

**မနေသစ်(ပခုက္ကူ)**

## နိုင်ငံတကာ သတင်းများ

# ရက် ၃၀ အပစ်အခတ်ရပ်စဲရေး အဆိုပြုချက်ကို ယူကရိန်းနိုင်ငံ လက်ခံ ရုရှားနိုင်ငံနှင့် စေ့စပ်မှုများ ချက်ချင်းပြုလုပ်ရန် သဘောတူခဲ့



**ဂျက်ဒါး မတ် ၁၂**

ယူကရိန်းစစ်ပွဲ ရက် ၃၀ အပစ်အခတ်ရပ်စဲရေး အဆိုပြုချက်ကို ယူကရိန်းနိုင်ငံက လက်ခံခဲ့ပြီး ရုရှားနိုင်ငံနှင့်စေ့စပ်မှုများ ချက်ချင်းပြုလုပ်ရန်လည်း သဘောတူခဲ့ကြောင်း မတ် ၁၁ ရက် သတင်းများတွင်ဖော်ပြထားသည်။

ဆော်ဒီအာရေဗျနိုင်ငံ ဂျက်ဒါးမြို့၌ မတ် ၁၁ ရက်ကကျင်းပခဲ့သည့် အမေရိကန်နှင့် ယူကရိန်းထိပ်တန်းသံတမန်များ ဆွေးနွေးပွဲတွင် ယူကရိန်းစစ်ပွဲ ရက် ၃၀ အပစ်အခတ်ရပ်စဲရေး အဆိုပြုချက်ကို ယူကရိန်းနိုင်ငံက လက်ခံခဲ့ခြင်းဖြစ်သည်။

ယူကရိန်းစစ်ပွဲ ရက် ၃၀ အပစ်အခတ်ရပ်စဲရေး အဆိုပြုချက်မှာ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့် ဦးဆောင်သော အမေရိကန်အစိုးရအဖွဲ့က တင်ပြထားသည့်အဆိုပြုချက်ဖြစ်သည်။

ယူကရိန်းစစ်ပွဲ အပစ်အခတ်ရပ်စဲရေးအဆိုပြုချက်ကို ယူကရိန်းနိုင်ငံက လက်ခံခဲ့ခြင်းကြောင့် ယူကရိန်းသို့ လုံခြုံရေးအကူအညီများကို အမေရိကန်အစိုးရက ပြန်လည်ပေးအပ်ရမည်ဖြစ်သည်။

မိမိတို့အနေဖြင့် အပစ်အခတ်ရပ်စဲရေးအဆင့်သို့ တက်ရောက်နိုင်မည့် အဆိုပြုချက်ကို ယူကရိန်းနိုင်ငံအတွက် အောင်မြင်စွာကမ်းလှမ်းနိုင်ခဲ့ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယိုက မတ် ၁၁ ရက်တွင် ပြောကြားခဲ့သည်။

အမေရိကန်နှင့် ယူကရိန်းနိုင်ငံထိပ်တန်းသံတမန်များ၏ ဂျက်ဒါးမြို့ ဆွေးနွေးပွဲမှာ ကိုးနာရီကြာမြင့်ခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

# အီရန်၊ ရုရှားနှင့် တရုတ်နိုင်ငံတို့ နျူကလီးယားဆွေးနွေးပွဲ ကျင်းပမည်

**ပေကျင်း မတ် ၁၂**

အီရန်နျူကလီးယားပြဿနာများနှင့်ပတ်သက်၍ တရုတ်၊ ရုရှားနှင့် အီရန်တာဝန်ရှိသူများ ပေကျင်းမြို့၌ မတ် ၁၄ ရက်တွင် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ အီရန်နျူကလီးယားဆွေးနွေးပွဲသို့ ရုရှားနှင့် အီရန်ဒုတိယနိုင်ငံခြားရေးဝန်ကြီးများကိုစေလွှတ်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနသတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ယူကရိန်းစစ်ပွဲစတင်ဖြစ်ပွားခဲ့သည့် ၂၀၂၂ ခုနှစ်မှစ၍ အီရန်နှင့် ရုရှားနိုင်ငံတို့၏ ဆက်ဆံရေးမှာ ပို၍ခိုင်မာလာခဲ့သည်။

ပေကျင်းမြို့၌ ကျင်းပမည့် အီရန်နျူကလီးယားဆွေးနွေးပွဲ၌ တရုတ်ဒုတိယနိုင်ငံခြားရေးဝန်ကြီး မာကျောက်ရှုက ဦးဆောင်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများကပြောကြားထားသည်။

အီရန်နိုင်ငံ၏ ယူရေနီယံလောင်စာသန့်စင်မှု လုပ်ငန်းနှင့်ပတ်သက်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီက ယနေ့တွင် တံခါးပိတ်အစည်းအဝေး ကျင်းပခဲ့ပြီးဖြစ်သည်။

၆၀ ရာခိုင်နှုန်းထိ သန့်စင်ထားသော ယူရေနီယံလောင်စာဆီများ ထုတ်လုပ်မှုကို အီရန်နိုင်ငံက မြှင့်တင်နေကြောင်း နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ(အိုင်အေအီးအေ)က ပြောကြားထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ပါကစ္စတန်၌ ခရီးသည်တင်ရထားကို ခွဲထွက်ရေးစစ်သွေးကြွများက ပြန်ပေးဆွဲ

**အစ္စလာမ္မာဘတ် မတ် ၁၂**



ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း ဘလူချီစတန်ပြည်နယ်၌ ခွဲထွက်ရေးဝါဒီစစ်သွေးကြွများက ခရီးသည်တင်ရထားတစ်စီးကို စီနင်း၍ ခရီးသည်ဦးရေ ၃၀၀ ခန့်ကို ဓားစာခံအဖြစ် ယနေ့တွင်ဖမ်းဆီးခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ပါကစ္စတန်တပ်ဖွဲ့ဝင်များနှင့် ရထားပေါ်ရှိ စစ်သွေးကြွများကြား တိုက်ပွဲများဖြစ်ပွားနေဆဲဖြစ်သည်။

တစ်ချိန်တည်းမှာပင် ပါကစ္စတန် တပ်ဖွဲ့ဝင်များက ဓားစာခံများအဖြစ်ဖမ်းဆီးခံထားရသည့် ခရီးသည်များအနက် ဦးရေ ၁၅၀ ကျော်ကို ကယ်တင်ထားနိုင်ကြောင်း တာဝန်ရှိသူများက ပြောကြားထားကြောင်း သိရသည်။

ထို့ပြင် ပါကစ္စတန်တပ်ဖွဲ့ဝင်များသည် ရထားကိုစီးနင်းထားသည့် ဘလူချီစတန်ပြည်နယ်ခွဲထွက်ရေးဝါဒီ စစ်သွေးကြွ ၂၇ ဦးကို ရှင်းလင်းနိုင်ခဲ့ကြောင်း သိရသည်။

ဘလူချီစတန်ခွဲထွက်ရေးဝါဒီစစ်သွေးကြွများသည် ယခင်က ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အရပ်သားများကို ပစ်မှတ်ထား၍ တိုက်ခိုက်လေ့ရှိသော်လည်း ခရီးသည်တင်ရထား ပြန်ပေးဆွဲမှုကို ပထမဆုံးအကြိမ်အဖြစ် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ရထားကို ပြန်ပေးဆွဲခဲ့သည့် စစ်သွေးကြွများထဲတွင် အသေခံဗုံးခွဲသမားများပါဝင်နေမှုကြောင့် ခရီးသည်များကို ကယ်တင်ရေးမှာ အခက်အခဲရှိကြောင်း ပါကစ္စတန်လုံခြုံရေးတာဝန်ရှိသူများပြောကြားထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ဆိုမာလီယာအလယ်ပိုင်းရှိ ဟိုတယ်တစ်လုံးကို အယ်လ်ရှာဘတ်အုပ်စုဝင်များ တိုက်ခိုက်

**မိုဂါဒစ်ရှူး မတ် ၁၂**

ဆိုမာလီယာအလယ်ပိုင်း မြို့တစ်မြို့ရှိ ဟိုတယ်တစ်လုံးကို အယ်လ်ရှာဘတ် အုပ်စုဝင်သေနတ်သမားများက မတ် ၁၁ ရက်တွင် တိုက်ခိုက်ခဲ့ရာ အနည်းဆုံး လူခုနစ်ဦး သေဆုံးခဲ့ရကြောင်း သိရသည်။

အဆိုပါတိုက်ခိုက်မှုသည် ဘီလက်ပ်ဝိန်းအမည်ရှိမြို့၏ ဟိုတယ်၌ ဖြစ်ပွားခဲ့ရခြင်းဖြစ်ကြောင်း ဆိုမာလီယာတာဝန်ရှိသူများက ပြောကြားထားသည်။

၎င်းဟိုတယ်အတွင်း ဒေသန္တရခေါင်းဆောင်များနှင့် အစိုးရတာဝန်ရှိသူများကြား ဆွေးနွေးပွဲကျင်းပနေစဉ် အယ်လ်ရှာဘတ်အုပ်စုကဝင်ရောက်၍ တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

အယ်လ်ရှာဘတ် သေနတ်သမားများသည် ဟိုတယ်အတွင်းသို့ မဝင်ရောက်မီ အဝင်တံခါးဝကို ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရသည်။

အယ်လ်ရှာဘတ်အုပ်စုသည် အယ်လ်ခိုင်ဒါ အကြမ်းဖက်အုပ်စု၏ သြဇာခံ စစ်သွေးကြွအုပ်စုတစ်စုဖြစ်ပြီး ဆိုမာလီယာနိုင်ငံကို ရှာရီယာ အစ္စလာမ္မစ်ဥပဒေများ ကျင့်သုံးမည့် ဘာသာရေးနိုင်ငံအဖြစ် ပြောင်းလဲရန် ကြိုးပမ်းနေသည့် အဖွဲ့အစည်းဖြစ်သည်။

အယ်လ်ရှာဘတ်အုပ်စုနှင့် ဆိုမာလီယာလုံခြုံရေးတပ်ဖွဲ့ဝင်များ တိုက်ပွဲကြောင့် ဟိုတယ်မှာလည်း တစ်စိတ်တစ်ပိုင်း မီးလောင်ခဲ့ရကြောင်း သိရသည်။

Ref : RT

Trs : KKO



# သမ္မတယွန်းဆွတ်ယိုးအမှု စီရင်ချက်မချမီ ဖွဲ့စည်းပုံတရားရုံး၏ အထက်ကောင်းကင်ယံ၌ မောင်းသူမဲ့လေယာဉ်ပျံသန်းမှုကို ပိတ်ပင်

**ဆိုးလ် မတ် ၁၂**

သမ္မတယွန်းဆွတ်ယိုးအပေါ် လွှတ်တော်က စွပ်စွဲပြစ်တင်မှုနှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံးက စီရင်ချက်မချမီ ဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံး၏အထက်ကောင်းကင်ယံ၌ မောင်းသူမဲ့လေယာဉ်ပျံသန်းမှုကို တောင်ကိုရီးယားနိုင်ငံက ပိတ်ပင်ထားကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံး၏ အထက်ကောင်းကင်ယံ၌ မောင်းသူမဲ့လေယာဉ်များ ပျံသန်းမှုပိတ်ပင်ချက်သည် မတ် ၁၃ ရက်မှ ၁၉ ရက်ထိ အာဏာသက်ဝင်မည်ဖြစ်ကြောင်း တာဝန်ရှိသူများက ယနေ့တွင် ပြောကြားထားသည်။

တောင်ကိုရီးယား ဖွဲ့စည်းပုံအခြေခံဥပဒေ တရားရုံးသည် သမ္မတ ယွန်းဆွတ်ယိုးအပေါ် စွပ်စွဲပြစ်တင်မှုကို လာမည့်ရက်များအတွင်း စီရင်ချက်ချနိုင်ကြောင်း သိရသည်။

သို့ရာတွင် လက်ရှိအချိန်ထိ စီရင်ချက်ချမည့်နေ့ကို တောင်ကိုရီးယား ဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံးက သတင်းထုတ်ပြန်ထားခြင်းမရှိကြောင်း သိရသည်။

သမ္မတယွန်းဆွတ်ယိုးကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃ ရက်က စစ်အုပ်ချုပ်ရေးဥပဒေကြေညာပြဋ္ဌာန်းရန် ကြိုးစားမှုဖြင့် တောင်ကိုရီးယားအမျိုးသားလွှတ်တော်က စွပ်စွဲထားခြင်းဖြစ်သည်။

တောင်ကိုရီးယား ဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံးအနေဖြင့် သမ္မတယွန်းဆွတ်ယိုးကို သမ္မတအဖြစ် ဆက်ထားရန် သင့် မသင့်ကို ဆုံးဖြတ်ရမည်ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## တရုတ်အမျိုးသားအာကာသအေဂျင်စီက ချိအန်ဖန်းအင်တာနက် ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်အတွက် ဂြိုဟ်တုသစ် ၁၈ စင်း လွှတ်တင်ခဲ့



ပေကျင်း မတ် ၁၂

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် ၎င်းတည်ဆောက်နေသည့် ချိအန်ဖန်းအမည်ရှိ အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်အတွက် ဂြိုဟ်တုသစ် ၁၈ စင်းကို မတ် ၁၁ ရက်က လွှတ်တင်ခဲ့ကြောင်း သိရသည်။

အဆိုပါချိအန်ဖန်းဂြိုဟ်တုသစ် ၁၈ စင်းကို လောင်းမတ်ချ်-၈ ဒုံးပျံဖြင့် ဟိုင်နန်ကျွန်းရှိ ဂြိုဟ်တုလွှတ်တင်ရေးစခန်းသစ်မှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး တစ်နာရီခန့်အကြာတွင် လောင်းမတ်ချ်-၈ ဒုံးပျံသည် ချိအန်ဖန်းဂြိုဟ်တု ၁၈ စင်းကို သက်ဆိုင်ရာပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း တရုတ်အမျိုးသားအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် ချိအန်ဖန်းအင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်ကို ဂြိုဟ်တုအစင်း ၁၄၀၀၀ ဖြင့် တည်ဆောက်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

မတ် ၁၁ ရက် မစ်ရှင်တွင် တရုတ်အမျိုးသားအာကာသအေဂျင်စီသည် လောင်းမတ်ချ်-၈ ဒုံးပျံကို ချိအန်ဖန်းဂြိုဟ်တုကွန်ရက်အတွက် ပထမဆုံးအကြိမ် အသုံးပြုခဲ့ခြင်းဖြစ်ကြောင်း၊ ယခင်က ချိအန်ဖန်းဂြိုဟ်တုများကို လွှတ်တင်ရာတွင် တရုတ်အမျိုးသားအာကာသအေဂျင်စီသည် လောင်းမတ်ချ်-၆ အေဒုံးပျံများကို အသုံးပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## MAPP လမျက်နှာပြင်လေ့လာရေးယာဉ်ငယ်က အဖိုးတန်သည့်သတင်းအချက်အလက်များ ပြန်ပို့ပေးနိုင်ခဲ့

ဝါရှင်တန် မတ် ၁၂

အမေရိကန်နိုင်ငံ အခြေစိုက် Intuitive Machines ကုမ္ပဏီ၏ အသီနာ လဆင်းယာဉ်သည် လမျက်နှာပြင်ပေါ်သို့ တစ်ခြမ်းစောင်းလဲကျခဲ့သော်လည်း ၎င်းသယ်ဆောင်ထားသည့် MAPP အမည်ရှိ လမျက်နှာပြင်လေ့လာရေးယာဉ်ငယ်ကမူ အဖိုးတန်သည့် သတင်းအချက်အလက်များ ပြန်ပို့ပေးနိုင်ခဲ့ကြောင်း မတ် ၁၁ ရက် သတင်းများအရ သိရသည်။

အသီနာလဆင်းယာဉ်၏ MAPP လမျက်နှာပြင်လေ့လာရေးယာဉ်ငယ်သည် ထွက်ခွာရန်အသင့်အနေအထားတွင် ရှိသော်လည်း အသီနာလဆင်းယာဉ် တစ်ခြမ်းစောင်းလဲကျနေမှုကြောင့် ထွက်ခွင့်မသာဖြစ်နေကြောင်း Intuitive Machines ကုမ္ပဏီ တာဝန်ရှိသူများက ပြောကြားသည်။

အသီနာလဆင်းယာဉ်၏ မစ်ရှင်မှာ ပျက်စီးခဲ့သော်လည်း



MAPP လမျက်နှာပြင်လေ့လာရေးယာဉ်မှာ အကောင်းပကတိရှိနေဆဲဖြစ်ကြောင်း သိရသည်။

အသီနာလဆင်းယာဉ်သည် မတ် ၆ ရက်က လကမ္ဘာတောင်ဝင်ရိုးစွန်းဒေသအနီး ဆင်းသက်ခဲ့ရာ ဆင်းသက်မှု အောင်မြင်ခဲ့သော်လည်း လဆင်းယာဉ်မှာ တစ်ခြမ်းစောင်းလဲကျခဲ့သည်။

အသီနာလဆင်းယာဉ်သည် Intuitive Machines ကုမ္ပဏီ၏ ဒုတိယမြောက် လဆင်းယာဉ်ဖြစ်ပြီး ဇန်နဝါရီ ၁၆ ရက်တွင် Space-X ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

Intuitive Machines ကုမ္ပဏီ၏ ပထမဆုံးလဆင်းယာဉ်ဖြစ်သော Odysseus လဆင်းယာဉ်သည်လည်း လမျက်နှာပြင်ပေါ်သို့ တစ်ခြမ်းစောင်း လဲကျခဲ့ဖူးကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## စနေဂြိုဟ်ကိုလှည့်ပတ်နေသည့် ဂြိုဟ်ရံလသစ် ၁၂၈ စင်းကို သိပ္ပံပညာရှင်များ ထပ်မံရှာဖွေတွေ့ရှိထား

တိုင်ပေ မတ် ၁၂

စနေဂြိုဟ်ကို လှည့်ပတ်နေသည့် ဂြိုဟ်ရံလသစ် ၁၂၈ စင်းကို သိပ္ပံပညာရှင်များက ထပ်မံရှာဖွေတွေ့ရှိထားကြောင်း မတ် ၁၁ ရက် သတင်းများအရ သိရသည်။

အသစ်ထပ်မံတွေ့ရှိခဲ့ရသည့် အထက်ပါ ဂြိုဟ်ရံလသစ်များကြောင့် စနေဂြိုဟ်ပိုင်ဆိုင်ထားသည့် ဂြိုဟ်ရံလအရေအတွက်မှာ ၂၇၄ စင်းထိရှိလာခဲ့ပြီး နေအဖွဲ့အစည်း၏ ဂြိုဟ်ရံလအများဆုံး ဂြိုဟ်အဖြစ် မှတ်တမ်းဝင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

စနေဂြိုဟ် လက်ရှိပိုင်ဆိုင်ထားသော ဂြိုဟ်ရံလအရေအတွက်မှာ နေအဖွဲ့အစည်းအတွင်းရှိ ကျန်ဂြိုဟ်အားလုံး ပိုင်ဆိုင်ထားသည့် ဂြိုဟ်ရံလ အရေအတွက်ထက် နှစ်ဆခန့် ပိုမိုများပြားကြောင်း တရုတ်(တိုင်ပေ)သိပ္ပံပညာရှင်များက ပြောကြားသည်။

သိပ္ပံပညာရှင်များ ထပ်မံတွေ့ရှိထားသည့် စနေဂြိုဟ် ဂြိုဟ်ရံလသစ် ၁၂၈ စင်းကို နိုင်ငံတကာနက္ခတ္တဗေဒသမဂ္ဂက တရားဝင်အတည်ပြုပေးထားပြီး နောက်ပိုင်းတွင် နာမည်များရွေးချယ်ပေးမည်ဖြစ်ကြောင်း သိရသည်။

ထပ်မံတွေ့ရှိထားသည့် စနေဂြိုဟ် ဂြိုဟ်ရံလ ၁၂၈ စင်းလုံးမှာ အရွယ်အစားအားဖြင့် အချင်း ကီလိုမီတာ အနည်းငယ်မျှရှိသည့် အလုံးပုံသဏ္ဌာန် ဂြိုဟ်ရံလများဖြစ်ကြကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

စနေဂြိုဟ်ပြီးလျှင် ဂြိုဟ်ရံလအများဆုံး နေအဖွဲ့အစည်းဝင်ဂြိုဟ်မှာ ကြာသပတေးဂြိုဟ်ဖြစ်ပြီး ဂြိုဟ်ရံလ ၉၅ စင်းထိ ပိုင်ဆိုင်ထားကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

Ref : Russia Today

Trs : KKO

# HEALTH

## တစ်ရက်လျှင် အက်စပရင်ဆေးတစ်လုံး သောက်ခြင်းဖြင့် ကင်ဆာဆဲလ်များ ပျံ့နှံ့မှုကို ထိန်းထားနိုင်ဖွယ်ရှိ

လန်ဒန် မတ် ၁၂

တစ်ရက်လျှင် အက်စပရင်သွေးကျဲဆေးတစ်လုံး သောက်သုံးခြင်းဖြင့် ကင်ဆာဆဲလ်များပျံ့နှံ့မှုကို ထိန်းထားနိုင်ဖွယ်ရှိကြောင်း မတ် ၁၁ ရက် သတင်းများအရ သိရသည်။

ဗြိတိန်နိုင်ငံ ကိန်းဘရစ်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အက်စပရင်ဆေးသည် Thromboxane A2(TXA2) ခေါ် မော်လီကျူးတစ်မျိုးကို ဖိနှိပ်ပေးခြင်းဖြင့် ကင်ဆာဆဲလ်များပျံ့နှံ့မှုကို ထိန်းပေးထားနိုင်ကြောင်း သိရသည်။

TXA2 မော်လီကျူးများသည် သွေးကြောများအတွင်း သွေးခဲမှုပေါ်ထွက်မှုကို အားပေးတတ်သကဲ့သို့ ကင်ဆာဆဲလ်များကို ဖျက်ဆီးတတ်သည့် ခုခံအားစနစ်ဆဲလ်တစ်မျိုးဖြစ်သော တီဆဲလ်များကိုဖိနှိပ်တတ်ကြောင်း ဗြိတိန်သုတေသန ပညာရှင်များက ပြောကြားသည်။

သို့ဖြစ်ရာ အက်စပရင်ဆေးများသည် TXA2 မော်လီကျူးများ ပေါ်ထွက်လာမှုကို တားဆီးပေးခြင်းဖြင့် ကင်ဆာဆဲလ်များပျံ့နှံ့မှုကို ထိန်းချုပ်ရာတွင် အထောက်အကူပြုသည်ဟု ဗြိတိန်သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

ဗြိတိန်သုတေသနပညာရှင်များသည် ဓာတ်ခွဲခန်းသုံးကြွက်များကို အက်စပရင်ဆေးဖြင့် လက်တွေ့စမ်းသပ်မှုများပြုလုပ်ခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## Dementia လူနာ၏ စိတ်ကျန်းမာရေးကို ဂီတကုထုံးများဖြင့် မြှင့်တင်ပေးနိုင်

အမ်စတာဒမ် မတ် ၁၂

ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ(Dementia) လူနာ၏ စိတ်ကျန်းမာရေးအခြေအနေကို ဂီတကုထုံးများဖြင့် မြှင့်တင်ပေးနိုင်ကြောင်း သုတေသနပညာရှင်များက မတ် ၁၁ ရက်တွင် ပြောကြားသည်။

ဂီတအခြေခံကုထုံးများသည် Dementia ရောဂါလူနာများ၏ စိတ်ကျဝေဒနာ လက္ခဏာများကို လျှော့ချပေးနိုင်ကြောင်း နယ်သာလန်နိုင်ငံ လီဒန်တက္ကသိုလ်မှ သုတေသန ပညာရှင်များက ပြောကြားသည်။

ထို့ပြင် ဂီတအခြေခံကုထုံးများသည် Dementia လူနာများ၏ အပြုအမူပိုင်းဆိုင်ရာ ပြဿနာများကိုလည်း လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း နယ်သာလန်သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

နယ်သာလန်သုတေသနပညာရှင်များသည် Dementia လူနာဦးရေ ၁၇၀၀ ကျော်ပါဝင်သော လေ့လာချက်ပေါင်း ၃၀ တို့မှ ရရှိသည့် အချက်အလက်များကို လေ့လာစိစစ်ခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ ပုံမှန်ကုသစောင့်ရှောက်မှုများအပြင် ဂီတကုထုံးကိုပါ တွဲဖက်ပေးပါက Dementia လူနာများ၏ စိတ်ကျဝေဒနာလက္ခဏာများ လျော့ပါးသွားနိုင်ကြောင်း နယ်သာလန် သုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Russia Today

Trs : KKO






## ဘောလုံးရာသီတစ်ခုအတွင်း ချန်ပီယံလိဂ်သွင်းဂိုး ၁၀ ဂိုးသွင်းယူနိုင်သည့် ပထမဆုံး အင်္ဂလန် ကစားသမားအဖြစ် ဟယ်ရီကိန်းစံချိန်သစ်တင်

**လန်ဒန် မတ် ၁၂**

တိုက်စစ်မှူး ဟယ်ရီကိန်းသည် လေဗာကူဆင်အသင်းနှင့် ကစားခဲ့သည့် ချန်ပီယံလိဂ် ၁၆ သင်းရှုံးထွက် ဒုတိယအကျော့ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုး တစ်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် ဘောလုံးရာသီ တစ်ခုအတွင်း ချန်ပီယံလိဂ်ပြိုင်ပွဲတွင် သွင်းဂိုး ၁၀ ဂိုးထိ ရရှိခဲ့သည့် ပထမဆုံး အင်္ဂလန်ကစားသမားအဖြစ် စံချိန်သစ်တင်ခဲ့သည်။

ဘောလုံးရာသီ တစ်ခုအတွင်း ချန်ပီယံလိဂ်သွင်းဂိုး အများဆုံး သွင်းယူနိုင်သည့် အင်္ဂလန်ကစားသမားများမှာ ၁၉၆၄-၁၉၆၅ ဘောလုံးရာသီတွင် လီဗာပူးအသင်း ကစားသမားဟောင်း ရော်ဂျာဟန့်က သွင်းဂိုး ခုနစ်ဂိုး၊ ၂၀၀၈-၂၀၀၉ ဘောလုံးရာသီတွင် စတီဗင်ဂျာရတ်က သွင်းဂိုးခုနစ်ဂိုး သွင်းယူ၍ အများဆုံးကစားသမားများအဖြစ် ရပ်တည်နေသော်လည်း ယခုနှစ် ဘောလုံးရာသီတွင် ဟယ်ရီကိန်းက ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ၁၆ သင်းအဆင့်တွင် သွင်းဂိုး ၁၀ ဂိုး သွင်းယူနိုင်ခဲ့သောကြောင့် စံချိန်သစ်တင်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အင်္ဂလန်ကစားသမားများထဲတွင် ဘောလုံးရာသီတစ်ခုအတွင်း ချန်ပီယံလိဂ်သွင်းဂိုး ခြောက်ဂိုးအထက် သွင်းယူနိုင်သည့် ကစားသမားများအဖြစ် ဟယ်ရီကိန်းနှင့် ဂျာရတ်တို့သာရှိခဲ့ပြီး အခြားအင်္ဂလန်ကစားသမားများဖြစ်သည့် လီဘောင်ယာ၊ ပေါလ်စခိုး၊ အလန်ရှီးယား၊ စတားလင်း၊ ရက်ရှ်ဖို့ဒ်တို့မှာ သွင်းဂိုးခြောက်ဂိုးသာ အများဆုံးသွင်းယူနိုင်ခဲ့သည်။

တိုက်စစ်မှူး ဟယ်ရီကိန်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် သွင်းဂိုး ၁၆ ဂိုးနှင့် ဂိုးဖန်တီးမှု ၃၆ ကြိမ်ထိ ပြုလုပ်ထားသည့် ဒေးဗစ်ဘက်ခမ်းနောက်တွင် ဂိုးပါဝင်ပတ်သက်မှု ၅၀ ထိရှိခဲ့သည့် ဒုတိယမြောက် ကစားသမားများဖြစ်လာခဲ့ပြီး ၎င်းက လက်ရှိအချိန်ထိ ချန်ပီယံလိဂ်ပြိုင်ပွဲတွင် သွင်းဂိုး ၃၉ ဂိုးနှင့် ဂိုးဖန်တီးမှု ၁၁ ကြိမ်ထိ ပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

**Ref : Sky sports**
**Trs : ML**



### အားကစားသတင်းအတိုအထွာများ

- မန်ယူအသင်းဆရာဝန် အိုဒရစ်ကိုလ်သည် အသင်းနှင့် လက်တွဲခဲ့သည့် ၁၈ လတာကာလအတွင်း ဒဏ်ရာရကစားသမား မြင့်တက်လာမှုကို လျှော့ချနိုင်ခြင်းမရှိသဖြင့် ရာထူးမှ နုတ်ထွက်ခဲ့ကြောင်း သိရသည်။
- ဖီနာဘာချီအသင်းနည်းပြ မော်ရင်ဟိုသည် ဂါလာတာစာရေးအသင်းနှင့်ပွဲစဉ်မှ ဖြစ်ရပ်ကို ဝေဖန်မှုပြုလုပ်ခဲ့သဖြင့် လေးပွဲပယ်ပြစ်ဒဏ် ကျခံရသော်လည်း တူကီယဲဘောလုံးအဖွဲ့ချုပ်က နှစ်ပွဲလျှော့ပြစ်ဒဏ်ချမှတ်ခဲ့ပြီးနောက် သတင်းထောက်များနှင့်တွေ့ဆုံစဉ် ထပ်မံဝေဖန်မှုများပြုလုပ်ခဲ့သဖြင့် အရေးယူခံရမည်ဖြစ်ကြောင်း သိရသည်။
- လီဗာပူးအသင်းက တိုက်စစ်မှူး နူနက်နေရာတွင် အစားထိုးနိုင်မည့် တိုက်စစ်မှူးအစ်ဆက်ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၂၆ သန်းထိ ပေးချေခေါ်ယူရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

ML

## ပီအက်စ်ဂျီအသင်းက လီဗာပူးအသင်းကို ပင်နယ်တီဖြင့် အနိုင်ယူ၍ ချန်ပီယံလိဂ် ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်



**လန်ဒန် မတ် ၁၂**

ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပွဲစဉ်အဖြစ် လီဗာပူးအသင်းနှင့် ပီအက်စ်ဂျီအသင်းတို့ ကစားခဲ့ရာ နှစ်ကျော့ပေါင်းရလဒ် တူညီနေသောကြောင့် ပင်နယ်တီအဆုံးအဖြတ် ခံယူခဲ့ရာတွင် ပီအက်စ်ဂျီအသင်းက လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် လီဗာပူးအသင်းသည် ပထမအကျော့က ပီအက်စ်ဂျီအသင်းကို အဝေးကွင်း၌ တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သဖြင့် ယခုပွဲစဉ်တွင် သရေရလဒ်ကစားနိုင်ပါက နောက်တစ်ဆင့်တက်ရောက်မည့် အားသာချက်ရှိနေသော်လည်း ပွဲစကတည်းက ပီအက်စ်ဂျီအသင်းက တိုက်စစ်မြှင့်ကစားလာမှုကြောင့် ပြိုင်ဘက်ကို ထိန်းချုပ်ရန်ခက်ခဲခဲ့ကာ ပွဲကစားချိန် ၁၂ မိနစ်အရောက်တွင် ဒမ်ဘီလီက ပီအက်စ်ဂျီအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူပေးနိုင်ခဲ့ပြီး ပထမပိုင်းကို တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းတွင် လီဗာပူးအသင်းက တန်ပြန်တိုက်စစ်မှ ပြန်လည် ဖိအားပေးနိုင်ခဲ့သော်လည်း ပီအက်စ်ဂျီအသင်းက အကောင်းဆုံး တားဆီးနိုင်ခဲ့ပြီး အပြန်အလှန် ဖိအားပေးမှုများ ပြုလုပ်ခဲ့ရာ ဂိုးသမားအယ်လစ်ဆန် လက်စွမ်းပြသနိုင်မှုကြောင့် ဒုတိယသွင်းဂိုး ရယူနိုင်ခြင်း မရှိခဲ့ဘဲ တစ်ဂိုး ဂိုးမရှိဖြင့်သာ ပွဲပြီးဆုံးခဲ့ပြီး နှစ်ကျော့ပေါင်းရလဒ် တစ်ဂိုးစီ ထွက်ပေါ်နေသဖြင့် အချိန်ပို ဆက်လက်ကစားခဲ့ရသည်။

အချိန်ပိုတွင်လည်း နှစ်သင်းစလုံးက ထိန်းချုပ်ကစားနေမှုကြောင့် တစ်ဖက်နှင့်တစ်ဖက် ဂိုးသွင်းယူနိုင်ခြင်းမရှိဘဲ ပင်နယ်တီအဆုံးအဖြတ် ခံယူခဲ့ရပြီး ပင်နယ်တီတွင် ပီအက်စ်ဂျီအသင်းက လေးကြိမ်ကန်သွင်းခဲ့ရာ လေးကြိမ်စလုံး ဂိုးရခဲ့သော်လည်း လီဗာပူးအသင်းက တစ်ကြိမ်သာ ဂိုးအဖြစ်ပြောင်းလဲနိုင်ခဲ့သဖြင့် လေးဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Fotmob**
**Trs : ML**

## Indian Wells တင်းနစ်ပြိုင်ပွဲ ကာကွာတားဖိုင်နယ်သို့ မျက်ဒဗျက် တက်ရောက်

**ဖလော်ရီဒါ မတ် ၁၁**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် အင်ဒီးယန်းဝဲလ်စ်မြို့တွင် ကျင်းပနေသည့် Indian Wells တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်တွင် ရုရှားတင်းနစ်ကစားသမား မျက်ဒဗျက်နှင့် အမေရိကန်တင်းနစ်ကစားသမား တွမ်မီပေါလ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ မျက်ဒဗျက်က (၆-၄၊ ၆-၀) ရလဒ်ဖြင့် အနိုင်ရရှိခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။



မျက်ဒဗျက်သည် တွမ်မီပေါလ်အား ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ ရောက်ရှိသွားခဲ့သည်။

တွမ်မီပေါလ်နှင့် ယှဉ်ပြိုင်ကစားရေးအတွက် အကောင်းဆုံး ပြင်ဆင်ထားခဲ့ပြီး ပြင်ဆင်ထားသည့်အတိုင်း ကစားနိုင်ခဲ့၍ ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။

မျက်ဒဗျက်က “တွမ်မီနဲ့ ပွဲစဉ်အတွက် ကြိုတင်ပြင်ဆင်မှုတွေပြုလုပ်ခဲ့ရတယ်။ ကြိုတင်ပြင်ဆင်မှုတွေလုပ်ရတာ မလွယ်ပါဘူး။ တွမ်မီလည်း ဒီပွဲစဉ်အတွက် အများကြီး ပြင်ဆင်ခဲ့ပုံပါပဲ။ ပွဲကစားနေစဉ်အတွင်း မိုးရွာသွန်းမှုရှိခဲ့တဲ့အတွက်ကြောင့် နှစ်ယောက်စလုံးအတွက် ကစားရတာခက်ခဲခဲ့ပါတယ်။ ဒီပွဲစဉ်မှာ ကျွန်တော့်အနေနဲ့ အကောင်းဆုံး ကစားနိုင်ခဲ့ပါတယ်။ ရလဒ်ကလည်း ပြတ်သားခဲ့တဲ့အတွက်ကြောင့် ပြိုင်ပွဲရလဒ်နဲ့ပတ်သက်ပြီး အားရကျေနပ်မိပါတယ်။ အထူးသဖြင့် တွမ်မီနဲ့ပွဲစဉ်မှာကစားနိုင်ခဲ့တဲ့စွမ်းဆောင်ရည်ဟာ ကျွန်တော်လိုချင်တဲ့ စွမ်းဆောင်မှုမျိုး ဖြစ်ပါတယ်။ ဒီစွမ်းဆောင်ရည်ကို ထိန်းသိမ်းနိုင်မယ်လို့ မျှော်လင့်ပါတယ်”ဟု ပြောကြားခဲ့သည်။

မျက်ဒဗျက်သည် ကွာတားဖိုင်နယ်အဆင့်တွင် ပြင်သစ်တင်းနစ်ကစားသမား အာသာဖီလ်နှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်ပြီး အာသာဖီလ်က စတုတ္ထအဆင့်တွင် အမေရိကန်တင်းနစ်ကစားသမား ဂီရွန်နှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး (၆-၂၊ ၂-၆၊ ၆-၃) ရလဒ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

**Ref : RT**
**Trs : AZL**

## ဒဏ်ရာမှ ပြန်လည်သက်သာလာခဲ့သည့် မေဆင်မောင့် မန်ယူအသင်းနှင့် ပြန်လည်ပူးပေါင်းမည်

**မန်ချက်စတာ မတ် ၁၂**

မန်ယူအသင်း ကွင်းလယ်ကစားသမား မေဆင်မောင့်သည် ကြွက်သားဒဏ်ရာကြောင့် အနားယူနေခဲ့ရာမှ ပြန်လည်သက်သာလာပြီဖြစ်သည့်အတွက် မကြာမီ အသင်းနှင့် ပြန်လည်ပူးပေါင်းကာ လေ့ကျင့်မှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

အသက် ၂၆ နှစ်ရှိ မေဆင်မောင့်သည် ပြီးခဲ့သည့် ၂၀၂၃ ခုနှစ် နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလက ချဲလ်ဆီးအသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး ပြီးခဲ့သည့်ဘောလုံးရာသီက အသင်းနှင့်အတူ ပထမဆုံး ဘောလုံးရာသီတွင် ဒဏ်ရာပြဿနာများကြောင့် မကြာခဏ အနားယူနေခဲ့ရသည့်အတွက် ပွဲစဉ်အနည်းငယ်သာ ပါဝင်ကစားနိုင်ခဲ့သည်။

အလားတူ မေဆင်မောင့်သည် ယခုနှစ်ဘောလုံးရာသီတွင်လည်း မကြာခဏ ဒဏ်ရာပြဿနာများနှင့် ရုန်းကန်နေရပြီး ပြီးခဲ့သည့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်က မန်ချက်စတာဒါဘီ ပွဲစဉ်အဖြစ် ကစားခဲ့သည့် မန်စီးတီးအသင်းနှင့် မန်ယူအသင်းတို့ပွဲစဉ်ကို နောက်ဆုံးပါဝင်ကစားခဲ့ပြီးနောက် ကြွက်သားဒဏ်ရာ ရရှိခဲ့သည့်အတွက် အနားယူနေခဲ့ရသူဖြစ်သည်။

လက်ရှိတွင် မေဆင်မောင့်သည် ဒဏ်ရာမှ ပြန်လည်ကောင်းမွန်လာခဲ့သည့်အတွက် လာမည့်ရက်ပိုင်းအတွင်း အသင်းနှင့် ပြန်လည်ပူးပေါင်းကာ လေ့ကျင့်ခန်းများ လုပ်ဆောင်သွားမည်ဖြစ်ပြီး ဆိုစီဒက်အသင်းနှင့်ကစားမည့် ယူရိုပါလိဂ်ပွဲစဉ်တွင်ပါဝင်နိုင်မည် မဟုတ်သော်လည်း လက်စတာအသင်းနှင့်ကစားမည့် ပွဲစဉ်တွင် ပြန်လည်ကစားသွားဖွယ်ရှိသည်။

မေဆင်မောင့်သည် ယခုနှစ် ဘောလုံးရာသီတွင် ဒဏ်ရာပြဿနာများကြောင့် အနားယူနေခဲ့ရသည့်အတွက် ပြိုင်ပွဲစုံ ၁၃ ပွဲသာ ပါဝင်ကစားနိုင်ခဲ့ပြီး သွင်းဂိုးနှင့် ဂိုးဖန်တီးမှု မလုပ်ဆောင်နိုင်သေးကြောင်း သိရသည်။

**Ref : Fabrizio Romano**
**Trs : STA**

# မြန်မာဖူဆယ်လိဂ်-၂ ပွဲစဉ်(၁၉)တွင် TG United အသင်း နိုင်ပွဲရရှိပြီး အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်



ရန်ကုန် မတ် ၁၂

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာ ဖူဆယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၁၉)ပွဲစဉ်များကို ယနေ့နံနက် ၈ နာရီခွဲမှစတင်ပြီး ရန်ကုန်မြို့ MFF Futsal Stadium တွင် ကျင်းပခဲ့ရာ TG United အသင်း နိုင်ပွဲရရှိခဲ့ပြီး အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နိုင်ခဲ့ကြောင်း သိရသည်။

မြန်မာဖူဆယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၁၉) ပွဲစဉ်များအဖြစ် ယနေ့ နံနက် ၈ နာရီခွဲက 7 Dragon FC အသင်းနှင့် Maryar FC အသင်းတို့ ကစားခဲ့ရာ 7 Dragon FC အသင်းက လေးဂိုး နှစ်ဂိုးဖြင့်လည်းကောင်း၊ နံနက် ၁၀ နာရီက 7 Brother FC အသင်းနှင့် YCDC Marga Youth FC အသင်းတို့ကစားခဲ့ရာ7 Brother FC အသင်းက ငါးဂိုး တစ်ဂိုးဖြင့် လည်းကောင်း၊ နံနက် ၁၁ နာရီခွဲက Gold Dream FC အသင်းနှင့်JZ Young FC အသင်းတို့ ကစားခဲ့ရာ Gold Dream FC အသင်းက ခုနစ်ဂိုး နှစ်ဂိုးဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့ကြသည်။

ဆက်လက်ပြီး မွန်းလွဲ ၁ နာရီက Shwe Pyi Thar United အသင်းနှင့် Let Wel Thone Nara FC အသင်းတို့ ကစားခဲ့ရာ ShwePyi Thar United အသင်းက ခြောက်ဂိုး လေးဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး မွန်းလွဲ ၂ နာရီခွဲက Pacific Sun Far FC အသင်းနှင့် Black Cross FC အသင်းတို့ကစားခဲ့ရာ သုံးဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့ကာ ညနေ ၄ နာရီက TG United အသင်းနှင့် KKY FC အသင်းတို့ကစားခဲ့ရာ TG United အသင်းက ခြောက်ဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာဖူဆယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၁၉)အပြီးတွင် TG United အသင်းက ၁၅ ပွဲနိုင် နှစ်ပွဲသရေ နှစ်ပွဲရှုံး ရမှတ် ၄၇ မှတ်ဖြင့် အမှတ်ပေးဇယားကို ဆက်လက် ဦးဆောင်လျက်ရှိကြောင်း သိရသည်။

STA

# ပီအက်စ်ဂျီအသင်းက ပရိသတ်များ၏ လက်မှတ်ခများ ပြန်ပေးလျော်

အမ်စတာဒမ် မတ် ၁၂

ပီအက်စ်ဂျီ အသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲ ပထမအကျော့ အိမ်ကွင်းပွဲစဉ်တွင် အာဆင်နယ်အသင်းကို ခုနစ်ဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သဖြင့် ကွာတားဖိုင်နယ် အဆင့်သို့တက်ရောက်ရန် မဖြစ်နိုင်သော်လည်း အသင်းပရိသတ်များအတွက် ဒုတိယအကျော့အတွက် လက်မှတ်ခများကို ပြန်လည်ပေးလျော်ကြောင်း ထုတ်ပြန်ခဲ့သည်။

ပီအက်စ်ဂျီအသင်းသည် ဒုတိယအကျော့ အဝေးကွင်းပွဲစဉ်တွင် ခွဲဝေရရှိသည့် လက်မှတ်ခနှုန်းထားမှာ ယူရို ၂၀၀၀၀၀ ထိရှိသော်လည်း အသင်း တာဝန်ရှိသူများက အသင်းပရိသတ်များ၏ အားပေးထောက်ခံမှုကို အသိအမှတ်ပြုသည့်အနေဖြင့် လက်မှတ်ဝယ်ယူထားသည့် ပရိသတ်တစ်ဦးချင်းထံသို့ ပြန်လည်ပေးလျော်ကြောင်း သက်ဆိုင်ရာ အီးမေးလ်များတွင် ပေးပို့ကြေညာခဲ့ခြင်းဖြစ်သည်။

ပီအက်စ်ဂျီအသင်းက "ကျွန်တော်တို့အသင်းအနေနဲ့ ပြီးခဲ့တဲ့ ရက်သတ္တပတ် အိမ်ကွင်းမှာ ဆိုးရွားတဲ့ရလဒ် ထွက်ပေါ်ခဲ့ပါတယ်။ ဒါကြောင့် အခုအမ်းစရဲတ်ကွင်းမှာကစားမဲ့ပွဲမှာ နောက်တစ်ဆင့်တက်ရောက်ဖို့ မဖြစ်နိုင်တော့ပေမဲ့ ပရိသတ်တွေရဲ့အားပေးမှုကို အသိအမှတ်ပြုလိုတာကြောင့် ပြန်လည် ပေးလျော်ခဲ့တာဖြစ်ပါတယ်"ဟု အသင်းပိုင်ဝက်ဆိုက်တွင် ရေးသားဖော်ပြခဲ့ကြောင်း သိရသည်။

Ref : Espn

Trs : ML

# တိုက်ဂါးဝုဒ် ခြေဖနောင့်ခွဲစိတ်ကုသမှုကြောင့် ကာလရှည် အနားယူရဖွယ်ရှိ

နယူးယောက် မတ် ၁၂

အမေရိကန် ဂေါက်သီးရိုက် ကစားသမား တိုက်ဂါးဝုဒ်သည် ခြေဖနောင့်ခွဲစိတ်ကုသမှုခံယူထားသည့်အတွက် ကာလရှည် အနားယူရဖွယ်ရှိကြောင်း ပြောကြားခဲ့သည်ဟု ယနေ့တွင် ဖော်ပြခဲ့သည်။

တိုက်ဂါးဝုဒ်သည် နေအိမ်၌ပင် လေ့ကျင့်ရေးအစီအစဉ်များ ပြုလုပ်နေသူဖြစ်ပြီး ခြေဖနောင့်နာကျင်လာ၍ ဆရာဝန်ထံသို့ သွားရောက်ပြသရာ လိုအပ်သော ဆေးစစ်မှုပြုလုပ်ခဲ့ပြီးနောက် ဒဏ်ရာမှာ ခွဲစိတ်ကုသမှု ခံယူရမည်ဖြစ်ကြောင်း သိရသည့်အတွက် ခွဲစိတ်ကုသမှုခံယူခဲ့ပြီး ဒဏ်ရာအခြေအနေနှင့်ပတ်သက်၍ ပရိသတ်များအား X လူမှုကွန်ရက် စာမျက်နှာတစ်ဆင့် အသိပေးပြောကြားခဲ့သည်။



တိုက်ဂါးဝုဒ်က "ပြိုင်ပွဲတွေမှာ ပြန်လည်ပါဝင် ယှဉ်ပြိုင်နိုင်ဖို့အတွက် လိုအပ်တဲ့ ပြင်ဆင်မှုတွေကို အိမ်မှာပဲ လေ့ကျင့်ပြင်ဆင်ခဲ့တယ်။ လေ့ကျင့်ပြင်ဆင်နေရင်းနဲ့ ကျွန်တော့်ရဲ့ ဘယ်ဘက်ခြေဖနောင့်ကြော နာကျင်လာတဲ့အတွက် ဆရာဝန်နဲ့ သွားရောက်ပြသခဲ့တယ်။ လိုအပ်တဲ့ စစ်ဆေးမှုတွေပြုလုပ်ခဲ့ပြီးတဲ့နောက် ဆရာဝန်က ခွဲစိတ်ကုသမှုပြုလုပ်ဖို့ တိုက်တွန်းခဲ့တယ်။ ဆရာဝန်တိုက်တွန်းချက်အတိုင်း ခွဲစိတ်ကုသမှုခံယူခဲ့ပါတယ်။ အောင်မြင်စွာ ခွဲစိတ်ကုသမှုခံယူခဲ့ပြီးတော့ ပြန်လည်သက်သာဖို့အတွက် အချိန်တစ်ခုစောင့်ဆိုင်းသွားရပါမယ်။ ဘယ်အချိန်ထိ အနားယူသွားရမလဲဆိုတာတော့ မသိရသေးပါဘူး"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

# အေစီမီလန်က ဂျူဗင်တပ်အသင်းနည်းပြဟောင်း အယ်လီဂရီနီကို နည်းပြသစ်ခန့်အပ်ရန်ပြင်ဆင်

ရောမ မတ် ၁၂

အေစီမီလန်အသင်းက ယခုနှစ် ဘောလုံးရာသီအကုန်တွင် ဥရောပဝင်ခွင့်နှင့် လွဲချော်ဖွယ်ရှိနေသည့်အတွက် နည်းပြအပြောင်းအလဲလုပ်ဆောင်ရန် ပြင်ဆင်နေပြီး နည်းပြသစ်အဖြစ် ရေပန်းစားမှုတွင် ဂျူဗင်တပ်အသင်း နည်းပြ အယ်လီဂရီနီလည်း ပါဝင်လျက်ရှိကြောင်း သိရသည်။

အေစီမီလန် အသင်းသည် ယခုနှစ် ဘောလုံးရာသီအစတွင် နည်းပြသစ်အဖြစ် ဖွန်ဆီကာကို ခန့်အပ်ခဲ့သော်လည်း အသင်းအနေဖြင့် ရလဒ်များ ဆိုးရွားခဲ့သည့်အတွက် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလက နည်းပြဖွန်ဆီကာနှင့် လမ်းခွဲခဲ့ပြီး နည်းပြသစ်အဖြစ် ကွန်ဆီကာအိုကို ခန့်အပ်ခဲ့သည်။

နည်းပြ ကွန်ဆီကာအိုလက်အောက်တွင် အေစီမီလန်အသင်းအနေဖြင့် ရလဒ်များ တိုးတက်လာခဲ့ခြင်း မရှိခဲ့ဘဲ ရုန်းကန်နေရပြီး ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း ရှုံးထွက်အဆင့်တွင် ဖီယင်နုအသင်းကို ရှုံးနိမ့်ခဲ့ပြီး ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသကဲ့သို့ နောက်ဆုံးကစားခဲ့သည့် ငါးပွဲတွင်လည်း တစ်ပွဲသာ နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။

နည်းပြ အယ်လီဂရီသည် ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၄ ခုနှစ်ထိ အေစီမီလန်အသင်းကို တာဝန်ယူကိုင်တွယ်ခဲ့ဖူးသည့် နည်းပြတစ်ဦးဖြစ်ပြီး ဂျူဗင်တပ်အသင်းတွင်လည်း ကာလရှည်ကိုင်တွယ်ခဲ့ကာ ဆုဖလားများစွာ ဆွတ်ခူးနိုင်ခဲ့ပြီး စီးရီးအေတွင် အောင်မြင်မှုရယူထားသည့်အတွက် အေစီမီလန် အသင်းက ရာသီအကုန်တွင် နည်းပြသစ်အဖြစ် အယ်လီဂရီကို ခန့်အပ်သွားဖွယ် ရှိနေကြောင်း သိရသည်။

Ref : One Football

Trs : STA



# ကမ္ဘာ့အကောင်းဆုံးကစားသမားဆု(Ballon d'or)အတွက် ရာဖင်ဟာက ရေပန်းစားလာ



လန်ဒန် မတ် ၁၂

လီဗာပူးအသင်း တိုက်စစ်ကစားသမား ဆာလာဟ်သည် အသင်းနှင့်အတူ ချန်ပီယံလိဂ်ပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီးနောက် ကမ္ဘာ့အကောင်းဆုံး ကစားသမားဆု(Ballon d'or) အတွက် ဘာစီလိုနာအသင်းမှ ရာဖင်ဟာက ပိုမိုရေပန်းစားလာခဲ့ကြောင်း သိရသည်။

အစောပိုင်းက ကမ္ဘာ့အကောင်းဆုံး ကစားသမားဆုအတွက် ရေပန်းစားမှုတွင် ရာဖင်ဟာနှင့် ဆာလာဟ်တို့သည် အပြိုင်ဖြစ်နေသော်လည်း ချန်ပီယံလိဂ်ပြိုင်ပွဲ (၁၆) သင်း ရှုံးထွက်အဆင့်တွင် လီဗာပူးအသင်းအနေဖြင့် ပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီး ဘာစီလိုနာအသင်းက ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ပြီးနောက် ရာဖင်ဟာက ပိုမို ရေပန်းစားလာခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့အကောင်းဆုံး ကစားသမားဆုအတွက် သတ်မှတ်ချက်များတွင်လည်း ချန်ပီယံလိဂ်ပြိုင်ပွဲ အောင်မြင်မှုက အရေးပါလျက်ရှိသည့်အတွက် ချန်ပီယံလိဂ်ပြိုင်ပွဲ စွမ်းဆောင်ရည်ပိုင်းတွင်လည်း ရာဖင်ဟာက ဆာလာဟ်ထက် အသာစီးရရှိလာခဲ့ခြင်းဖြစ်သည်။

ရာဖင်ဟာသည် ယခုနှစ် ဘောလုံးရာသီတွင် ဘာစီလိုနာအသင်းနှင့်အတူ အကောင်းဆုံး စွမ်းဆောင်ရည်များ ပြသထားနိုင်ခဲ့ပြီး ၎င်း၏ ပရော်ဖက်ရှင်နယ် ကစားသမားဘဝ စွမ်းဆောင်ရည် အကောင်းဆုံး ဘောလုံးရာသီကို ပိုင်ဆိုင်ထားကာ ချန်ပီယံလိဂ်ပြိုင်ပွဲတွင် သွင်းဂိုး ၁၁ ဂိုး သွင်းယူထားပြီး ဂိုးဖန်တီးမှု ငါးကြိမ် ပြုလုပ်ထားနိုင်ခဲ့ကာ ဂိုးပါဝင်ပတ်သက်မှု အများဆုံးကစားသမားအဖြစ် ထိပ်ဆုံးတွင် ရပ်တည်လျက်ရှိသည်။

အလားတူ ရာဖင်ဟာသည် ယခုနှစ် ဘောလုံးရာသီတွင် ဘာစီလိုနာအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၂၇ ဂိုး သွင်းယူထားနိုင်ခဲ့သကဲ့သို့ ဂိုးဖန်တီးမှုတွင်လည်း ၁၇ ကြိမ်ထိ ပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

Ref : OneFootball

Trs : STA

# ခြေလှမ်းညီညီ အားသစ်တည်၍

ပြည်စိုးညိမ်း






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှား-မြန်မာစီးပွားရေးဖိုရမ်၌ ဖြည့်စွက်အမှာစကားပြောကြားစဉ်။

ချစ်ကြည်ရေးခရီးစဉ် ဒုတိယနေ့၏ လုပ်ငန်းအချိန်ဇယားမှာ မပြီးဆုံးသေး။ ဒေသစံတော်ချိန် ညပိုင်းတွင် မော်စကိုမြို့ Radisson Collection ဟိုတယ်ရှိ အစည်းအဝေးခန်းမတွင် ရုရှား-အာဆီယံ စီးပွားရေးကော်မရှင်ဥက္ကဋ္ဌ Mr. Ivan Polyakov ဦးဆောင်သည့်အဖွဲ့ကို လက်ခံတွေ့ဆုံသည်။

ဆွေးနွေးပွဲတွင် ရုရှား-မြန်မာစီးပွားရေးကော်မရှင်၏လုပ်ငန်းဆောင်ရွက်မှုများ၊ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား စိုက်ပျိုးရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများ၊ မြန်မာနိုင်ငံတွင် စိုက်ပျိုးဖြစ်ထွန်းသည့် ဖရဲသီး၊ သရက်သီး စသည့်သီးနှံများကို ရုရှားနိုင်ငံသို့တင်ပို့နိုင်သည့်အခြေအနေများ၊ စွန့်ပစ်အမှိုက်များ Recycle ဖြင့် ပြန်လည်အသုံးပြုနိုင်ရေးကိစ္စရပ်များ၊ အာကာသနှင့်နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် အခြားနှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ဆိုင်ရာများကို အကျယ်တဝင့် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ အပြန်အလှန်ချစ်ကြည်ရင်းနှီးမှုကို ပြသသောအားဖြင့် လက်ဆောင်ပစ္စည်းများလဲလှယ်ပေးအပ်ခြင်းဖြင့် ဆွေးနွေးပွဲကိုလှပစွာ အနားသတ်နိုင်ခဲ့သည်။

နိုင်ငံတော်အကြီးအကဲသည် ဟိုတယ်အစည်းအဝေးခန်းမမှ Conference Hall သို့ကူးသည်။ Conference Hall အတွင်းဝယ် ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ပညာတော်သင်ရောက်ရှိလျက်ရှိသည့်စစ်ဘက်၊ အရပ်ဘက်မှ သင်တန်းသားအရာရှိများ စုံညီစွာရောက်ရှိနေကြပြီဖြစ်သည်။

နိုင်ငံတော်အကြီးအကဲသည် မအားလပ်သော လုပ်ငန်းတာဝန်များအကြားမှပင် အချိန်ကိုမရရအောင် ကြံဆထုတ်နုတ်၍ ပညာတော်သင် ကျောင်းသားများကို တွေ့ဆုံအားပေးခြင်းဖြစ်သည်။ အကြီးအကဲတစ်ယောက်၏ မိမိတပည့်သားမြေးများအပေါ်ထားရှိသည့်အကြားအလပ်မရှိသော ချစ်ခြင်းမေတ္တာကိုပြသလိုက်ခြင်းပင်ဖြစ်သည်။ ရေခြားမြေခြားသို့ရောက်နေသည့်တိုင် ရနိုင်သမျှသောအချိန်ကလေးမှာပင် အပင်ပန်းခံ၍ ကြည့်ရှုစောင့်ရှောက်ပေးခြင်းဖြစ်သည်။ ထိုတပည့်သားမြေးတို့၏တင်ပြချက်များကို အရေးတယူနားစွင့်၍ နွေးထွေးကြင်နာစွာ အားပေးစကားဆိုခြင်း၊ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဖြစ်သည်။

နိုင်ငံတော်အကြီးအကဲက ပညာတော်သင်ကျောင်းသားများကို ပညာတော်သင်များစေလွှတ်ရာတွင် သာမန်ထက်ထူးချွန်သူများကို ရွေးချယ်စေလွှတ်ခြင်းဖြစ်ကြောင်း၊ ပညာသင်ကြားရေးသာမက ရုရှားဘာသာစကား တတ်မြောက်ရေးအတွက်လည်း အခြေခံများသင်ကြားပြီးမှ ရုရှားနိုင်ငံသို့ ပညာတော်သင်စေလွှတ်ခြင်းဖြစ်ကြောင်း၊ ယခင်တပ်မတော်ခေါင်းဆောင်များ၏အမြော်အမြင်ကြီးမားစွာဖြင့် ဆောင်ရွက်ပေးခဲ့မှုများကြောင့် နိုင်ငံအတွက် တန်ဖိုးမဖြတ်နိုင်သည့်လူသားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် သင်တန်းသားများအနေဖြင့် မိမိတို့ကိုယ်ကို တန်ဖိုးထားကြစေချင်ကြောင်း၊ နိုင်ငံအတွက် လိုအပ်ချက်များရှိခြင်းကြောင့် ပညာတော်သင်များစေလွှတ်ခြင်းဖြစ်ကြောင်း၊ ရွေးချယ်ခံရသည့်ထူးချွန်သူများဖြစ်သည်နှင့်အညီ ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

မြန်မာနိုင်ငံသည် ပညာတတ်လူသားအရင်းအမြစ်များ ပေါ်ထွန်းရေးကို အစဉ်ရှေးရှု ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ပညာတတ်လူသားအရင်းအမြစ်များ ပေါ်များကြွယ်ဝရန် အထူးလိုအပ်သည်။ သို့မှသာ အခြားသောနိုင်ငံများနှင့်အတူ ရင်ပေါင်တန်း၍အောင်မြင်မှုလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်မှာဖြစ်သည်။ ထို့ကြောင့်လည်း နိုင်ငံတော်အစိုးရက နိုင်ငံသားအားလုံး ပညာတတ်များဖြစ်စေရန်နှင့် ပညာရည်မြင့်မားစေရန် KG+9 အထိ ပညာသင်ကြားနိုင်ရေးကိုအားပေးဆောင်ရွက်နေခြင်းဖြစ်သည်။

ထို့ပြင် နိုင်ငံသားတစ်ယောက်အဖို့ အထူးလိုက်နာရန်လိုအပ်သည်မှာ မိမိကိုယ်တိုင် မိမိနိုင်ငံတော်အပေါ် သစ္စာစောင့်သိရန်ပင်ဖြစ်သည်။ ပြည်ပတွင် ပညာသင်ယူနေသူများ အနေဖြင့်လည်း နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ကိုအခြေတည်၍ မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကိုရည်မြော်တွေးကာ ပညာကိုကျွမ်းကျင်တတ်မြောက်အောင် သင်ယူကြရမည်ဖြစ်သည်။

တွေ့ဆုံမှာကြားမှုအပြီးတွင် နိုင်ငံတော်အကြီးအကဲကပညာတော်သင်ကျောင်းသားများအတွက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်ပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ နိုင်ငံတော်အကြီးအကဲသည်ပြည်ပရောက်ပညာတော်သင်များကို နာယကဂုဏ်ခြောက်ပါးလာ "ဒယာ"တည်းဟူသော သနားချစ်ခင်ကြင်နာခြင်းတို့ဖြင့်စားသောက်ဖွယ်ရာများနှင့်ချီးမြှင့်ငွေများကို ဤသို့လျှင် ကိုယ်တိုင်ကိုယ်ကျ ချီးမြှင့်ပေးအပ်လေ့ရှိသည်။

မတ်လ ၅ ရက်နေ့သည်လည်း ခရီးစဉ် ဒုတိယနေ့နည်းတူ လုပ်ငန်းအချိန်ဇယားများနှင့် ပြည့်နှက်နေသည်။ ကနဦးအစီအစဉ်အနေဖြင့် ဒေသစံတော်ချိန် နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကာကွယ်ရေးဝန်ကြီး H.E. Mr. Andrei Removich နှင့် တွေ့ဆုံဆွေးနွေးကြသည်။ နှစ်နိုင်ငံအကြား ကာကွယ်ရေးကဏ္ဍတွင် နယ်ပယ်ပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား အရပ်ဘက်၊ စစ်ဘက်ဆက်ဆံရေးများ တိုးတက်ကောင်းမွန်လျက်ရှိမှု၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်သွားမှုနှင့် စစ်ဘက်နည်းပညာပူးပေါင်းဆောင်ရွက်မှု ထပ်မံမြှင့်တင်သွားမည့်အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌ H.E.Mr.Sholban Kara-Ool တို့ အမှတ်တရလက်ဆောင်ပစ္စည်းများအပြန်အလှန်ပေးအပ်စဉ်။

နိုင်ငံတော်အကြီးအကဲဆိုသည်မှာ နိုင်ငံ၏အမိအဖပင်ဖြစ်သည်။ အမိအဖဟူသည် မိမိတို့၏သားသမီးများအပေါ် နီးသည်ဝေးသည်မရှိ တူညီသောမေတ္တာဓာတ်ဖြင့် ဖေးမစောင့်ရှောက်ကြသည်သာဖြစ်သည်။ နိုင်ငံတော်အကြီးအကဲသည် မအားလပ်သောလုပ်ငန်းတာဝန်များအကြားမှ ယင်းနေ့ နံနက်ပိုင်းမှာပင် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးသို့သွားရောက်၍ မြန်မာသံရုံးနှင့် စစ်သံရုံးမိသားစုများကို သွားရောက်တွေ့ဆုံအားပေးသည်။

အကြီးအကဲမှာ ထိုနေ့နံနက်ပိုင်းမှာပင် ရုရှား-မြန်မာစီးပွားရေးဖိုရမ်သို့တက်ရောက်ရန် မြန်မာသံရုံးမှ Radisson Collection ဟိုတယ်သို့ ပြန်လည်ထွက်ခွာသည်။

နိုင်ငံတစ်နိုင်ငံ၏အဓိကမောင်းနှင်အားတွင် စီးပွားရေးကလည်း အရေးကြီးသောအခန်းကဏ္ဍမှပါဝင်သည်။ ရုရှား - မြန်မာစီးပွားရေးဖိုရမ်ကို မော်စကိုမြို့ Radisson Collection ဟိုတယ်ရှိ Business Hall တွင် ကျင်းပပြုလုပ်ခဲ့သည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာမြန်မာနိုင်ငံသံရုံး၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)နှင့် Myanmar Airways International (MAI)၊ Roscon-gress Foundation၊ Fund RC-Investments၊ Russia-ASEAN Business Council နှင့် Russia- Myanmar Business Council တို့ ပူးပေါင်းကျင်းပခြင်းဖြစ်သည်။

၎င်းစီးပွားရေးဖိုရမ်သို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာကံဇော်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး Mr. Maxim Gennadyevich Resh-etnikov၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)ဥက္ကဋ္ဌ ဦးအေးဝင်းနှင့်အဖွဲ့ဝင်များ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ၊ အခြားဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

သက်ဆိုင်ရာဝန်ကြီးများက အဖွင့်အမှာစကားအသီးသီးပြောကြားပြီးသည်နှင့် မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI)ဥက္ကဋ္ဌက "မြန်မာနိုင်ငံတွင် စီးပွားရေး

စာမျက်နှာ ၁၁ သို့ ➤

➤ စာမျက်နှာ ၁၀ မှအဆက်

လုပ်ငန်းများ လုပ်ကိုင်ခြင်းဆိုင်ရာ အကျဉ်းချုပ်”ကို ရှင်းလင်းသည်။ တက်ရောက်လာကြသည့် နှစ်နိုင်ငံမှ ကိုယ်စားလှယ်များကလည်း ခေါင်းစဉ်များအလိုက် အကျဉ်းချုပ်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြန်မာနိုင်ငံတွင် ရုရှား MIR Card များလက်ခံသုံးစွဲနိုင်ရေး ဆောင်ရွက်မှုလုပ်ငန်းအခြေအနေများ Video Clip ကိုကြည့်ရှုကြပြီး ဖိုရမ်အား ခေတ္တရပ်နားလိုက်သည်။

နေ့လယ်ပိုင်းတွင် ဖိုရမ်အားဆက်လက်ကျင်းပရာ နိုင်ငံတော်အကြီးအကဲက ဖြည့်စွက်အမှာ စကားပြောကြားသည်။ အကြီးအကဲက ယခုလအတွင်း ပဉ္စမအကြိမ်မြောက် မြန်မာ-ရုရှား နှစ်နိုင်ငံအကြား အစိုးရအချင်းချင်းကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးကော်မရှင်အစည်းအဝေး၏ သီးသန့်အစည်းအဝေး၊ မျက်နှာစုံညီအစည်းအဝေး၊ သဘောတူစာချုပ်များ လက်မှတ်ရေးထိုးခြင်းအခမ်းအနားနှင့် စီးပွားရေးဖိုရမ်ကို မြန်မာနိုင်ငံတွင် အောင်မြင်စွာလက်ခံကျင်းပနိုင်ခဲ့ခြင်းတို့ဖြင့် အစပြုစကားဆိုသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး H.E.Mr. Andrei Removich နှင့်တွေ့ဆုံဆွေးနွေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သင်တန်းသားများအတွက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။

ယင်းအစည်းအဝေးများမှနေ၍ ဆွေးနွေးမှုရလဒ်များအဖြစ် ဥပဒေမူဘောင်များ၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု၊ စွမ်းအင်၊ ပို့ဆောင်ရေး၊ ဆောက်လုပ်ရေးနှင့်အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှု၊ ဘဏ်လုပ်ငန်းနှင့်ငွေကြေး၊ သတင်းအချက်အလက်၊ ဆက်သွယ်ရေးနည်းပညာ၊ ခရီးသွားလုပ်ငန်း၊ ပညာရေး၊ သိပ္ပံနှင့် ကျန်းမာရေးစောင့်ရှောက်မှု စသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုတိုးမြှင့်နိုင်ခဲ့ပုံကို ဆက်စပ်ပြသည်။

အထူးသဖြင့် မဟာဗျူဟာကျသည့် ပင်လယ်ထွက်ပေါက်အဖြစ် ထားဝယ်အထူးစီးပွားရေးဇုန်ကို အဆင့်မြှင့်တင်တည်ထောင်နိုင်ရန်ရုရှားနိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်ရန် ခြေလှမ်းသစ်စတင်နိုင်ခြင်းမှာ များစွာအရေးပါသည်။ တိုးတက်လာမည့် ပင်လယ်ရေကြောင်းကုန်သွယ်မှုကို ပြည်တွင်းနှင့်ချိတ်ဆက်နိုင်ရန် မြန်မာနိုင်ငံအတွင်းရှိ စီးပွားရေးစင်္ကြံလမ်းများတစ်လျှောက် လိုအပ်သည့်လမ်းပန်းဆက်သွယ်ရေးဆိုင်ရာအခြေခံအဆောက်အအုံများမှာလည်း လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရန် အခွင့်အလမ်းများစွာအတွက် တက်ရောက်လာသည့် ဧည့်သည်တော်များကို ဖိတ်ခေါ်လိုက်ခြင်းအားဖြင့် စီးပွားရေးအမြင်ကျယ်ပြန့်နက်ရှိုင်းမှုနှင့် သိမ်မွေ့ညင်သာသော သံတမန်စွမ်းရည်ကိုပြသည်။

အကြီးအကဲ၏ ဆက်လက်ပြောကြားမှုတွင် လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုမှတစ်ဆင့် စိုက်ပျိုးမွေးမြူရေးအခြေပြု အဆင့်မြင့်နည်းပညာ လွှဲပြောင်းမှုအပိုင်းနှင့် စပ်လျဉ်း၍ အလေးထား ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများအကြောင်းပါသည်။ စက်မှုကဏ္ဍနှင့် စွမ်းအင်ကဏ္ဍများတွင် နည်းပညာအသစ်များဖြင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအကြောင်းပါသည်။ နှစ်နိုင်ငံအကြား ငွေပေးချေမှုဆိုင်ရာနည်းလမ်းများ၊ သတင်းအချက်အလက်နည်းပညာနှင့် ဒစ်ဂျစ်တယ်အခြေခံအဆောက်အအုံကဏ္ဍတိုးတက်မှုအတွက် ပူးပေါင်း ဆောင်ရွက်သင့်သည်များ၊ ကျန်းမာရေးဝန်ဆောင်မှုနှင့် ဆေးဝါးထုတ်လုပ်မှုကဏ္ဍများအကြောင်းပါသည်။

၎င်းပြင် ယခုဖိုရမ်သို့တက်ရောက်လာသည့်ကိုယ်စားလှယ်များ၊ စီးပွားရေးလုပ်ငန်းရှင်များအား မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် ဖိတ်ခေါ်မှုပြုသည်။ လုပ်ဆောင်နိုင်သည့်စီးပွားရေးလုပ်ငန်းများမှာ အနည်းငယ်မျှသော အရေအတွက်မဟုတ် နယ်ပယ်စုံ၊ ကဏ္ဍစုံတွင် လာရောက်ရင်းနှီးမြှုပ်နှံနိုင်ကြောင်းနှင့် အခြားပြည်ပကုန်သွယ်ရေးအတွက် အခွင့်အလမ်းများစွာကို ပေးအပ်နိုင်စွမ်းရှိကြောင်းကိုလည်း ထည့်သွင်းဆွေးနွေးသည်။ များပြားလှစွာသော စီးပွားရေးကဏ္ဍများနှင့်ပြည်ပကုန်သွယ်ရေးအတွက် ဆွေးနွေးပြောကြားမှုတွင် နိုင်ငံတော်နှင့် နိုင်ငံသူ၊ နိုင်ငံသားများ၏အကျိုးစီးပွားကို ရှေးရှုသည်။ အလားတူ အာမခံချက်အဖြစ် အခွင့်အလမ်းများစွာကို ပေးအပ်နိုင်စွမ်းရှိသည်ဟု တည်ကြည်သော စကားကိုဆိုသည်။

ဖိုရမ်သို့ တက်ရောက်လာသည့် ကိုယ်စားလှယ်များမှာ စီးပွားရေးနှင့် ဆက်စပ်သည့် ဝန်ကြီးဌာနတာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များဖြစ်သည့်အတွက် အကြီးအကဲ၏ဆွေးနွေးမှုကို ပိုမိုစူးစိုက်ကြသည်။ စီးပွားရေးလုပ်ငန်းများကို မြန်မာနိုင်ငံတွင် လုပ်ကိုင်ရင်းနှီးမြှုပ်နှံပါက ဖြစ်ပေါ်တိုးတက်လာနိုင်မည့်အလားအလာများကို တွက်ဆကြသည်။ လိုအပ်လာမည့် စွမ်းအင်အရင်းအမြစ်အတွက်လည်း အခြေအနေကောင်းများကို အချိန်တိုအတွင်း ရရှိနိုင်မှုရှိနေသကဲ့သို့ အခြားကူးသန်းရောင်းဝယ်မှုအတွက်လည်း ပထဝီအနေအထားအရ ကောင်းမွန်လှသည်မို့ သူတို့စိတ်ပါဝင်စားမှုပိုမိုနေသည်မှာ မဆန်းလှ။

ဈေးကွက်နှင့် ပတ်သက်၍လည်း နိုင်ငံတော်အကြီးအကဲက အမြော်အမြင်ကြီးမားစွာ တွက်ချက်ပြသည်။

မြန်မာနိုင်ငံ ပတ်ဝန်းကျင်ရှိနိုင်ငံများ၏ လူဦးရေမှာမူ နှစ်ဘီလီယံကျော်သုံးဘီလီယံနီးပါးခန့်ရှိပြီး အာဆီယံ ၁၀ နိုင်ငံအပြင် အင်အားကြီးနိုင်ငံများဖြစ်သည့်တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံနဲ့ လူဦးရေများပြားသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့မှာ မြန်မာနိုင်ငံနှင့်ထိစပ်နေသည်။ ထို့မျှကြီးမားသောဈေးကွက်ကြီးရှိနေသည့်အတွက် မြန်မာနိုင်ငံမှ သဘာဝထုတ်ကုန်ပစ္စည်းများကိုအခြေခံသည့် တန်ဖိုးမြင့်ပစ္စည်းများထုတ်လုပ်ခြင်း၊ တိုက်ရိုက်ရင်းနှီးမြှုပ်နှံ၍ နည်းပညာနှင့်တန်ဖိုးမြင့်ထုတ်ကုန်များထုတ်လုပ်ခြင်း စသည်ဖြင့်မည်သည့်နည်းလမ်းဖြင့်မဆို မုချအကျိုးရှိစေနိုင်မည်ဖြစ်သည်။

ရုရှားနှင့်မြန်မာ နှစ်နိုင်ငံမှာ ယုံကြည်စိတ်ချရသည့် မိတ်ဆွေကောင်းနိုင်ငံများဖြစ်သည်။ ရုရှားနိုင်ငံ၏ ကြွယ်ဝမှုနှင့် နည်းပညာများကို အာရှဒေသတွင် လာရောက်ဖြန့်ကြက်ပြီး ဆောင်ရွက်မည်ဆိုပါက မြန်မာနိုင်ငံအနေဖြင့်လည်း ကြိုဆိုလျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲ၏ ဖြည့်စွက်အမှာစကားပြောကြားမှု အပြီးတွင် ထွက်ပေါ်လာသည့် ဩဘာလက်ခုပ်သံများက မြန်မာနိုင်ငံအတွက်ရည်ရွယ်သည့် လက်ခုပ်သံများဟုထင်မိသည်။ ခေတ်မီတိုးတက်ခြင်းဟူသော အကျိုးတရားကို ရရှိစေမည့်အကြောင်းတရားကို ဆောင်ရွက်နိုင်ခဲ့မှုအတွက် ဩဘာသံများက နားဝင်ပီယံရှိလှသည်။

အပြန်အလှန် ဆွေးနွေးမှုများမှာ ချစ်ကြည်ရင်းနှီးခင်မင်မှုကို အခြေတည်သည်မို့ မြိုင်မြိုင်ဆိုင်ဆိုင်ဆိုသလိုဆွေးနွေးကြသည်။ နိုင်ငံနှင့် ပြည်သူများအတွက်ဟု ကိုယ်စီရည်မှန်းထားသူများဖြစ်၍ ဆွေးနွေးမှုများမှာ အားပါအသက်ဝင်လှသည်။

မြန်မာနိုင်ငံရှိ ထားဝယ်အထူးစီးပွားရေးဇုန်မှာ မဟာဗျူဟာပင်လယ်ထွက်ပေါက်ဖြစ်သည်။ ထားဝယ်အထူးစီးပွားရေးဇုန်ကို အဆင့်မြှင့်တင်တည်ဆောက်နိုင်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုခြေလှမ်းသစ်စတင်နိုင်ခြင်းမှာ ပြည်သူများအတွက် ဝမ်းသာဖွယ်သတင်းကောင်းပင်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲမှာ မိမိနိုင်ငံအကျိုးအတွက် စွမ်းစွမ်းတမံသယ်ပိုးရွက်ဆောင်ရန် စိတ်အားထက်သန်လျက်ရှိသည်။ ရုရှား-မြန်မာစီးပွားရေးဖိုရမ်အပြီးတွင် ခဏတာမျှအနားရသော မွန်းလွဲအချိန်လေးမှာပင် အနားမယူနိုင်သေးဘဲ ဂါရဝပြုလာရောက်တွေ့ဆုံသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမား လွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr.Sholban Kara-Ool အားလက်ခံတွေ့ဆုံ၍ နှစ်နိုင်ငံလွှတ်တော် နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးထားသည့်အချက်များ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ဒူးမားလွှတ်တော်သို့ မြန်မာနိုင်ငံမှလေ့လာရေးအဖွဲ့များစေလွှတ်၍ အတွေ့အကြုံများဖလှယ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တစ်ဆက်တည်းမှာပင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာမီးကီယာပြည်နယ်အကြီးအကဲ H.E.Mr. Batu KHASIKOV နှင့်အဖွဲ့ဝင်များက လာရောက်တွေ့ဆုံ၍ ဂါရဝပြုနှုတ်ဆက်ကြသည်။ ယင်းအဖွဲ့က ကာမီးကီယာပြည်နယ်ရှိ ဗုဒ္ဓဥယျာဉ်အတွင်း မြန်မာနိုင်ငံမှစေတီတော် သို့မဟုတ် ဗုဒ္ဓရုပ်ပွားတော်အား လာရောက်တည်ထားကိုးကွယ်စေလိုမှု၊ မြန်မာနိုင်ငံမှ လေ့လာရေးကိုယ်စားလှယ်အဖွဲ့အား ကာမီးကီယာပြည်နယ်သို့ လာရောက်လေ့လာစေလိုမှုများကို ရင်းရင်းနှီးနှီးဆွေးနွေးကြသည်။ နိုင်ငံတော်အကြီးအကဲ ဦးဆောင်သောအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့မှာ စိန့်ပီတာစဘတ်သို့ဆက်လက်ခရီးနှင်ရန် ၂၀၂၅ ခုနှစ် မတ်လ ၅ ရက်နေ့ ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင် မော်စကိုမြို့ရှိ ဘနုကာဘာအပြည်ပြည်ဆိုင်ရာလေဆိပ်မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာရာ ရုရှားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး Mr. Maxim Reshetnikov၊ ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများက လေဆိပ်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ပို့ဆောင်နှုတ်ဆက်ကြသည်။

ယင်းနေ့ ဒေသစံတော်ချိန်ညနေပိုင်းတွင် စိန့်ပီတာစဘတ်မြို့ရှိ Pulikovo လေဆိပ်သို့ရောက်ရှိကြသည်။ လေဆိပ်တွင် စိန့်ပီတာစဘတ်အစိုးရအဖွဲ့ ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ Mr. Grigoriev၊ မြန်မာကောင်စစ်ဝန်ချုပ် ဦးအောင်ဖေသက်နှင့် တာဝန်ရှိသူများက နွေးထွေးလှိုက်လှဲစွာ ဆီးကြိုနှုတ်ဆက်ကြသည်။

စိန့်ပီတာစဘတ်မြို့၏ ရာသီဥတုမှာ အနည်းငယ်ပို၍ အေးမြသည်။ အပူချိန် ၂ ဒီဂရီစင်တီဂရိတ်မျှရှိသည်။ နိုင်ငံတော်အကြီးအကဲမှာ ခရီးပန်းဟန်မရှိ။ လန်းဆန်းတက်ကြွစွာပင် လာရောက်ကြိုဆိုသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်နေသည်။

တစ်ဆက်တည်းမှာပင် နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဘယ်လာရုစ်နိုင်ငံသမ္မတ မစ္စတာလူကာရှန်း ကော့၏ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် (Official State Visit) ချစ်ကြည်ရေးခရီး ဆက်လက်သွားရောက်မည်ဖြစ်သည်။

ဤသည်တို့မှာ အမိနိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက် ခြေလှမ်းညီညီအားသစ်တည်၍ ရှေ့သို့လှမ်းချီလျက်ရှိသော သမိုင်းတွင်မည့်သမိုင်းဝင်ခြေလှမ်းများပင်ဖြစ်ပါသတည်း။ ။

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing inspects progress in conducting agricultural activities in Zeyathiri and Tatkon townships, Nay Pyi Taw Council Area






Senior General Min Aung Hlaing hears report at the Myanmar-Korea Advanced Rice Mill in Sein Sar Pin Village.

**Nay Pyi Taw March 12**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by Joint SAC Secretary General Ye Win Oo, SAC members, union ministers, the Nay Pyi Taw Council chair, the Nay Pyi Taw Command commander and officials, inspected progress in conducting agricultural activities in Zeyathiri and Tatkon townships, Nay Pyi Taw Council Area this morning.

**Land reclamation for mechanization farming**

On arrival at the land reclamation project for mechanized farming near Pinlaung junction, Aungzeya, Mautaw, Thethini-inn village tracts in Zeyathiri Township, the Senior General and party heard a report on implementation of the project, points of the project, inclusion of feeder canals and production roads, possibility of triple-cropping in the area where only monsoon crops could be cultivated, thanks to the project presented by Union Minister for Agriculture, Livestock and Irrigation U Min Naung and officials at the briefing hall.

In response, the Senior General said although the mechanization farming project needs a large amount of capital, it is highly promising and it promises individual and national benefits. Hence, performance must be enhanced in realizing the farm mechanization project which must be extended to reach all parts of the country. The benefits of mechanized farming must be made known to the farmers. As the saying goes “A good start promises a better future” the project covers the task of systematizing crops lands, reclaiming land for mechanized farming, preparing land with machines for achieving long-term benefits. In accord with the most basic means of agriculture – seeds, soil, water and technology – land must be systematically prepared, and quality strains, irrigation water must be available and correct methods must be applied to realize the target.

The recently materialized mechanized farming project must be an ideal one, with systematic records on cultivation and output. The number of plants per acre must hit the target in cultivating any kind of crop. Rural people are the majority of the country's population and they are in the farming business. Hence, their socio-economy must be improved. He also looked into the requirements of other issues.



Senior General Min Aung Hlaing inspects sustainability work on Nawin Chaung Bridge (Asone).



Senior General Min Aung Hlaing chats with farmers at a sunflower plantation.

The Senior General and party observed the systematically reclaimed land for mechanized farming, mechanized paddy cultivators at work and paddy fields in the project area and attended to the needs presented by officials.

**Myanmar-Korea advanced rice mill**

The Senior General and members then visited the Myanmar-Korea Advanced Rice Mill in Sein Sar Pin Village, where they were welcomed by the facility's supervisor, U Aung Zaw Oo, and other officials. During the visit, the officials provided an overview of the milling process and the production of local rice varieties. Then, in the meeting hall of the rice mill, the Director General of the Department of Agriculture, along with officials from the Ministry of Agriculture, Livestock and Irrigation, provided an explanation on several key topics. These included the brief history of the establishment of the Myanmar-Korea Advanced Rice Mill, its capacity to store and mill locally produced rice, the conditions for distributing the rice produced,

*See Page 13*



Senior General Min Aung Hlaing inspects a canal through which irrigation water is supplied.

*From Page 12*

the conditions under which cooperatives can operate rice mills collectively, as well as the advantages and challenges faced by these cooperatives. The officials also outlined the steps to be followed moving forward.

In response to the presentations, the Senior General emphasized the need for high-quality rice that is both consumable and marketable. He called for the cultivation of more rice with good eating quality and marketability and urged efforts to secure a place for Myanmar's famous Paw San Mhwe rice in the global market, along with addressing other essential matters.

**Sustainability Work on Nawin Chaung Bridge (Asone) Underway**

The Senior General and members arrived at Nawin Chaung Bridge (Asone) to inspect the ongoing work on the 4-lane extension, which is being built following the collapse of the bridge in September 2024 due to continuous rain and erosion. Current efforts are focused on river straightening, constructing retaining walls, and dredging the waterway near the bridge approach to ensure its long-term stability. Then, the Senior General provided necessary guidance to the Union Minister of Construction based on the submissions.

**Status of Operations for the 80-Acre Winter Sunflower Plantation**

The Senior General and members then visited the 80-acre winter sunflower plantation managed by the Ministry of Agriculture, Livestock and Irrigation, Department of Agriculture, in Shawkone Village, Tatkone Township. Officials provided an overview of the successful cultivation of winter crops and summer paddy on farmland near Shawkone Village, which had been damaged by Typhoon Yagi in September of the previous year. They also highlighted the planting and successful development of the Yezin hybrid sunflower-1 variety in the winter sunflower plantation.

In response to the presentations, the Senior General emphasized that, as our country relies on importing edible oil every year, efforts must be made to ensure the success of oil-seed crops. He stated that achieving the target for oilseed crops, including sunflowers, will also lead to a decrease in edible oil prices. He emphasized the need for successful implementation of sequential cropping and achieving good yields and greeted local farmers warmly.

**Kangyi Livestock Zone**

The Chairman of the State Administration Council, the Prime Minister, and members of the delegation visited the Kangyi Livestock Zone in Kangyi Village, Tatkon Township. During the visit, Nay Pyi Taw Council Chairman U Than Htun Oo provided an overview of the implementation of the Kangyi, Shwe Myot, and Pyaunggaunggyi livestock zones within the Nay Pyi Taw Council area and also explained the adherence to specified standards in each zone and the ongoing efforts to develop and enhance livestock activities.

In response to the explanations, the Chairman of the State Administration Council and Prime Minister stated that he has set two national programs aimed at creating a prosperous country with abundant food and water resources while ensuring complete nutrition for all citizens. To achieve this, agricultural and livestock zones are being established to promote regional self-sufficiency in meat, fish, eggs, and vegetables. The priority is first to ensure local sufficiency, followed by national sufficiency, and then expand to exports. With approximately 30% of the population living in urban areas, it is essential to provide adequate meat, fish, and eggs for their consumption. At the same time, rural residents, who already engage in local livestock farming, need to adopt systematic and efficient practices. To achieve this, population-to-meat consumption ratios must be calculated at the regional level, determining daily, monthly, and annual requirements. Systematic livestock management should be implemented accordingly. Beyond the Nay Pyi Taw Council area, all states and regions must assess their food sufficiency needs and develop structured livestock programs. With state support available, it is crucial to successfully establish regional livestock zones and achieve national meat sufficiency.

Our country already has a strong foundation for successful agriculture and livestock activities, supported by a robust market. Efforts should focus on increasing the production of agricultural, livestock, and agriculture-based industrial products. Enhancing livestock production in each zone will help meet domestic demand, while surplus products can be exported as raw meat. Additionally, MSMEs can process and export finished products. Other necessary instructions were also provided.

The Chairman of the State Administration Council, the Prime Minister, and members inspected the livestock operations at U Tin Myaing's pig farm, U Myat San's broiler and layer poultry farm, and U Twan Khin Win's dairy and beef cattle farm in the Kangyi Livestock Zone and gave necessary instructions based on the officials' presentations.

An official and a farmer also shared their views on the industrial farming land development project near the Pinlaung intersection in Zeyathiri Township, Nay Pyi Taw Council Area.

1. As the responsible organization, the systematic land reclamation team (Upper Myanmar) under the Department of Industrial Development, located in Leway Town, is carrying out the tasks using departmental machinery and staff. The project began on December 17, 2024, and was completed by February 28, 2025. Currently, farmers are preparing to cultivate summer paddy on the reclaimed lands. As of today, about 100 acres have been planted, and preparations are underway to cultivate the remaining 170 acres. Agricultural machinery is available year-round, ensuring timely harvesting and transportation, which will lead to high-quality crop yields. The fields are expansive and flat, reducing water usage compared to before. Wide fields allow for full utilization of agricultural machinery, reducing fuel consumption. Additionally, the inclusion of access roads enables agricultural machinery to operate anytime, allowing farmers to expand from single to double or triple cropping. The shift to mechanized farming reduces the need for agricultural labour, enabling surplus workers to be redirected to other national development projects.







2. The benefits of land reclamation provided by the state are significant. Previously, I had about 14 plots of farmland, but now I have only 4 plots. Water management has also improved significantly. Before, we had few water sources, but now, thanks to state development efforts, we receive water directly from the canals. These projects greatly benefit all farmers. The inclusion of a water pumping system ensures everything runs smoothly. On behalf of all farmers, I would like to express our deep gratitude to the state for providing these developmental supports free of charge.

100

# Statement of Maj-Gen Zaw Min Tun, leader of SAC Information Team



Leader of the Information Team of the State Administration Council Maj-Gen Zaw Min Tun responds to media questions about statements of members of Mizoram parliament.

**Nay Pyi Taw March 12**

Today, I will reply for the questions raised by the media regarding India and Myanmar border area Manipur and Kabaw Valley, and the matters that the Mizoram MPs talked about.

The Hindu News Agency stated on its website that Mizoram MP K. Vanlalvena visited the regions in north-west of Myanmar bordering with India. It said K. Vanalvena visited Myanmar passing through border areas from Mizoram. The governor of Mizoram and the border guard forces were informed regarding this visit, The Hindu News Agency said. Then, we also found that he met with CNF, CNA and Chin PDF. Moreover, regarding the India-Myanmar border areas, Tamu-Kabaw Valley, an MP of Manipur said these areas are likely to be territory of India according to the history at the meeting of Upper House of India. Moreover, on 10 March, Prime Minister of Mizoram Lalduhoma talked about the arrivals of foreigners to Myanmar via Mizoram at Mizoram Hluttaw.

We also found that The Times of India stated that nearly 2,000 foreigners visited Aizawl between June and December last year, they were never seen in the streets, and their main intention was to cross into Myanmar to interfere in its internal affairs.

Regarding with these cases, what I want to reply to the media is that Myanmar and India are good friendly nations. Myanmar has been cooperating with India under the Act East Policy. As previously said, the Myanmar government does not allow groups opposing Myanmar using Indian territory, nor does not accept the groups opposing the India government with the use of Myanmar's territory. The two countries have bilateral cooperation for border security of two countries. The Indian government has already known that there have been many successful achievements in this collaboration. Myanmar continues to hold the Five Principles of Peaceful Coexistence as usual like India. It stands as good friend. In regard with Myanmar-India border area, the Myanmar-India border stretches over 1,010miles. It is 1,626kilometres. Over 907 miles were measured, over 1,460 in kilometres. Most of them have been measured already. The Kabaw Valley were also finished measuring. For the Myanmar-India border demarcation, there is MoU on Border Cooperation between Myanmar and India made on 8 May 2014. When it comes to say Kabaw Valley, in 2013, the opposition party of India BJP campaigned with a promise to reclaim the Kabaw Valley comprising of Tamu-Kalay-Minkin townships. The locals opposed in Kalay and Minkin townships. Therefore, what I want to say is that Myanmar is always a good neighbour of India. Some of the politicians in India should not jeopardize bilateral relations between the two countries solely for their own political ambitions. They should respect the sovereignty and territorial integrity. Myanmar will continue to do what it should be informed and said regarding this issue. Thank you all.

100




A map showing the Kabaw Valley.



THE HINDU

**Mizoram MP visits rebel outfit in Myanmar, asks them to join the Indian Union**

Mizo National Front MP crosses to Myanmar on foot, meets Chinland Council to "forge friendship and brotherhood"; says they "belong to the same Mizo family", will brief Home, External Affairs Ministers on his talks

Published - March 05, 2025 10:31 pm IST - NEW DELHI


VIJAITA SINGH

READ LATER PRINT

Mizoram MP K. Vanlalvena with the offices of the Chinland Council, a rebel outfit controlling parts of north-west Myanmar in areas bordering India. | Photo Credit: Special Arrangement

Mizoram MP K. Vanlalvena visited the camp and offices of the Chinland Council, a rebel outfit controlling parts of north-west Myanmar in areas bordering India, last week. He said

A news report about the Mizoram chief minister complaining about foreigners entering into the state to train Myanmar rebels.



THE TIMES OF INDIA

India Times Evoke Cancel Patriarchy Maharashtra Delhi Karnataka Tamil Nadu Telangana Uttar Pradesh West Bengal

NEWS / INDIA NEWS / Foreigners Entering Myanmar Via Mizoram To Train Rebels: CM

TRENDING Communal Clash in MP Live Cricket Score Bank Holidays Maharashtra budget Champions Trophy

**Foreigners entering Myanmar via Mizoram to train rebels: CM**

HC Vanlalruata / TNN / Mar 11, 2025, 03:38 IST

SHARE AA FOLLOW US

Foreigners from the US and UK are crossing into Myanmar via Mizoram to provide arms training to local insurgents, according to Mizoram's chief minister. The Center has heightened surveillance in border areas following involvement from China and the US in the Myanmar conflict. The re-imposition of the prot... Read More

Mizoram CM Lalduhoma

AIZAWAL: Foreigners, including those from the US and the UK, are crossing into Myanmar via Mizoram to impart arms training to insurgents there, CM Lalduhoma informed Mizoram assembly on Monday.

The CM said while nearly 2,000 foreigners visited Aizawl between June and Dec last year, they were never seen in the streets, alluding to the fears that their main intention had been to cross into Myanmar to interfere in its internal affairs.

Centre has been closely watching the situation in the border areas after China and the US involved themselves in Myanmar conflict. The recent visit of Mizoram by the US ambassador to India without any prior intimation also came as a surprise, he said.

Union home ministry re-imposed the protected area regime in Manipur, Nagaland and Mizoram to monitor the movement of foreigners.

*Stay updated with the latest India news, weather forecast for major cities like Delhi, Mumbai, Noida, and Bengaluru on Times of India.*

A news report about a Mizoram MP to a rebel outfit.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Statement of 29 political parties
# 14th Waxing of Tabaung, 1386 ME, March 12, 2025

1. A high-level delegation led by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing paid official state goodwill visits to the Russian Federation and the Republic of Belarus from 3 to 9 March, 2025 at the invitations of President of the Russian Federation H.E. Mr. Vladimir Vladimirovich Putin and President of the Republic of Belarus H.E. Mr. Alexander Gregoryevich Lukashenko.
2. We, the following political parties, announced that we are proud of efforts of Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing for all-round development of in the interests of the people and the country during the goodwill visits.

| No. | Name | Position in the party | Party Name | Signature |
|---|---|---|---|---|
| 1. | U Khin Yi | Chairman | Union Solidarity and Development Party | |
| 2. | U Htay Kyaw | Chairman | Myanmar People's Democratic Party | |
| 3. | U Khaw Taint | Secretary | New Democracy Party (Kachin) | |
| 4. | U Han Shwe | Chairman | National Unity Party | |
| 5. | U Aye Kyaing | Chairman | Rakhine State National Unity Party | |
| 6. | U Li Paw Yei | Chairman | Lisu National Development Party (Crossbow Party) | |
| 7. | U U Than Htay | Vice-chairman | Khami National Development Party | |
| 8. | U Tun Aung | Chairman | Akha National Development Party | |
| 9. | Daw Tin Tin Yi | Chairperson | Inn National Organization | |
| 10. | U Thein Kyi | Chairman | National Politics Alliances League | |
| 11. | U Kyaw Zin | Chairman | Public of Labour Party | |
| 12. | U Kyaw Swar Soe | Chairman | Myanmar Farmers' Development Party | |
| 13. | U Sai Aik Pao | Chairman | Shan Nationalities Democratic Party (White Tiger Party) | |
| 14. | U Tin Swe Chairman | Vice-chairman | Democratic Party | |
| 15. | Daw Tin Tin Mar | Chairperson | Democratic Forces Labour Party | |
| 16. | U San Thar Aung | Chairman | Mro National Development Party | |
| 17. | U Khaing Min | Vice-chairman | New National Democracy Party | |
| 18. | U Aung Phyo Kyaw | Patron | National Interests Development Party | |
| 19. | U Aung Ba | Central Executive Committee Member | Khumi National Party | |
| 20. | Daw Win Kay Khine Aye | Chairperson | National Politics Arrmanthit Party | |
| 21. | Daw Saw Yu Mar | Chairperson | Union Peace and Unity Party | |
| 22. | U Tun Aung Kyaw | Chairman | New Age People's Party | |
| 23. | U Myint Than | Chairman | Labour Party | |
| 24. | U Ye Tun | Chairman | 88 Generation Student Youths Party (Union of Myanmar) | |
| 25. | U Aye Lwin | Chairman | Union of Myanmar National Politics Organization | |
| 26. | U Min Myo Tint Lwin | Chairman | Mon Development Party | |
| 27. | Daw Sandar Oo | Chairperson | Diversity and Peace Party | |
| 28. | U Min Thu | Chairman | Union Farmers' and Workers' Party | |
| 29. | Dr. Khin Maung Oo | Chairman | Unity and Development Party | |


# Pakistani forces kill 27 terrorists, rescue 155 hostages in Balochistan train attack operation

**Islamabad March 12**

Pakistani security forces have killed 27 terrorists and rescued 155 passengers during an ongoing operation to rescue hostages following a train attack in the country's southwest Balochistan province, security sources said on Wednesday morning.

The incident happened in Kacchi district of the province on Tuesday when the train Jaffar Express, carrying about 450 passengers in nine bogies, was traveling from provincial capital city of Quetta to the country's northwest city of Peshawar on Tuesday when an unknown number of terrorists stormed the train and took passengers hostage, security forces told Xinhua.

Xinhua






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား မြန်မာ–ကိုရီးယား အဆင့်မြင့်ဆန်စက်လုပ်ငန်းလည်ပတ်မှုအခြေအနေကို တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

**ရှေ့ဖုံးမှအဆက်**

စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု၊ စီမံကိန်းဆိုင်ရာအချက်အလက်များ၊ ရေပေးမြောင်းများနှင့် ကုန်ထုတ်လမ်းများ ထည့်သွင်းဆောင်ရွက်ထားရှိမှု၊ ယခင်က မိုးတစ်သီးသာစိုက်ပျိုးနိုင်သော်လည်း ယခုကဲ့သို့ စက်မှုလယ်ယာစနစ်ကျလယ်မြေဖော်ထုတ်ပေးနိုင်ခဲ့သည့်အတွက် တစ်နှစ်လျှင် သုံးသီးစိုက်ပျိုးဆောင်ရွက်နိုင်မည့်အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စက်မှုလယ်ယာစနစ်ကျလယ်မြေဖော်ထုတ်ခြင်းသည် အရင်းအနှီးကြီးမားသည့် လုပ်ငန်းရပ်တစ်ခုဖြစ်သော်လည်း အကျိုးအမြတ်များပြီး တစ်ဦးချင်းစီရွက်သွားရန်လိုကြောင်း၊ **"အစကောင်းမှ အနှောင်းသေချာမည်" ဆိုသကဲ့သို့ စိုက်ပျိုးမြေများကို စနစ်တကျဖြစ်စေရေးစက်မှုလယ်ယာစနစ်ကျ လယ်မြေဖော်ထုတ်ခြင်းနှင့် စက်ယန္တရားများအသုံးပြု၍ စနစ်တကျ မြေပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းသည် ရေရှည်အကျိုးအတွက် ဆောင်ရွက်ခြင်းပင်ဖြစ်**ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းတွင် အခြေခံအချက်များဖြစ်သည့် မျိုး၊ မြေ၊ ရေ၊ နည်းစသည့် နည်းလမ်း လေးသွယ်တွင် မြေကိုစနစ်တကျပြုပြင်ဆောင်ရွက်သကဲ့သို့ မျိုးကောင်းမျိုးသန့်များရရှိရေး၊ စိုက်ပျိုးရေနှင့် အောင်ရေရရှိရေး၊ စိုက်နည်းစနစ်များ မှန်ကန်မှုရရှိစေရေးအတွက်လည်း ဆောင်ရွက်ရမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်နိုင်မည်ဆိုပါက ပန်းတိုင်အထွက်နှုန်းများ ပြည့်မီနိုင်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စိမ်းစားပင်ကျေးရွာရှိ မြန်မာ–ကိုရီးယား အဆင့်မြင့် ဆန်စက်တွင် ဒေသထွက် ဆန်မျိုးများ ကြိတ်ခွဲ ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်ကုန်းမြို့နယ် ရှောက်ကုန်းကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ဆောင်းနေကြာ ဧက ၈၀ စိုက်ခင်းနေရာ၌ ဒေသခံတောင်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

နှင့် နိုင်ငံတော်အတွက် အကျိုးရှိသည့်လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် စက်မှုလယ်ယာ စနစ်ကျလယ်မြေဖော်ထုတ်ခြင်းလုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ဆောင်ရွက်သွားရန်နှင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တောင်သူများကိုလည်း စက်မှုလယ်ယာစနစ်ကျလယ်မြေဖော်ထုတ်ခြင်း၏ အကျိုးကျေးဇူးများကိုအသိပညာပေးဆောင်မည်ဖြစ်ကြောင်း။

ယခုဖော်ထုတ်ပြီးစီးသည့် စက်မှုလယ်ယာစနစ်ကျလယ်မြေကို စံပြဖြစ်အောင် ဆောင်ရွက်သွားရန်လိုပြီး စိုက်ပျိုးမှု၊ ထွက်ရှိမှုတို့ကို စနစ်တကျမှတ်တမ်းတင်ထားရှိရန်လိုကြောင်း၊ စိုက်ဧကများအားလုံး၌ မည်သည့်သီးနှံကို စိုက်ပျိုးသည်ဖြစ်စေ အပင်ရေပြည့်မီအောင် စိုက်ပျိုးသွားရန်လည်းလိုကြောင်း၊ မိမိတို့နိုင်ငံတွင် ကျေးလက်နေ လူဦးရေသည် ပိုမိုများပြားပြီး စိုက်ပျိုးမွေးမြူရေးကို အဓိကဆောင်ရွက်ကြသည်ဖြစ်သဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်ရေးကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်မှုလယ်ယာစနစ်ကျလယ်မြေဖော်ထုတ်ထားရှိမှုနှင့် ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးနေမှုအခြေအနေများ၊ စီမံကိန်းနယ်မြေအတွင်း စပါးစိုက်ပျိုးထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

## မြန်မာ–ကိုရီးယားအဆင့်မြင့်ဆန်စက်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စိမ်းစားပင်ကျေးရွာရှိ မြန်မာ–ကိုရီးယား အဆင့်မြင့်ဆန်စက်သို့ ရောက်ရှိရာ တာဝန်ခံဖြစ်သူ ဦးအောင်ဇော်ဦးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး ဒေသထွက်ဆန်မျိုးများအလိုက် ကြိတ်ခွဲထုတ်လုပ်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဆန်စက်အစည်းအဝေးခန်းမ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက မြန်မာ–ကိုရီးယား အဆင့်မြင့်ဆန်စက်ဖြစ်ပေါ်လာပုံသမိုင်းအကျဉ်း၊ ဒေသထွက်စပါးများကို သိုလှောင်နိုင်မှု၊ ကြိတ်ခွဲနိုင်မှုဖြင့် ထွက်ရှိလာသည့်ဆန်များအား ဖြန့်ဝေနိုင်မှုအခြေအနေများ၊ သမဝါယမအသင်းအချင်းချင်းပူးပေါင်း၍ ဆန်စက်လည်ပတ်နိုင်ရေးဆောင်ရွက်မှုအခြေအနေများ၊ သမဝါယမအသင်းများ၏ အားသာချက်များနှင့်ကြုံတွေ့ရသည့် အခက်အခဲများ၊ ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဓိကအားဖြင့် ဆန်များအရည်အသွေးကောင်းမွန်ရန်လိုပြီး ပြည်သူများ အဆင့်မီမီစားသုံးနိုင်ရမည်ဖြစ်ကြောင်း၊ ဈေးကွက်ရှိပြီး အရည်အသွေးမီသည့်ဆန်များဖြစ်ရန်လိုကြောင်း၊ Eating Quality ကောင်းပြီး ဈေးကွက်ရရှိနိုင်သည့်ဆန်များ ပိုမို စိုက်ပျိုးထုတ်လုပ်ရန်လိုကြောင်း၊ မြန်မာ့ဂုဏ်ဆောင် ပေါ်ဆန်းမွှေးဆန်အား ကမ္ဘာ့

ဈေးကွက်ရရှိရေးကြိုးပမ်းရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

### နဝင်းချောင်းတံတား(အဆုံ) ရေရှည်တည်တံ့ခိုင်မြဲရေးဆောင်ရွက်လျက်ရှိမှု

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နဝင်းချောင်းတံတား(အဆုံ)နေရာသို့ရောက်ရှိကြပြီး ၂၀၂၄ ခုနှစ်စက်တင်ဘာလအတွင်း မိုးအဆက်မပြတ်ရွာသွန်းကာ ရေတိုက်စားမှုကြောင့် တံတားပြိုကျပျက်စီးခဲ့မှုအား လေးလမ်းသွားတိုးချဲ့တည်ဆောက်ပြီးစီးမှု၊တံတားရေရှည်တည်တံ့ခိုင်မြဲရေးအတွက် တံတားချဉ်းကပ်ရေလမ်းအနီးမြစ်ကြောင်းဖြောင့်ခြင်း၊ မြေထိန်းနံရံများပြုလုပ်ခြင်း၊ သောင်တူးဖော်ခြင်းစသည့်လုပ်ငန်းများဆောင်ရွက်လျက်ရှိမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နဝင်းချောင်းတံတား(အဆုံ)နေရာတွင် လုပ်ငန်းများဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နဝင်းချောင်းတံတား(အဆုံ) နေရာတွင် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

**မိမိတို့နိုင်ငံတွင် ကျေးလက်နေ လူဦးရေသည် ပိုမိုများပြားပြီး စိုက်ပျိုးမွေးမြူရေးကို အဓိကဆောင်ရွက်ကြသည်ဖြစ်သဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်တင်ရေးကို ဆောင်ရွက်သွားရမည်ဖြစ် . . .**

**နိုင်ငံတော်ကလည်း လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသဖြင့် ဒေသအလိုက်မွေးမြူရေးဇုန်များကို အောင်မြင်အောင်ဆောင်ရွက်သွားကြရန်လိုပြီး ပြည်တွင်းအသားစားသုံးမှုဖူလုံရေးကို ဖော်ဆောင်နိုင်ရမည်ဖြစ် . . .**

### ဆောင်းနေကြာ ဧက ၈၀ စိုက်ခင်းဆောင်ရွက်ထားရှိမှု

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်ကုန်းမြို့နယ် ရှောက်ကုန်းကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ဆောင်းနေကြာဧက ၈၀ စိုက်ခင်းနေရာသို့ရောက်ရှိကြရာ တာဝန်ရှိသူများက ယခင်နှစ် စက်တင်ဘာလအတွင်းဖြစ်ပေါ်ခဲ့သည့် ရာဂိမုန်တိုင်းအရှိန်ကြောင့် ပျက်စီးသွားသည့် ရှောက်ကုန်းကျေးရွာအနီးရှိ လယ်မြေများအတွင်း ဆောင်းသီးနှံနှင့် နွေစပါးစိုက်ပျိုးထားရှိမှု၊ ဆောင်းနေကြာစိုက်ခင်းအတွင်း ရေဆင်းစပ်မျိုးနေကြာ-၁ အမျိုးအစားအား စိုက်ပျိုးထားရှိမှုနှင့် အောင်မြင်ဖြစ်ထွန်းမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မိမိတို့နိုင်ငံအနေဖြင့် စားသုံးဆီကို ပြည်ပမှနှစ်စဉ်တင်သွင်းရလျက်ရှိသဖြင့် ဆီထွက်သီးနှံများကို ဖြစ်ထွန်းအောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နေကြာသီးနှံအပါအဝင် ဆီထွက်သီးနှံများ ပန်းတိုင်ရည်မှန်းချက်ရအောင်ဆောင်ရွက်နိုင်မည်ဆိုပါက စားသုံးဆီဈေးနှုန်းများလည်း ကျဆင်းလာမည်ဖြစ်ကြောင်း၊ သီးထပ်စိုက်ပျိုးမှုများ အောင်မြင်အောင်ဆောင်ရွက်ပြီး အထွက်နှုန်းများကောင်းမွန်အောင် ဆောင်ရွက်သွားရန်လိုကြောင်းဖြင့်ပြောကြားပြီး ဒေသခံစိုက်ပျိုးရေးတောင်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

### ကံကြီးမွေးမြူရေးဇုန်

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်ကုန်းမြို့နယ် ကံကြီးကျေးရွာရှိ ကံကြီးမွေးမြူရေးဇုန်သို့ ရောက်ရှိကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက နေပြည်တော်ကောင်စီနယ်မြေအတွင်း၌ ကံကြီးမွေးမြူရေးဇုန်၊ ရွှေမြို့မွေးမြူရေးဇုန်နှင့် ပြောင်ခေါင်းကြီးမွေးမြူရေးဇုန်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ ဇုန်များအလိုက် မွေးမြူရေးလုပ်ငန်းများအား သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိမှုနှင့် မွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေးဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မိမိအနေဖြင့် အမျိုးသားရေးလုပ်ငန်းစဉ်နှစ်ရပ် ချမှတ်ဆောင်ရွက်လျက်ရှိပြီး သာယာဝပြောသည့်နိုင်ငံဖြစ်ပေါ်စေရန်၊ နိုင်ငံတွင်စားရေရိက္ခာပေါများပြီး နိုင်ငံသူ၊ နိုင်ငံသားများအားလုံး ဝဝလင်လင်ဖြင့် အာဟာရပြည့်ဝစွာကျွေးမွေးနိုင်သည့် နိုင်ငံဖြစ်စေရန်ဟူသည့်မူဝါဒများပင်ဖြစ်ကြောင်း၊ **ဒေသအလိုက် အသား၊ ငါး၊ ဥအမျိုးမျိုးနှင့် ဟင်းသီးဟင်းရွက်များ ဖူလုံစေရေးအတွက် နိုင်ငံအတွင်း စိုက်ပျိုးမွေးမြူရေးဇုန်များကို ဒေသအလိုက် အကောင်အထည်ဖော်ဆောင်ရွက်စေခြင်းဖြစ်**ကြောင်း၊ ဒေသတွင်းစားသုံးမှုဖူလုံရေးကို ကနဦး ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ပြီး ထိုမှတစ်ဆင့်ပြည်တွင်းစားသုံးမှုဖူလုံရေးကိုဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်တွင်းစားသုံးမှုဖူလုံရေးကို ဆောင်ရွက်ပြီးပါက

**စာမျက်နှာ ၁၈ သို့**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကံကြီးမွေးမြူရေးဇုန်ရှိ ဦးတွမ်ခင်ဝင်း၏ နို့စားနွားနှင့် နွားသားပေါက်မွေးမြူထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကံကြီးမွေးမြူရေးဇုန်ရှိ ဦးတင်မြင့်၏ အသားတိုးဝက်မွေးမြူထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကံကြီးမွေးမြူရေးဇုန်ရှိ ဦးမြတ်စံ၏ အသားတိုးကြက်နှင့် ဥစားကြက်မွေးမြူထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**စာမျက်နှာ ၁၇ မှအဆက်**

ပြည်ပသို့တင်ပို့နိုင်ရေး ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊နိုင်ငံ့လူဦးရေ၏ ၃၀ ရာခိုင်နှုန်းခန့်သည် မြို့နေသူများဖြစ်၍ သား၊ ငါး၊ ဥများ ဖူလုံစွာစားသုံးနိုင်ရန်လိုကြောင်း၊ အလားတူ ကျေးလက်နေပြည်သူများတွင် ဒေသအလိုက်မွေးမြူရေးများရှိသဖြင့် စနစ်တကျမွေးမြူရန်လိုကြောင်း၊ ဒေသတွင်းရှိသည့် လူဦးရေနှင့်အသားစားသုံးနိုင်မှုအချိုးကိုတွက်ချက်၍ တစ်နေ့လိုအပ်ချက်၊ တစ်လလိုအပ်ချက်၊ တစ်နှစ်လိုအပ်ချက်စသည်ဖြင့် တွက်ချက်ပြီး စနစ်ကျနသည့်မွေးမြူရေးကို ဖော်ဆောင်ရမည်ဖြစ်ကြောင်း၊ **နေပြည်တော်ကောင်စီနယ်မြေအပြင် အခြားသောပြည်နယ်နှင့် တိုင်းဒေသကြီးများတွင်လည်း မိမိတို့ဒေသအလိုက် စားရေးဖူလုံရေးကိုစနစ်တကျဖြင့် တွက်ချက်၍ စနစ်ကျနသည့်မွေးမြူရေးကို အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ကလည်း လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသဖြင့် ဒေသအလိုက်မွေးမြူရေးဇုန်များကို အောင်မြင်အောင် ဆောင်ရွက်သွားကြရန်လိုပြီး ပြည်တွင်းအသားစားသုံးမှုဖူလုံရေးကို ဖော်ဆောင်နိုင်ရမည်ဖြစ်**ကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်နိုင်သည့် အခြေခံကောင်းများကိုပိုင်ဆိုင်ထားပြီးဖြစ်ကြောင်း၊ ဈေးကွက်အနေဖြင့်လည်း ခိုင်မာမှုရှိပြီးဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ၊စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုထုတ်ကုန်ပစ္စည်းများကိုတိုးမြှင့်ထုတ်လုပ်နိုင်ရေးကြိုးပမ်းဆောင်ရွက်သွားရန် လိုကြောင်း၊ **ဇုန်များအလိုက် မွေးမြူရေးထုတ်ကုန်များကိုအထွက်နှုန်းကောင်းမွန်အောင် ဆောင်ရွက်၍ ပြည်တွင်းစားသုံးမှုဖူလုံပြီး ပိုလျှံသည်များကို အသားအကြမ်းထည်တင်ပို့ခြင်း၊ MSME လုပ်ငန်းများဖြင့် ကုန်ချောပြုလုပ်တင်ပို့ခြင်းတို့ဖြင့် ပြည်ပသို့တင်ပို့ရောင်းချနိုင်မည်ဖြစ်**ကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ကံကြီးမွေးမြူရေးဇုန်အတွင်းရှိလုပ်ငန်းရှင် ဦးတင်မြိုင်၏ အသားတိုးဝက်မွေးမြူရေးခြံလုပ်ငန်းရှင် ဦးမြတ်စံ၏ အသားတိုးကြက်နှင့် ဥစားကြက်မွေးမြူရေးခြံ၊ ဦးတွမ်ခင်ဝင်း၏ နို့စားနွားနှင့် နွားသားပေါက်မွေးမြူရေးခြံတို့အတွင်းမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များလမ်းညွှန်မှာကြားခဲ့သည်။

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ပင်လောင်းလမ်းဆုံအနီး စက်မှုလယ်ယာ စနစ်ကျလယ်မြေဖော်ထုတ်ခြင်းစီမံကိန်းနှင့်ပတ်သက်၍ တာဝန်ရှိသူတစ်ဦးနှင့် တောင်သူတစ်ဦး၏ ပြောကြားမှုကိုလည်း ယခုလိုပဲကြားသိရပါတယ်-

"တာဝန်ယူဆောင်ရွက်တဲ့အဖွဲ့အစည်းအနေနဲ့ကတော့ စက်မှုဆိုင်ရာဦးစီးဌာနလက်အောက်မှာရှိတဲ့စနစ်တကျလယ်ယာမြေဖော်ထုတ်ရေးအဖွဲ့ (အထက်မြန်မာပြည်) လယ်ဝေးမြို့က ဝန်ထမ်းတွေကပဲ ဌာနပိုင်စက်ယန္တရားတွေ၊ ဌာနဝန်ထမ်းတွေနဲ့ တာဝန်ယူဆောင်ရွက်ပေးတာဖြစ်ပါတယ်။ စီမံကိန်းစတင်တဲ့အချိန်ကာလကတော့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်က စတင်ခဲ့ပြီးတော့ စီမံကိန်းပြီးစီးတဲ့အချိန်ကာလကတော့ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်မှာတော့ လုပ်ငန်းများအားလုံးဆောင်ရွက်ပြီးဖြစ်ပါတယ်။ အခုဆိုရင် ကျွန်တော်တို့က ဖော်ထုတ်ပြီးတဲ့စနစ်တကျလယ်မြေတွေပေါ်မှာ တောင်သူတွေက နွေစပါးစိုက်ပျိုးဖို့ဆောင်ရွက်နေတာရှိပါတယ်။ ဒီနေ့ထိဆိုရင်တော့ စိုက်ပျိုးပြီးတဲ့ ဧကဆိုရင် ဧက ၁၀၀ လောက် စိုက်ပျိုးပြီးဖြစ်ပြီး ကျန်တဲ့ဧက ၁၇၀ ကျော်လောက်ကလည်း ထွန်းယက်စိုက်ပျိုးဖို့ မြေယာပြုပြင်တာတွေ ဆောင်ရွက်လျက်ရှိနေပါတယ်။ လယ်ယာသုံးစက်ကိရိယာတွေက အချိန်မရွေးရာသီမရွေးရိတ်သိမ်းတဲ့အချိန်မှာရိတ်သိမ်းပြီးတော့ သယ်ပို့ပေး



နိုင်တာဖြစ်တဲ့အတွက် အရည်အသွေးကောင်းသီးနှံတွေလည်း ရရှိစေမှာဖြစ်ပါတယ်။ လယ်ကွက်တွေကလည်း ကျယ်ပြန့်ပြီးတော့ မြေယာပြန့်ပြူးတာကြောင့် နဂိုကရေသုံးစွဲတဲ့ပမာဏထက်ကို လျှော့ချပြီးတော့ သုံးစွဲနိုင်မှာဖြစ်ပါတယ်။ လယ်ကွက်ကျယ်တွေမှာလယ်ယာသုံးစက်ကိရိယာတွေက စက်စွမ်းအားအပြည့်မောင်းနှင် အသုံးပြုနိုင်မှာဖြစ်တဲ့အပြင် ကျွန်တော်တို့ လောင်စာဆီသုံးစွဲမှုတွေကိုလည်းလျှော့ချနိုင်မှာဖြစ်ပါတယ်။ ပြီးတော့လည်း ကုန်ထုတ်လမ်းတွေပါဝင်တဲ့အတွက် လယ်ယာသုံးစက်ကိရိယာတွေ အချိန်မရွေးအခါမရွေးဝင်ထွက်သွားလာပြီး လုပ်ကိုင်နိုင်တာဖြစ်တဲ့အတွက်ကို တောင်သူတွေအနေနဲ့ တစ်သီးစားကနေပြီးတော့ နှစ်သီးစား သုံးသီးစားထိ တိုးချဲ့စိုက်ပျိုးနိုင်မှာဖြစ်ပါတယ်။ ပြီးလို့ရှိရင် လယ်ယာလုပ်သားတွေ သုံးစွဲတဲ့နေရာမှာ လယ်ယာသုံးစက်ကိရိယာတွေနဲ့ စက်မှုလယ်ယာစနစ်ကို ပြောင်းလဲနိုင်တာကြောင့် လယ်ယာလုပ်သားသုံးစွဲမှုကို လျှော့ချနိုင်ပြီးတော့ ပိုလျှံလာတဲ့လယ်ယာလုပ်သားတွေကို နိုင်ငံတော်ရဲ့ အခြားသောဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေမှာ ပြောင်းလဲပြီးတော့ အသုံးချနိုင်မှာဖြစ်ပါတယ်"ဟု ပြောသည်။

"လယ်ယာမြေဖော်ထုတ်ပေးတဲ့အကျိုးကျေးဇူးတွေကတော့ နိုင်ငံတော်ကနေကျွန်တော်တို့တောင်သူတွေကို လုပ်ပေးတဲ့အတွက် အရင်တုန်းကဆိုရင် လယ်ယာ ၁၄ ကွက်လောက်ရှိပါတယ်။ အခုဆိုလို့ရှိရင် ကျွန်တော်လေးကွက်ပဲဖြစ်သွားပါတယ်။ ရေအနေနဲ့လည်း တော်တော်လေးအဆင်ပြေပါတယ်။ အရင်တုန်းက ကွက်စိပ်သောက်ရေ သောက်ရပါတယ်။ အခုတော့နိုင်ငံတော်ကနေ ဖွံ့ဖြိုးတိုးတက်အောင်လုပ်ပေးတဲ့အတွက် မြောင်းကနေတိုက်ရိုက်ရပါတယ်။ နောက်ပြီးတော့ ဒီစီမံကိန်းတွေလုပ်တဲ့အတွက် တောင်သူအားလုံးအတွက် အကျိုးအများကြီးရှိပါတယ်။ ရေစုပ်စနစ်ပါလုပ်ပေးထားတဲ့အတွက် အကုန်လုံးအဆင်ပြေပါတယ်။ အခုလို ကျွန်တော်တို့ကို နိုင်ငံတော်ကနေအခမဲ့ ဖွံ့ဖြိုးတိုးတက်အောင်လုပ်ပေးတဲ့အတွက်တောင်သူတွေကိုယ်စားအများကြီးကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်"ဟု ပြောသည်။ (၅၀၁)



## မိုးကြိုချည်မျှင်ရှည်ဝါစိုက်တောင်သူများသို့ ကြိုတင်ဆောင်ရွက်ရန်လုပ်ငန်းများ နှိုးဆော်ချက်

၁။ မိုးကြိုချည်မျှင်ရှည်ဝါကို ဖေဖော်ဝါရီလလယ်မှ စတင်စိုက်ပျိုးမည်ဖြစ်ရာ မိုးကြိုချည်မျှင်ရှည်ဝါစိုက်တောင်သူများအနေဖြင့် အောက်ပါလုပ်ငန်းများကို ကြိုတင်ဆောင်ရွက်ရမည်ဖြစ်သည်။

(က) **မျိုး**

(၁) မိုးကြိုချည်မျှင်ရှည်ဝါကို အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာန ဝါနှင့်လျှော်မျှင်ထွက်သီးနှံဌာနခွဲက ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသော ငွေချည်-၆၊ ရွှေတောင်-၈၊ ငွေချည်-၉၊ ရွှေတောင်-၁၀၊ ငွေချည်-၁၁ ဝါမျိုးစေ့များအား ကြိုတင်ဝယ်ယူစုဆောင်းထားရန်၊

(၂) မျိုးကွဲလုံးဝကင်းစင်ပြီး အပင်ပေါက်ရာခိုင်နှုန်း ၈၀ အထက်ရှိ အရည်အသွေးမြင့်မျိုးဝါစေ့များကိုသာ အသုံးပြုစိုက်ပျိုးနိုင်ရေးအတွက် ကြိုတင်စုဆောင်းထားရန်၊

(၃) မျိုးစေ့များခြောက်သွေ့ရန်အတွက် နေ ၂-၃ ကြိမ်လှန်းပြီးမှ ဂုန်နီအိတ်တွင်ထည့်၍ ရေမစိုနိုင်သောနေရာတွင် ကတ်များခင်းပြီး သိုလှောင်ထားရန်၊

(ခ) **မြေ**

(၁) မိုးကြိုချည်မျှင်ရှည်ဝါကို အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် ရှေ့သီးနှံများအချိန်မီဖယ်ရှားရေး၊ အချိန်မီမြေပြုပြင်ပြီးစီးရေး၊စိုက်ပျိုးချိန်တွင်ရေအပြည့်အဝပေးသွင်းရရှိရေးတို့အတွက် ကြိုတင်အစီအစဉ်များရေးဆွဲဆောင်ရွက်ရန်၊

(၂) မြေဆီဩဇာသင့်တင့်ကောင်းမွန်ပြီး အစိုဓာတ်ထိန်းသိမ်းမှုနှင့် လေဝင်လေထွက်ကောင်းသောနုန်းမြေ၊နုန်းစနယ်မြေနှင့် သဲနုန်းမြေများကို ရွေးချယ်စိုက်ပျိုးရန်၊

(ဂ) **ပေါင်းမြက်ကြိုတင်ကာကွယ်နှိမ်နင်းရေး**

(၁) ရှေ့သီးနှံ(ဥပမာ-စပါး) ရိတ်သိမ်းပြီးသည်နှင့် တစ်ပြိုင်နက် မြေမစိုလွန်း မခြောက်လွန်းရှိမည့် ပတ်ကြားအက်စအချိန်တွင် ပထမထယ်တစ်စပ်ထိုးရန်နှင့် အခြောက်လွန်သွားသောစိုက်ခင်းတွင် ရေစပ်ရုံမျှသွင်းပြီး မြေအထန့်တွင် ထယ်ထိုးရန်၊

(၂) မိုးနှောင်းချည်မျှင်ရှည်ဝါအပြီး မိုးကြိုဝါဆက်လက်စိုက်ပျိုးမည့်စိုက်ခင်းများတွင် ဝါကိုနောက်ဆွဲကောက်သိမ်းခြင်းဖြင့် စိုက်ခင်းများအတွင်း ပေါင်းပင်များအစေ့တည်ပြီး ရင့်မှည့်လာနိုင်သောကြောင့် ပေါင်းပင်များကို ဆက်လက်ရှင်သန်ခွင့်မပေးဘဲ ထယ်ထိုးပေါင်းသတ်ထားရန်၊

(၃) စိုက်ထယ်ရေးမပြုလုပ်မီအချိန်အတွင်း ၁၆ သွားထွန်တစ်စပ် သို့မဟုတ် နှစ်စပ်ဝင်ပြီး ပေါင်းသတ်ထွန်ရေးပြုလုပ်ထားရန်၊

(၄) အသုံးပြုမည့်ထယ်၊ထွန်၊ကြားတိုက်ကိရိယာများတွင် ပေါင်းစေ့များ တွယ်ကပ်မှုမရှိစေရန် ကောင်းစွာသန့်ရှင်းပြီးမှ အသုံးပြုရန်၊

(၅) မိုးကြိုချည်မျှင်ရှည်ဝါသည် ရေသွင်းစိုက်ပျိုးသည့်သီးနှံဖြစ်သည့်အလျောက် ရေသွင်းမြောင်းများသန့်ရှင်းရေးကို ကြိုတင်ဆောင်ရွက်ထားရန်၊

(၆) ကောင်းစွာဆွေးမြည့်သော နွားချေးနှင့် သဘာဝမြေဩဇာများကိုသာ သုံးစွဲရန်၊

(၇) အကယ်၍ ပေါင်းသတ်ထွန်ရေးမပြုလုပ်နိုင်ခဲ့လျှင်သော်လည်းကောင်း၊ ပေါင်းသတ်ထွန်ရေး ပြုလုပ်သော်လည်း ပေါင်းမြက်များဆက်လက်ကျန်ရှိနေလျှင်သော်လည်းကောင်း၊အထူးသဖြင့် မြေစာမြက်ကဲ့သို့သောနှစ်ရှည်ခံပေါင်းမြက်များ ပေါက်ရောက်မှုထူထပ်လျှင်သော်လည်းကောင်း အစိုဓာတ်သင့်တင့်စွာရှိချိန်ဝါမစိုက်ပျိုးမီအနည်းဆုံး ၂၀-၂၅ ရက်ကြိုတင်၍ ပေါင်းသတ်ဆေးပက်ဖျန်းပေါင်းသတ်ထားရန်၊

(ဃ) **စိုက်ချိန်မှန်ကန်စေခြင်း**

မိုးကြိုချည်မျှင်ရှည်ဝါ - ဖေဖော်ဝါရီလလယ်မှ မတ်လလယ်အတွင်း

**ဝါနှင့်လျှော်မျှင်ထွက်သီးနှံဌာနခွဲ**
**စိုက်ပျိုးရေးဦးစီးဌာန**

# အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ရွှေကျင်နိကာယအဓိပတိမဟာနာယက သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ၏ သက်တော် ၈၈ နှစ်ပြည့် ဝိဇာတမွေးနေ့အလှူတော်မင်္ဂလာ ဒုတိယနေ့တွင် ဆရာတော်၊ သံဃာတော်အပါး ၁၀၀၀ အတွက် ဆွမ်းဆန်တော်၊ ဆီ၊ ပဲ၊ ဆေး၊ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်း

နေပြည်တော် မတ် ၁၂

အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ ရွှေကျင်နိကာယအဓိပတိမဟာနာယက သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ၏ သက်တော် ၈၈ နှစ်ပြည့် ဝိဇာတမွေးနေ့အလှူတော်မင်္ဂလာ ဒုတိယနေ့တွင် ဆရာတော်၊ သံဃာတော်အပါး ၁၀၀၀ အတွက် ဆွမ်းဆန်တော်၊ ဆီ၊ ပဲ၊ ဆေး၊ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပွဲကို ယနေ့နံနက် ၇ နာရီက စစ်ကိုင်းတောင်ရိုးရှိ သီတဂူအပြည်ပြည်ဆိုင်ရာ ဝိပဿနာတက္ကသိုလ်၌ ကျင်းပသည်။

ဦးစွာ စစ်ကိုင်းတောင်ရိုးတွင် ပရိယတ္တိ၊ ပဋိပတ္တိတရားများ ပွားများအားထုတ်လျက်ရှိကြသည့် စာသင်တိုက်များမှ ဆရာတော်၊ သံဃာတော်များ၊ သီတဂူဗုဒ္ဓတက္ကသိုလ်များမှ ဆရာတော်သံဃာတော်များက စနစ်တကျစီတန်း၍ အလှူခံကြွကြရာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ စစ်ကိုင်းမြို့ရှိဌာနဆိုင်ရာများ၊ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင် အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်လောင်းလှူကြသည်။ ထို့နောက် သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရနှင့် စေတနာရှင်အလှူရှင်များက ကောင်းမှုကုသိုလ်များအတွက် မေတ္တာပို့အမျှပေးဝေကြပြီး အလှူအောင်ပွဲအထိမ်းအမှတ် မိုးပျံပူဖောင်းများ လွှတ်တင်ကြသည်။

သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ၏ သက်တော် ၈၈ နှစ်ပြည့် ဝိဇာတမွေးနေ့အလှူတော်တွင် စစ်ကိုင်းတောင်ရိုးမှ ဆရာတော်၊ သံဃာတော်များ၊ သီတဂူဗုဒ္ဓတက္ကသိုလ်များမှ ဆရာတော်၊ သံဃာတော်များအား စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စစ်ကိုင်းမြို့ရှိ ဌာနဆိုင်ရာများ၊ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်အလှူရှင်များက ဆွမ်းဆန်တော် ၁၀၀၀ အိတ်၊ ဆီ၂၀၀၀ ပိဿာ၊ ပဲတစ်ပြည်ဝင်အိတ် ၁၀၀၀ အိတ်၊ သင်္ကန်း ၁၀၀၀ စုံနှင့် လှူဖွယ်ပစ္စည်းတို့ကို လောင်းလှူခဲ့ကြကြောင်း သိရှိရသည်။

(၅၀၁)





အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ရွှေကျင်နိကာယအဓိပတိမဟာနာယက သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ၏ သက်တော် ၈၈ နှစ်ပြည့် ဝိဇာတမွေးနေ့အလှူတော်မင်္ဂလာ ဒုတိယနေ့တွင် ဆရာတော်၊သံဃာတော်အပါး ၁၀၀၀ အတွက် ဆွမ်းဆန်တော်၊ ဆီ၊ ပဲ၊ ဆေး၊ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပွဲကျင်းပစဉ်။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

**(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

**(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

**(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ကချင်ပြည်နယ်)**
(၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

**(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ကယားပြည်နယ်)**
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

**(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ကရင်ပြည်နယ်)**
(၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

**(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ချင်းပြည်နယ်)**
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

**(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

**(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

**(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

**(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

**(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

**(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(မွန်ပြည်နယ်)**
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

**(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရခိုင်ပြည်နယ်)**
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

**(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

**(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
(၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

**(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# နိုင်ငံရေးပါတီ ၂၉ ပါတီ၏ ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက်

**၁၃၈၆ ခုနှစ် တပေါင်းလဆန်း ၁၄ ရက်**
**၂၀၂၅ ခုနှစ် မတ်လ ၁၂ ရက်**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတကြီး H.E.Mr. Vladimir Vladi–mirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတကြီး H.E. Mr. Alexander Gregoryevich Lukash–enko တို့၏ ဖိတ်ကြားချက်အရ ၂၀၂၅ ခုနှစ် မတ် ၃ ရက်မှ ၉ ရက်ထိ တရားဝင်ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပါသည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ချစ်ကြည်ရေးခရီးစဉ်များတွင် နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးစီးပွားအတွက် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့မှုအပေါ် ကျွန်ုပ်တို့နိုင်ငံရေးပါတီများက များစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

➢ ➢ ➢

| စဉ် | အမည် | ပါတီတာဝန် | ပါတီအမည် | လက်မှတ် |
|---|---|---|---|---|
| ၁။ | ဦးခင်ရီ | ဥက္ကဋ္ဌ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | |
| ၂။ | ဦးဌေးကျော် | ဥက္ကဋ္ဌ | မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ | |
| ၃။ | ဦးခေါတိန့် | အတွင်းရေးမှူး | ဒီမိုကရေစီပါတီသစ်(ကချင်) | |
| ၄။ | ဦးဟန်ရွှေ | ဥက္ကဋ္ဌ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | |
| ၅။ | ဦးအေးကြိုင် | ဥက္ကဋ္ဌ | ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ | |
| ၆။ | ဦးလီပေါ်ရဲ့ | ဥက္ကဋ္ဌ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ) | |
| ၇။ | ဦးဦးသန်းဌေး | ဒုတိယဥက္ကဋ္ဌ | ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၈။ | ဦးထွန်းအောင် | ဥက္ကဋ္ဌ | အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၉။ | ဒေါ်တင်တင်ရီ | ဥက္ကဋ္ဌ | အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ | |
| ၁၀။ | ဦးသိန်းကြည် | ဥက္ကဋ္ဌ | အမျိုးသားနိုင်ငံရေးမဟာမိတ်များ အဖွဲ့ချုပ်ပါတီ | |
| ၁၁။ | ဦးကျော်ဇင် | ဥက္ကဋ္ဌ | ပြည်သူ့အလုပ်သမားပါတီ | |
| ၁၂။ | ဦးကျော်စွာစိုး | ဥက္ကဋ္ဌ | မြန်မာနိုင်ငံတောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၁၃။ | ဦးစိုင်းအိုက်ပေါင်း | ဥက္ကဋ္ဌ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ် ပါတီ (ကျားဖြူပါတီ) | |
| ၁၄။ | ဦးတင်ဆွေ | ဒုတိယဥက္ကဋ္ဌ | ဒီမိုကရက်တစ်ပါတီ | |
| ၁၅။ | ဒေါ်တင်တင်မာ | ဥက္ကဋ္ဌ | ဒီမိုကရက်တစ်အင်အားစုလေဘာပါတီ | |
| ၁၆။ | ဦးစံသာအောင် | ဥက္ကဋ္ဌ | မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ | |
| ၁၇။ | ဦးခိုင်မင်း | ဒုတိယဥက္ကဋ္ဌ | အမျိုးသားဒီမိုကရေစီပါတီသစ် | |
| ၁၈။ | ဦးအောင်ဖြိုးကျော် | နာယက | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | |
| ၁၉။ | ဦးအောင်ဘ | ဗဟို အလုပ်အမှုဆောင် | ခူမီးအမျိုးသားပါတီ | |
| ၂၀။ | ဒေါ်ဝင်းကေခိုင်အေး | ဥက္ကဋ္ဌ | အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီ | |
| ၂၁။ | ဒေါ်စောယုမာ | ဥက္ကဋ္ဌ | ပြည်ထောင်စုငြိမ်းချမ်းရေးနှင့်ညီညွတ်ရေး ပါတီ | |
| ၂၂။ | ဦးထွန်းအောင်ကျော် | ဥက္ကဋ္ဌ | ခေတ်သစ်ပြည်သူ့ပါတီ | |
| ၂၃။ | ဦးမြင့်သန်း | ဥက္ကဋ္ဌ | လေဘာပါတီ | |
| ၂၄။ | ဦးရဲထွန်း | ဥက္ကဋ္ဌ | ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ | |
| ၂၅။ | ဦးအေးလွင် | ဥက္ကဋ္ဌ | ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသား နိုင်ငံရေးအဖွဲ့ချုပ်ပါတီ | |
| ၂၆။ | ဦးမင်းမျိုးတင့်လွင် | ဥက္ကဋ္ဌ | မွန်တိုးတက်ရေးပါတီ | |
| ၂၇။ | ဒေါ်စန္ဒာဦး | ဥက္ကဋ္ဌ | မတူကွဲပြားခြင်းနှင့်ငြိမ်းချမ်းရေးပါတီ | |
| ၂၈။ | ဦးမင်းသူ | ဥက္ကဋ္ဌ | ပြည်ထောင်စုလယ်သမားအလုပ်သမား အင်အားစုပါတီ | |
| ၂၉။ | ဒေါက်တာခင်မောင်ဦး | ဥက္ကဋ္ဌ | ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ | |

☆ **ကျောဖုံးမှအဆက်**

ညော့သည်ဝင်ရောက်မှု နှစ်သန်းပြည့် အမှတ်တရအဖြစ် လက်ဆောင်ပန်းစည်း၊ ဂုဏ်ပြု Trophy၊ အပန်းဖြေစခန်းသို့ တစ်နှစ်စာအခမဲ့ဝင်ရောက်ခွင့်(Gold Card) နှင့် အမှတ်တရဂုဏ်ပြုလက်ဆောင်ပစ္စည်းများပေးအပ်ခဲ့ပြီး နှစ်သန်းပြည့် ညော့သည်နှင့်အတူ ပါရှိလာသည့် ၎င်း၏ မိသားစုဝင်များအား အပန်းဖြေစခန်းနှင့် မှန်တံတားဝင်ခွင့်၊ Sky Cable Car စီးနင်းမှုနှင့် ဘာဂီစီးနင်းလည်ပတ်ခြင်းများကို အခမဲ့ စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း (BE.FALLS)အနေဖြင့် လာရောက်အပန်းဖြေသူများအေးချမ်းပျော်ရွှင်စွာအပန်းဖြေအနားယူနိုင်ရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းစေရေးတို့အတွက် လုံခြုံရေးနှင့် သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးလုပ်ငန်းများကိုပါ ကြိုတင်ပြင်ဆင်စီမံထားရှိကာ အပန်းဖြေစခန်း အဆင့်မြှင့်တင်မှုလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာအပန်းဖြေစခန်းများနည်းတူ လေ့လာအပန်းဖြေဝန်ဆောင်မှုပေးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

## ကျောက်မီးသွေးများကို ပြည်ပမှ တင်သွင်းခွင့်ပြုမည်

**နေပြည်တော် မတ် ၁၂**

ပြည်တွင်းရှိစက်ရုံများ၏ကုန်ထုတ်လုပ်မှုများတိုးမြှင့်ဆောင်ရွက်နိုင်ရန်နှင့် ဘိလပ်မြေစက်ရုံများ စဉ်ဆက်မပြတ်ကုန်ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သောစက်မှုကုန်ကြမ်းဖြစ်သည့် ကျောက်မီးသွေးများကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ ပြည်ပမှ တင်သွင်းခွင့်ပြုပေးသွားမည်ဖြစ်ကြောင်းနှင့် လိုအပ်သော ဘိလပ်မြေစက်ရုံများအနေဖြင့် သွင်းကုန်လိုင်စင်များ လျှောက်ထားနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)

၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)

၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)

၄။ Myawady Webportal (https://myawady.net.mm)

၅။ Myanmar National Portal (https://myanmar.gov.mm)

# အိန္ဒိယနှင့် မြန်မာနယ်စပ် မဏိပူရဒေသအကြောင်းနှင့် ကဘော်ချိုင့်ဝှမ်းကိစ္စ၊ မီဇိုရမ်လွှတ်တော်အမတ်များ ပြောကြားချက်များနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

ဒီနေ့မှာတော့ မီဒီယာတွေမေးမြန်းနေတဲ့ အိန္ဒိယနဲ့မြန်မာနယ်စပ် မဏိပူရဒေသအကြောင်းနဲ့ ကဘော်ချိုင့်ဝှမ်းကိစ္စ၊ ပြီးရင်မီဇိုရမ်လွှတ်တော်အမတ်တွေပြောကြားတဲ့ကိစ္စတွေနဲ့ပတ်သက်ပြီးပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ် လွှတ်တော်အမတ် K. Vanlalvena က အိန္ဒိယနဲ့ နယ်စပ်ချင်းထိစပ်နေတဲ့ မြန်မာနိုင်ငံအနောက်မြောက်ဘက်နေရာဒေသတွေကို သွားရောက်ခဲ့တယ်ဆိုပြီးတော့ The Hindu သတင်း Website မှာ ဖော်ပြထားတာ တွေ့ရပါတယ်။ သူပြောကြားတာကတော့ K. Vanlalvena က မီဇိုရမ်ပြည်နယ်ကနေ မြန်မာနိုင်ငံအတွင်းကို နယ်စပ်ဖြတ်ကျော်ပြီး သွားရောက်ခဲ့တယ်။ အဲဒီခရီးစဉ်နဲ့ပတ်သက်ပြီး မီဇိုရမ်ပြည်နယ်အုပ်ချုပ်ရေးမှူးနဲ့ နယ်ခြားစောင့်တပ်ကို အသိပေးအကြောင်းကြားခဲ့တယ် ဆိုပြီးတော့လည်း The Hindu သတင်း Website က ဖော်ပြထားတာကိုတွေ့ရပါတယ်။ပြီးရင် CNF၊ CNAချင်းPDFအဖွဲ့တွေနဲ့ တွေ့ဆုံခဲ့တယ်ဆိုပြီးလည်း ပြောကြားထားတာကို ကျွန်တော်တို့ တွေ့ရပါတယ်။ ဒါ့ပြင် အိန္ဒိယ-မြန်မာနယ်စပ်ချင်းနယ်စပ်ဆက်စပ်တဲ့နေရာပေါ့။ တမူး-ကဘော်ချိုင့်ဝှမ်းဒေသနဲ့ပတ်သက်ပြီးလည်း အိန္ဒိယအထက်လွှတ်တော် အစည်းအဝေးမှာ မဏိပူရပြည်နယ် ပါလီမန်လွှတ်တော်အမတ်တစ်ဦးကနေပြီး ဒီဟာနဲ့ပတ်သက်ပြီးယခင်သမိုင်းကြောင်းအရ အိန္ဒိယဘက်ကပိုင်တယ်ဆိုတဲ့သဘောမျိုးပြောကြားခဲ့တာကိုတွေ့ရပါတယ်။ ဒါ့ပြင် မီဇိုရမ်ပြည်နယ်ကနေတစ်ဆင့် မြန်မာနိုင်ငံထဲကိုဝင်ရောက်လာတဲ့ နိုင်ငံခြားသားများကိစ္စနဲ့ပတ်သက်ပြီး ဒီလ ၁၀ ရက်မှာ မီဇိုရမ်ပြည်နယ်ဝန်ကြီးချုပ် Lalduhoma က မီဇိုရမ်ပြည်နယ်လွှတ်တော်မှာ ပြောကြားခဲ့တာကို တွေ့ရပါတယ်။ ယခင်နှစ် ဇွန်လကနေ ဒီဇင်ဘာလအတွင်း နယ်စပ်ဒေသဖြစ်တဲ့ Aizawl ကို နိုင်ငံခြားသား ၂၀၀၀ နီးပါးလာရောက်လည်ပတ်ပြီး ပြည်နယ်အတွင်း တော့သွားနေတာမတွေ့ဘဲနဲ့အဓိကရည်ရွယ်ချက်က မြန်မာနိုင်ငံအတွင်း ဖြတ်ကျော်ဝင်ရောက်ပြီး မြန်မာ့ပြည်တွင်းရေးတွေကို ဝင်ရောက်စွက်ဖက်ရန်ဖြစ်တယ်ဆိုပြီး လွှတ်တော်မှာတရားဝင်တင်ပြခဲ့တဲ့ သတင်းကိုလည်း The Times Of India သတင်းဌာနကနေပြီး ပြောကြားထားတာကို တွေ့ရပါတယ်။ ဒီကိစ္စတွေနဲ့ပတ်သက်ပြီး မီဒီယာတွေရဲ့မေးမြန်းချက်ကို ကျွန်တော် ပြောကြားလိုတာကတော့ မြန်မာနဲ့ အိန္ဒိယနိုင်ငံဆိုတာ မိတ်ဆွေကောင်းနိုင်ငံတွေဖြစ်ပါတယ်။ အိန္ဒိယနဲ့ Act East Policy နဲ့ပတ်သက်ပြီး မြန်မာနိုင်ငံအနေနဲ့ ပူးပေါင်းဆောင်ရွက်နေတာဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ကတော့ ယခင်ကလည်းပြောကြားခဲ့ပြီး ဖြစ်တဲ့အတိုင်း မြန်မာနိုင်ငံအစိုးရအနေနဲ့ အိန္ဒိယနယ်မြေကို အသုံးပြုပြီး မြန်မာကို ဆန့်ကျင်နေတဲ့ အုပ်စုများကို မလိုလားသလို မြန်မာနယ်မြေကို အသုံးပြုပြီး အိန္ဒိယအစိုးရကို ဆန့်ကျင်နေတဲ့အုပ်စုများကိုလည်း မြန်မာနိုင်ငံအနေနဲ့ လက်ခံမထားပါဘူး။ ဒီဟာတွေနဲ့ပတ်သက်ပြီး နှစ်နိုင်ငံနယ်စပ်ဒေသလုံခြုံရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုတွေအများကြီးရှိခဲ့ပါတယ်။ အောင်မြင်မှုတွေအများကြီးရှိခဲ့ပါတယ်။ ပူးပေါင်းဆောင်ရွက်မှုကိုလည်း လက်တွေ့ပြသပြီးဖြစ်တယ်ဆိုတာ အိန္ဒိယနိုင်ငံအစိုးရအနေနဲ့သိပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ အိန္ဒိယနဲ့အတူပဲ ယခင်ကအတိုင်းသဘောတူထားတဲ့ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး ၅ ရပ်အတိုင်းပဲ ကျွန်တော်တို့ နေထိုင်လျက်ရှိပါတယ်။ မိတ်ဆွေကောင်းပီသစွာ နေထိုင်လျက်ရှိပါတယ်။ မြန်မာ-အိန္ဒိယနယ်စပ်နဲ့ ပတ်သက်ပြီး ပြောရမယ်ဆိုရင် မြန်မာ-အိန္ဒိယ နယ်စပ်ဟာ မိုင် ၁၀၁၀ ကျော်ရှည်လျားပါတယ်။ ၁၆၂၆ ကီလိုမီတာရှိပါတယ်။ တိုင်းတာပြီး ၉၀၇ မိုင်ကျော်ရှိပါတယ်။ ကီလိုမီတာအားဖြင့် ၁၄၆၀ ကျော်တိုင်းတာပြီးဖြစ်ပါတယ်။ အများစုတိုင်းတာပြီးဖြစ်ပါတယ်။ အခုပြောဆိုနေတဲ့ ကဘော်ချိုင့်ဝှမ်းဒေသဆိုတာလည်း ယခင်တိုင်းတာပြီးအသိအမှတ်ပြုပြီးဖြစ်ပါတယ်။ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ နယ်ခြားသတ်မှတ်ချက်အနေနဲ့ ၂၀၁၄ ခုနှစ် မေ ၈ ရက်မှာ ချုပ်ဆိုထားတဲ့ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနယ်စပ်ဒေသ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာလည်းရှိပြီး ဖြစ်ပါတယ်။ ဒီကဘော်ချိုင့်ဝှမ်းဒေသနဲ့ ပတ်သက်ပြီး ပြောရမယ်ဆိုလို့ရှိရင် ယခင်တုန်းကလည်း ၂၀၁၃ တုန်းကလည်း အိန္ဒိယရဲ့ အတိုက်အခံပါတီတစ်ခုဖြစ်တဲ့ BJP ပါတီက တမူး-ကလေး-မင်းကင်းမြို့နယ်တွေပါဝင်တဲ့ ကဘော်ချိုင့်ဝှမ်းဒေသကို ပြန်ယူပေးမယ်ဆိုပြီး မဲဆွယ်တာမျိုးရှိခဲ့တယ်။ ဒါတွေကိုလည်း ကလေးမြို့မှာကော မင်းကင်းမြို့မှာကော ဒေသခံတွေက ဆန္ဒပြကန့်ကွက်ခဲ့တာမျိုးတွေ ရှိပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ပြောကြားချင်တာကတော့ မြန်မာနိုင်ငံအနေနဲ့အိန္ဒိယနိုင်ငံအတွက် အိမ်နီးချင်းကောင်းမိတ်ဆွေကောင်းအဖြစ် အမြဲရပ်တည်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံမှာရှိတဲ့ အချို့သောနိုင်ငံရေးသမားတွေအနေနဲ့ မိမိရဲ့နိုင်ငံရေးလောဘတစ်ခုတည်းကို ကြည့်ပြီးနှစ်နိုင်ငံဆက်ဆံရေးကိုပျက်ပြားအောင် မလုပ်သင့်ဘူးဆိုတာပြောကြားလိုပါတယ်။ မြန်မာနိုင်ငံရဲ့အချုပ်အခြာအာဏာနယ်မြေပိုင်ဆိုင်မှုကို လေးစားသင့်တယ်လို့ ပြောကြားလိုပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံအနေနဲ့အသိပေးသင့်တာတွေ၊ ပြောဆိုသင့်တာတွေကို ဆက်လက်လုပ်ဆောင်သွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။အားလုံးကိုကျေးဇူးတင်ပါတယ်။



THE HINDU

## Mizoram MP visits rebel outfit in Myanmar, asks them to join the Indian Union

**Mizo National Front MP crosses to Myanmar on foot, meets Chinland Council to "forge friendship and brotherhood"; says they "belong to the same Mizo family", will brief Home, External Affairs Ministers on his talks**

Published - March 05, 2025 10:31 pm IST - NEW DELHI

VIJAITA SINGH

READ LATER PRINT




Mizoram MP K. Vanlalvena with the offices of the Chinland Council, a rebel outfit controlling parts of north-west Myanmar in areas bordering India. | Photo Credit: Special Arrangement

Mizoram MP K. Vanlalvena visited the camp and offices of the Chinland Council, a rebel outfit controlling parts of north-west Myanmar in areas bordering India, last week. He said

THE TIMES OF INDIA

India Times Evoke Cancel Patriarchy Maharashtra Delhi Karnataka Tamil Nadu Telangana Uttar Pradesh West Bengal

NEWS / INDIA NEWS / Foreigners Entering Myanmar Via Mizoram To Train Rebels: CM

TRENDING Communal Clash in MP Live Cricket Score Bank Holidays Maharashtra budget Champions Trophy

## Foreigners entering Myanmar via Mizoram to train rebels: CM

HC Vanlalruata / TNN / Mar 11, 2025, 03:38 IST

SHARE AA FOLLOW US

Foreigners from the US and UK are crossing into Myanmar via Mizoram to provide arms training to local insurgents, according to Mizoram's chief minister. The Center has heightened surveillance in border areas following involvement from China and the US in the Myanmar conflict. The re-imposition of the prot ... Read More



Mizoram CM Lalduhoma

AIZAWAL: Foreigners, including those from the US and the UK, are crossing into Myanmar via Mizoram to impart arms training to insurgents there, CM Lalduhoma informed Mizoram assembly on Monday.

The CM said while nearly 2,000 foreigners visited Aizawl between June and Dec last year, they were never seen in the streets, alluding to the fears that their main intention had been to cross into Myanmar to interfere in its internal affairs.

Centre has been closely watching the situation in the border areas after China and the US involved themselves in Myanmar conflict. The recent visit of Mizoram by the US ambassador to India without any prior intimation also came as a surprise, he said.

Union home ministry re-imposed the protected area regime in Manipur, Nagaland and Mizoram to monitor the movement of foreigners.

*Stay updated with the latest India news, weather forecast for major cities like Delhi, Mumbai, Noida, and Bengaluru on Times of India.*



# ကော့မှူးမြို့နယ် နတ်စင်ကုန်းစံပြကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် မတ် ၁၂

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် နတ်စင်ကုန်းစံပြကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ မင်္ဂလာစမ်းကျောင်း ကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။



ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဒလတပ်နယ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော်ငါးပါးနှင့် ဒေသခံပြည်သူ ၁၂၆ ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို ဒလတပ်နယ်မှတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (မြဝ)

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၉၉ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့

နေပြည်တော် မတ် ၁၂

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ စုံစမ်းဖော်ထုတ်လျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့- မယ်ထော်သလေးနယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၂၉၉ ဦးကို ထပ်မံထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်းကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကရင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းသူကျော်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဇန်နဝါရီ ၃၀ ရက်မှ မတ် ၁၂ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၅၇၄၅ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၂၇၆၃ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၉၈၂ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန်အသင့်ဖြစ်နေပြီ ဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။



မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၉၉ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့မှုမှတ်တမ်းဓာတ်ပုံ။

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများကို စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာအရေးယူဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုနှင့် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများကို တားဆီးကာကွယ် တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (မြဝ)

# သံအမတ်ကြီး ဦးသစ်လင်းအုန်း ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်

နေပြည်တော် မတ် ၁၃

ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသစ်လင်းအုန်းသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၂၅ ခုနှစ် မတ် ၁၁ ရက်တွင် ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့ သမ္မတနန်းတော်၌ ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ မစ္စတာအလက်ဇန္ဒား ဂရီဂေါ်ရဲဗိချ်လူကာရှန်ကိုထံသို့ ပေးအပ်ခဲ့ပြီးဖြစ်သည်။ (သတင်းစဉ်)

# ၂၀၂၅ ခုနှစ် မတ် ၁၂ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၄၈၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# ပေါက်ခေါင်းတွင် တပ်မတော်ကလက်နက်ကြီး ပစ်ခတ်မှုကြောင့် ဒေသခံ ၂၀၀ ကျော် စစ်ရှောင်နေရဟု မဟုတ်မမှန်သတင်းများ ဝါဒဖြန့်လှုံ့ဆော်လျက်ရှိ

နေပြည်တော် မတ် ၁၂

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် သစ်ရောင်းပြန်ရွာ၊ ကံကြီးကုန်းနှင့် ဖိုလ်ကုန်းကျေးရွာတို့တွင် မတ် ၁၀ ရက်က တပ်မတော်၏လက်နက်ကြီးပစ်ခတ်မှုကြောင့် ဒေသခံ ၂၀၀ ကျော် စစ်ရှောင်နေရကြောင်း မဟုတ်မမှန်သတင်းများကို လူမှုကွန်ရက်ပေါ်တွင် ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ ပေါက်ခေါင်းမြို့နယ်မှ လုံခြုံရေးဆိုင်ရာ တာဝန်ရှိသူတစ်ဦးထံ ဆက်သွယ်မေးမြန်းရာ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်လျက်ရှိသည့်အတွက် အပြစ်မဲ့ပြည်သူများနေထိုင်ရာ ကျေးရွာများကို လက်နက်ကြီးပစ်ခတ်မှု မရှိကြောင်း၊ ပေါက်ခေါင်းမြို့နယ်အတွင်း အကြမ်းဖက်သမားများ ခိုအောင်းနေထိုင် လှုပ်ရှားနေသည့်နေရာများကို ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ လိုအပ်သည့် နယ်မြေလုံခြုံရေးများ ဆောင်ရွက်လျက်ရှိသည်ကို အကြမ်းဖက်အားပေးပြည်ဖျက်မီဒီယာများက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန်သတင်းများဖြင့် ဝါဒဖြန့်လှုံ့ဆော်နေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ (မြဝ)




# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မတ် ၁၂

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက် ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မတ် ၁၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Xz King" Facebook အကောင့်နှင့် "Xz King" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ကမာနတ်ကျေးရွာနေ စိုးမိုးဦးအား ည ၆ နာရီ မိနစ် ၄၀ တွင် ပဲခူးမြို့ မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (မြဝ)

လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အမေရိကန်က တိုက်လေယာဉ်တွင် တာဝေးပစ်သင်္ဘောဖျက်ဒုံးကျည်တပ်ဆင်၍ စမ်းသပ်ပျံသန်းမှုဆောင်ရွက်နိုင်ခဲ့



အမေရိကန်နိုင်ငံ Lockheed Martin ကုမ္ပဏီနှင့် F-35 Pax River ပေါင်းစည်းစမ်းသပ်ရေးတပ်ဖွဲ့တို့သည် တာဝေးပစ်သင်္ဘောဖျက်ဒုံးကျည် AGM-158C (LRASM)ကို F-35B Lightning II ကိုယ်ပျောက်တိုက်လေယာဉ်တွင် တပ်ဆင်၍ ကနဦးစမ်းသပ်ပျံသန်းမှုဆောင်ရွက်နိုင်ခဲ့ကြောင်း The Defense Post သတင်းဌာနက မတ် ၇ ရက်တွင်ရေးသားဖော်ပြခဲ့သည်။

AGM-158 စီးရီးလက်နက်များဖြစ်သည့် LRASM တာဝေးပစ်သင်္ဘောဖျက်ဒုံးကျည်နှင့် ဝေဟင်မှမြေပြင်ပစ်တာဝေးပစ်ဒုံးကျည်(JASSM)တို့သည် F-35 Block 4 အဆင့်မြှင့်တင်မှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် F-35 လေယာဉ်၏ပြင်ပလက်နက်တပ်ဆင်ခန်းတွင် သယ်ဆောင်တိုက်ပွဲဝင်နိုင်မည်ဖြစ်သည်။ ၎င်းသည် ၂၀၂၄ ခုနှစ်စက်တင်ဘာလတွင် F-35C တိုက်လေယာဉ်တွင် LRASM ဒုံးကျည်ဖြင့် စမ်းသပ်ပျံသန်းမှုအပြီး ယခုလိုထပ်မံလုပ်ဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။ F-35B လေယာဉ်သည် အချိန်တိုအတွင်း ဒေါင်လိုက်ပျံသန်းဆင်းသက်နိုင်ကာ အမေရိကန်မရိန်းတပ်ဖွဲ့၊ အမေရိကန်ရေတပ်တို့နှင့်အတူ လေယာဉ်တင်သင်္ဘောအခြေပြု F-35C တိုက်လေယာဉ်များနှင့် တွဲဖက်တပ်ဖြန့်အသုံးပြုနေခြင်းဖြစ်ကြောင်း သိရသည်။

AGM-158 အုပ်စုဝင် ဒုံးကျည်များကို ပေါင်းစည်းအသုံးပြုနိုင်ခြင်းသည် ခိုင်မာစွာကာကွယ်ပေးထားသော မဟာဗျူဟာမြောက်ပစ်မှတ်များကို တိုက်စွမ်းအားမြင့်မားကောင်းမွန်စေလိမ့်မည်ဖြစ်သည်ဟု Lockheed Martin ကုမ္ပဏီ Missiles and Fire Control စနစ်များ၊ လေကြောင်းစိုးမိုးမှုနှင့် တိုက်ခိုက်ရေးလက်နက်များဆိုင်ရာ ဒုတိယဥက္ကဋ္ဌနှင့် အထွေထွေမန်နေဂျာ Jon Hill က ပြောကြားခဲ့သည်။

"ဒီဒုံးကျည်တွေကို ပေါင်းစပ်နိုင်မှုဟာ F-35 တိုက်လေယာဉ်မှာ အတိုးတက်ဆုံးစွမ်းဆောင်ရည်တွေကို ဆက်ပြီးသက်သေပြနေတာက နောက်ဆယ်စုနှစ်များစွာကြာအောင် ကောင်းကင်ယံကို ပိုင်ဆိုင်နိုင်စေဖို့အတွက် F-35 မှာ လေကြောင်းသာလွန်မှုစွမ်းအားတွေ ဆက်လက်ရှိနေစေမှာပါ"ဟု Lockheed Martin Aeronautics ဌာနခွဲမှ F-35 ပရိုဂရမ်၏ ဒုတိယဥက္ကဋ္ဌနှင့်အထွေထွေမန်နေဂျာ Chauncey McIntosh က ပြောကြားခဲ့သည်။

စမ်းသပ်ပျံသန်းစဉ်အတွင်း လေယာဉ်တောင်ပံထိပ်ရှိ AIM-9X ဒုံးကျည်တစ်စုံအပြင် AGM-158C (LRASM)ဒုံးကျည်ကို တိုက်လေယာဉ်၏အတွင်းဘက်လက်နက်တပ်ဆင်သည့် Hard Points နေရာများတွင် တပ်ဆင်ထားသည်ကို မြင်တွေ့ခဲ့ရသည်။ အလျား ၁၄ ပေ၊ အလေးချိန်ပေါင် ၂၇၆၀ ရှိသောဒုံးကျည်သည် လေယာဉ်အတွင်းပိုင်းလက်နက်တပ်ဆင်ခန်းတွင် တပ်ဆင်ရန် အခက်အခဲရှိခဲ့သည်။ စမ်းသပ်မှုများသည် ပျံသန်းမှုလမ်းကြောင်းတစ်လျှောက် တိုက်လေယာဉ်ကိုယ်ထည်အပေါ် ဒုံးကျည်၏သက်ရောက်မှုကို ဆန်းစစ်အကဲဖြတ်ရန် ရည်ရွယ်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

ကာကွယ်ရေးအဆင့်မြင့် သုတေသနစီမံကိန်းများအေဂျင်စီသည် အမေရိကန်လေတပ်နှင့် အမေရိကန်ရေတပ်နှစ်ခုစလုံးအတွက် ရန်သူထောက်လှမ်းစောင့်ကြည့်နိုင်ခြေနည်းပါးသော ဒုံးကျည်များကို တီထွင်ထုတ်လုပ်ခဲ့ကြသည်။ အဆိုပါဒုံးကျည်များကို F-35 တိုက်လေယာဉ်အပြင် ရေတပ်၏ P-8 Poseidon ရေကြောင်းကင်းလှည့်လေယာဉ်နှင့် လေတပ်၏ F-15E Strike Eagle နှင့် F-15EX Eagle II တိုက်လေယာဉ်များနှင့် ပေါင်းစပ်အသုံးပြုရန်အတွက် စဉ်းစားလျက်ရှိသည်။

၎င်း၏ Onboard ပစ်မှတ်ရှာဖွေဖော်ထုတ်ရေးစနစ်များကြောင့် ဒုံးကျည်၏ထောက်လှမ်းရေး၊ စောင့်ကြည့်ထောက်လှမ်းရေးနှင့် ကင်းထောက်စနစ်များ၊ ကွန်ရက်ချိတ်ဆက်မှုစနစ်များနှင့် GPS လမ်းကြောင်းပြစနစ်များအပေါ် မှီခိုအားထားမှုလျော့နည်းသွားနိုင်သည်။ ပြိုင်ဆိုင်မှုပြင်းထန်သောပတ်ဝန်းကျင်အခြေအနေများတွင် ၎င်းသည် ကြိုတင်သတ်မှတ်ထားသောပစ်မှတ်များကို ရှာဖွေရန်နှင့် တိုက်ခိုက်ဖျက်ဆီးရန်အတွက် တိကျမှုနည်းသော ပစ်မှတ်အချက်အလက်များကို အသုံးပြု၍ပင် တိုက်ပွဲဝင်လုပ်ဆောင်နိုင်မည်ဖြစ်သည်။ LRASM ဒုံးကျည်မျိုးကွဲသုံးမျိုးသည် Offensive Anti-Surface Warfare ပရိုဂရမ်၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး LRASM 1.0၊ LRASM 1.1 နှင့် LRASM C-3 ဟူ၍ရှိကြောင်း သိရသည်။

**F-35B Flight Tested With Long Range Anti-Ship Missile ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းက လေကြောင်းရန်ကာကွယ်ရေးစွမ်းရည်ကိုမြှင့်တင်ရန် Diehl Defence ကုမ္ပဏီနှင့်သဘောတူ

ယူကရိန်းနိုင်ငံအစိုးရသည် နိုင်ငံ၏ လေကြောင်းရန်ကာကွယ်ရေးစွမ်းရည်ကို မြှင့်တင်ရန်အတွက် Diehl Defence ကုမ္ပဏီနှင့် သဘောတူလက်မှတ်ရေးထိုးခဲ့ကြောင်း The Defense Post သတင်းဌာနက မတ် ၁၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဂျာမနီကာကွယ်ရေးကန်ထရိုက်တာကုမ္ပဏီသည် ယူကရိန်းနိုင်ငံတွင် တပ်ဖြန့်အသုံးပြုလျက်ရှိသောIRIS-T လေကြောင်းရန်ကာကွယ်ရေးစနစ်ကို တီထွင်ထုတ်လုပ်နေသည့်ကုမ္ပဏီတစ်ခုဖြစ်သည်။

၎င်းတို့၏ နှစ်ဦးနှစ်ဖက်သဘောတူညီချက်အရ လေကြောင်းရန်ကာကွယ်ရေးစနစ်များ တိုးမြှင့်ထုတ်လုပ်ရန်အတွက် အဓိကအရေးပါသော စက်မှုလုပ်ငန်းစီမံကိန်းများထူထောင်ရန် တောင်းဆိုထားသည်။ ထို့ကြောင့် လေကြောင်းရန်ကာကွယ်ရေးစနစ်များနှင့် ဒုံးကျည်များ ပံ့ပိုးပေးနိုင်မှု ယခင်ကထက် သုံးဆတိုးမြင့်လာမည်ဟု မျှော်မှန်းထားကြသည်။

"သူတို့ရဲ့ယုံကြည်မှုနဲ့ပူးပေါင်းဆောင်ရွက်လိုတဲ့ စိတ်ဆန္ဒအတွက် Diehl Defence ကုမ္ပဏီကို ကျေးဇူးတင်ပါတယ်။ ကမ္ဘာ့ကာကွယ်ရေး ကုမ္ပဏီကြီးတွေ ယူကရိန်းနိုင်ငံမှာ ခြေချလာဖို့ အရေးကြီးတယ်။ လွတ်လပ်တဲ့ကမ္ဘာကြီးဟာ ကျွန်တော်တို့နဲ့အတူ ရပ်တည်နေပြီး ကျွန်တော်တို့ရဲ့ ကာကွယ်ရေးကို ခိုင်မာအားကောင်းစေဖို့ အခွင့်အလမ်းသစ်တွေကို အတူတကွဖန်တီးပေးနေပါတယ်"ဟု ယူကရိန်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး Rustem Umerov က ပြောကြားခဲ့သည်။

ဂျာမနီနိုင်ငံသည် စုစုပေါင်း IRIS-T လက်နက်စနစ်ခြောက်စုံကို ယူကရိန်းနိုင်ငံသို့ပို့ဆောင်ပေးခဲ့ပြီးနောက်ထပ်လက်နက်စနစ် ၁၇ စုံကို Diehl Defence ကုမ္ပဏီထံ ထပ်မံမှာယူထားကြောင်း သိရသည်။ IRIS-T လက်နက်စနစ်သည် တာတို၊ တာလတ်၊ တာဝေးပစ် စနစ်သုံးမျိုးစလုံး ထုတ်လုပ်ထားခြင်းဖြစ်ပြီး ၂၀၂၆ ခုနှစ်တွင် တာတိုနှင့်တာလတ်ပစ် လက်နက်စနစ် ၁၇ စုံလုံး ပေးပို့နိုင်ရန် မျှော်မှန်းလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ Diehl Defence ကုမ္ပဏီသည် မြင့်တက်လာသော ကမ္ဘာ့ဝယ်လိုအားကို ဖြည့်ဆည်းပေးရန် ၂၀၂၅ ခုနှစ်မှစ၍ IRIS-T လေကြောင်းရန်ကာကွယ်ရေးစနစ်၏ထုတ်လုပ်မှု နှစ်ဆတိုးတက်လာကြောင်း ကြေညာခဲ့သည်။



IRIS-T SL(Surface-launched)စနစ်သည် IRIS-T ဝေဟင်မှ ဝေဟင်ပစ်ဒုံးကျည်ကို လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်ဗားရှင်းအဖြစ် အသုံးပြုထုတ်လုပ်ထားသည့်စနစ်ဖြစ်ပြီး ဒုံးပစ်လောင်ချာယာဉ်၊ ရေဒါယာဉ်နှင့် အမိန့်ပေးထိန်းချုပ်မှုစနစ်တို့ ပါဝင်ဖွဲ့စည်းထားသည်။ တာလတ်ပစ်စနစ်(SLM)၊ တာတိုပစ်စနစ်(SLS)ဟူ၍ IRIS-T ၏နောက်တွင် မျိုးကွဲအမည်သတ်မှတ်ပေးထားသည်။ SLM စနစ်သည် အကွာအဝေး ကီလိုမီတာ ၄၀ နှင့် အမြင့်ကီလိုမီတာ ၂၀ အတွင်း တိုက်ပွဲဝင်နိုင်စွမ်းရှိပြီး လက်နက်စနစ်၏ ရေဒါထောက်လှမ်းနိုင်မှုအကွာအဝေးသည် ကီလိုမီတာ ၂၅၀ ဖြစ်သည်။ ၎င်းသည် တောင်ပံပုံသေတပ်၊ ပန်ကာတပ်လေယာဉ်များ၊ ခရုဇ်ဒုံးကျည်များနှင့် ဒရုန်းများကဲ့သို့သော လေကြောင်းခြိမ်းခြောက်မှုအမျိုးမျိုးကို ၃၆၀ ဒီဂရီပတ်လည် လွှမ်းခြုံကာကွယ်နိုင်စွမ်းရှိသည်။ တာတိုပစ် SLS စနစ်၏ စစ်ဆင်နိုင်သည့် အကွာအဝေးသည် ၁၂ ကီလိုမီတာ၊ အမြင့် ရှစ်ကီလိုမီတာအတွင်းဖြစ်ကြောင်း သိရသည်။

**Ukraine, Diehl Defence Agree to Increase IRIS-T Air Defense Supply ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

ဝတ္ထုတိုကဏ္ဍ

# အသက်လေးရယ် ရှည်စေလို

ဆလိုင်းသန်းဇော်ဝင်း



(၁)

သားက ကျောင်းပိတ်ရက်တိုင်း ဦးလေးကြာကြီးနဲ့ အတူတူ တောထဲကို တောလည်အမြဲလိုက်ဖြစ်တယ်။ တောလည်ရတာ ပျော်စရာကောင်းတယ်။ အများအားဖြင့် ဖွတ်၊ ပုတတ်၊ ငုံး၊ ချိုး ဒီအကောင်တွေပဲ ရလေ့ရှိတယ်။ တောလည်က ပြန်လာပြီဆိုရင် အသားဟင်းကောင်းကောင်း စားရတာပေါ့။ မေမေကတော့ သားကိုသိပ်မလွှတ်ချင်ပါဘူး။ ဦးလေးကြာကြီးနဲ့မိုလို့သာ စိတ်ချတာလို့ပြောတယ်။နေပူထဲသွားရင် အသားလဲ မည်းမှာစိုးလို့တဲ့။ တကယ်တော့ သားက အကိုင်သမားသက်သက်ပါ။ ပုတတ်ထောင်ချောက်တို့၊ ငုံးပိုက်တို့ ကိုင်ပေးရတာ။ ပြီးတော့ ရလာတဲ့ အကောင်တွေကိုလဲ သားပဲ ကိုင်ရတာလေ။ ဦးလေးကြာကြီးကတော့ အဖမ်းသမား၊အသတ်သမားပေါ့။ ဘယ်လိုပဲဖြစ်ဖြစ် ညနေအိမ်ပြန်ရောက်ရင် သားအတွက် ဝေစုရတော့ ပျော်ရတာပေါ့။

"ဖိုးသား မနက်ဖြန် ကျောင်းပိတ်တယ်မို့လားကွ"

"ဟုတ် ပိတ်တယ်လေ ဦးဦး"

"အေးကောင်းတယ်။ ငါတို့ မြောက်ဘက်တောင်ကြားက ဒဟတ်တောကိုသွားကြမယ်။ အဲ့ဘက်မှာ ယုန်ပေါတယ်။ ယုန်ပိုက်ပါ ယူခဲ့မယ်ကွာ"

"ဟုတ် ဦးဦး။ မဝေးဘူးမို့လား။ သားက ညနေအိမ်ပြန်ရောက်ရင် ချက်ဖောင်းနဲ့ ငါးသွားဖမ်းအုံးမှာ"

"မဝေးပါဘူးကွာ။ အေးအေး မနက်ဖြန် အဆင်သင့်ပြင်ထား။ ငါလာခေါ်မယ် ကြားလား"

"ဟုတ် ဟုတ်"

ဦးလေးကြာကြီးနဲ့သွားရတာ သိပ်ပျော်ဖို့ကောင်းတယ်။ သီချင်းလေးတကြော်ကြော်နဲ့။ တောတောင်တွေဖြတ်လိုက်၊ စမ်းချောင်းတွေဖြတ်လိုက်နဲ့ မောရမှန်းတောင် မသိပါဘူး။ မီးလောင်ပြင် ဖုန်းဆိုးတောတွေမှာဆို ပုတတ်တွေထောင်ကြတယ်။

ဦးလေးကြာကြီးက နေ့တိုင်းတောလည်တာမဟုတ်ပါဘူး။ ကျွန်တော်ကျောင်းပိတ်တဲ့ရက်မှာမှ အဖော်ကောင်းလို့ အတူတူသွားဖြစ်တာတဲ့။ ကျန်တဲ့ရက်တွေမှာတော့ သူကလွှဆွဲတယ်လေ။ သူ့ကို ရွာထဲကလူတွေက လွှသမားကြာကြီးလို့ ခေါ်ကြတယ်။ သူတစ်ယောက်တည်းဆိုရင် ဟင်းစားဖို့ လွှမဆွဲခင်ကိုင်းလေးဘာလေး ထောင်တယ်လို့ ပြောတယ်။ လွှဆွဲပြီးလို့ အိမ်ပြန်တော့မယ်ဆိုမှ မိတဲ့အကောင်လေးဖြုတ်ပြီး ယူလာခဲ့တာတဲ့။ သားက အကုသိုလ်အကျိုးပေးလို့လားမသိဘူး။ သားနဲ့အတူတူသွားရင် သားကောင်ပိုရတယ်လို့ ဦးလေးကြာကြီးက ပြောသေးတယ်ဗျ။ ဒါကြောင့် ကျောင်းပိတ်ရက်တိုင်းသားတို့ သွားဖြစ်ကြတာပါ။ တကယ်တမ်းကျတော့ သားက ကျောင်းဖွင့်ရာသီမှာ ကျောင်းတက်ပြီး၊ နွေကျောင်းပိတ်တာနဲ့ ဘုန်းတော်ကြီးကျောင်းမှာ နေရတာ။ ခုလို ကျောင်းတက်နေတဲ့ အချိန်မှာတော့ ပိတ်ရက်ရှိတာကိုး။ အဆင်ပြေပါတယ်။ ဘုန်းကြီးကျောင်းနေရပြီဆိုရင်တော့ ပိတ်ရက်လဲမရှိဘူး။ ပြီးတော့ ဘုန်းဘုန်းကလဲ တောလည်ဖို့ မပြောနဲ့ လောက်လေးခွတောင် မကိုင်ခိုင်းပါဘူး။ မျှော့လောက်လေး ကိုင်တာတွေ့လို့ကတော့ မလွယ်ဘူးဆိုတာသာမှတ်။ တစ်နေကုန် စာအံရတာတွေ၊ ရေထမ်းရတာတွေလုပ်ပြီး အပြစ်ပေးခံကြရတာ။

(၂)

"ဟေ့ကောင် ချက်ဖောင်း ရတဲ့ငါးအကုန် နှစ်ယောက်အတူတူနေ့ာ်။ တစ်ဝက်စီခွဲယူမှာ"

"အေးပါကွ။ အများကြီးရအောင်သာ ဖမ်းစမ်းပါ"

"လာ လာ လာ။ မင်းလက်က ပိုပြီးသေးတယ်။ ဒီကျင်းထဲမှာ ငါးရံ့ရှိတယ်ကွ။ နှိုက်စမ်းပါ။ ငါ့လက်က မဆံ့ဖြစ်နေလို့"

"ဟား မိပြီကွ။ အကြီးကြီးပဲ။ ရော့ရော့ဖိုးသား ကုန်းပေါ်ကို အမြန်ယူသွား။ ကျင်းထဲမှာ တစ်ကောင်တွေ့သေးတယ်"

"ရော့ နင့်အဖော်တစ်ထောင်ခေါ်၊ ဖုတ်...ဖုတ်။ ခုညနေတော့ ပိုင်ပြီကွာ။ ရှယ်ပဲ ချက်ဖောင်းရေ့"

သားက ငါးရံ့ကြီးကို မြေပေါ်မှာ ပေါက်သတ်ပစ်လိုက်တယ်။ နောက်ထပ် ငါးတွေ အများကြီးရအောင်လို့ ပါးစပ်ကလဲ "နင့်အဖော် တစ်ထောင်ခေါ်ခဲ့"လို့ အော်ပြောလိုက်သေးတာပေါ့။ သားနဲ့ ချက်ဖောင်းက အမြဲတမ်းအတူတူ ငါးဖမ်းနေကျ။ ချက်ဖောင်းကတော့ တစ်ခါတလေ သားမပါဘဲလဲ တစ်ယောက်တည်း သွားတဲ့အခါရှိတယ်။ သူ့မှာက အမေမရှိတော့ဘူး။ သူ့အဖေက နောက်မိန်းမယူထားတာ။ သားတို့က ပုစွန်ကျင်းနှိုက်တယ်။ အိုင်ပက်တယ်။ တစ်ခါတလေလဲ ရွံ့နွံရှိတဲ့ ရေအိုင်တွေထဲမှာ ငါးလူးစမ်းတယ်။ ငါးလူးက လူကိုလာထိမိပြီဆိုတာနဲ့ ဘယ်မှမပြေးတော့ဘူး။ ခြေထောက်အောက်တို့၊ လက်ကြားထဲတို့ကို အတင်းတိုးဝင်တော့တာ။ တစ်ခါတလေ ရေအိုင်က လည်ပင်းလောက်၊ ရင်စို့လောက် အနက်ရှိရင်တော့ ခြေထောက်အောက်မှာ ငါးလူးကိုနင်းမိထားပြီဆိုတာနဲ့ ချက်ဖောင်းကို အပေါ်ကဖိခိုင်းပြီး သားက ရေငုပ်ဖမ်းယူရတာ။ သူမိထားရင်လဲ သားက အပေါ်က ဖိပေးရတာပါပဲ။

အဲ နွေကျောင်းပိတ်ပြီဆိုရင်တော့ နှစ်ယောက်စလုံး ဘုန်းကြီးကျောင်း နေကြရပြီ။ ငါးဖမ်းခွင့် မရကြတောဘူး။ ငါးဖမ်းနေတဲ့ ချက်ဖောင်းကို သားက မေးကြည့်မိတယ်။

"ဟေ့ကောင် ချက်ဖောင်း။ ခုတစ်ခါနွေကျောင်းပိတ်ရင် ဘုန်းကြီးကျောင်းမနေဖို့ အိမ်ကိုပြောကြည့်ကြမလား"

"ငါ ပြောကြည့်ပြီးပါပြီကွာ။ ငါ့အဖေက ခွင့်မပြုဘူး။ သူတို့ငယ်ငယ်တုန်းကလဲ နေခဲ့ရတာပဲတဲ့။ တစ်ရွာလုံးမှာရှိတဲ့ လူတော်တော်များများက ဘုန်းဘုန်းကြီးရဲ့ တပည့်ဟောင်းတွေချည်းပဲတဲ့ကွ"

"အေးကွာ။ ငါ့ဖေကြီးကလဲ ပြောတယ်။ ဘုန်းဘုန်းက ကလေးတွေကိုနွေကျောင်းပိတ်ရင် ငါ့ကျောင်းကိုလာအပ်ကြလို့ ပြောတယ်တဲ့။ သူတို့က ဘုန်းဘုန်းကို ကြည်လဲကြည်ညိုတယ်။ ကြောက်လဲ ကြောက်ကြရတယ်တဲ့ကွ။ ဆရာဘုန်းကြီး ဆိုတော့ကွာ"

"အေးကွာ စိတ်ညစ်ပါတယ်။ စာအံချိန်မှာစာအံ၊ ကစားချိန်မှာကစားရလို့ ပျော်ပါတယ်။ မုန့်တွေလဲစားရပါတယ်။ ဒီလို ငါးမဖမ်းရတော့လို့ စိတ်ညစ်တာကွ"

"ဟုတ်တယ်။ ဟုတ်တယ်"

(၃)

အခုဆို သားတို့နွေကျောင်းပိတ်ပါပြီ။ မကြာခင်မှာ လက်ဖက်ခြောက်ထုပ်တို့၊ ကန်တော့ဖွယ်ပစ္စည်းတစ်ခုခုနဲ့ ဖေကြီးက သားကို ဘုန်းကြီးကျောင်းအပ်ပေးတော့မှာ။

ဖေကြီးနဲ့သားတို့ ဘုန်းကြီးကျောင်းကိုသွားဖို့ ပြင်နေကြတုန်း မေမေလေ ရွာထဲကနေ အမောတကောနဲ့ ပြန်လာတယ်။

"သားရေ အစ်ကိုရေ ရွာထဲက စိတ်မကောင်းစရာ သတင်းကြားခဲ့တယ်"

"ဟဲ့ ဘာဖြစ်တာတုံး မိန်းမရ"

"ဟို ဟိုလေ။ ဟိုကလေး ချက်ဖောင်း ဆုံးပြီတဲ့"

"ဟာ ဟုတ်လို့လား မေမေ။ သားနဲ့တောင် ဟိုရက်က တွေ့သေးတယ်"

"ဟုတ်တယ်။ ညက အိမ်ပြန်မလာလို့ဆိုပြီး ဝိုင်းရှာကြတာ။ ရေနစ်သေနေတာတဲ့။ ကလေးက ရေငုပ်ပြီး ကျောက်ကြိုကျောက်ကြား လက်နှိုက်တယ် ထင်ပ့ါ။ အဲဒီထဲ လက်ညပ်နေတာတဲ့။ ခြေထောက် ပေါ်နေတာတွေ့လို့ ဝိုင်းဆွဲကြရတယ်တဲ့"

"ဖြစ်မှ ဖြစ်ရလေ သူငယ်ချင်းရာ"

ဖေကြီးက နောက်နေ့ကျမှပဲ သားကို ဘုန်းကြီးကျောင်းလိုက်အပ်ပေးတယ်။ ရေထဲမှာ ချက်ဖောင်းရှိတယ် ဆိုပြီး သားလဲ ဘယ်တော့မှ ငါးမဖမ်းဝံ့တော့ဘူး။ ဘုန်းကြီးကျောင်းကို ရောက်တော့ စာတွေ အံကြရပါပြီ။ ဘုန်းဘုန်းက–

"ငါ့နောက်က လိုက်ဆို"

ဆိုပြီး မြေဖြူနဲ့ရေးထားတဲ့ သင်ပုန်းကြီးကို တုတ်နဲ့ထောက်ပြီး ရှေ့ကတိုင်ပေးတယ်။

"သူများအသက် သတ်သည့်တွက် အသက်ကိုယ့်မှာတို။ မသတ်ရှောင်ရှား ထိုသူများ ရှည်လျားအသက်ကို။ နှိပ်စက်ကလူ ညှဉ်းဆဲမူ ပြောထူရောဂါဆို။ သနားစိတ်သွင်း မနှိမ်နင်း ကင်းရှင်းရောဂါကို။ ထန်ပြင်းဒေါသ ကြီးတတ်က အလှပျက်မည်ဆို။ ဒေါသကင်းစင် မေတ္တာယှဉ် ကြည်လင်လှသကို"

ဘုန်းဘုန်းတိုင်ပေးတဲ့ အသံတွေဟာ သားနှုတ်ကလိုက်ဆိုနေပေမဲ့ နားထဲမှာလွင့်ကာလွင့်ကာ ပျောက်သွားကြတယ်။ သားမျက်စိထဲမှာ ငါးဖမ်းနေတဲ့ ချက်ဖောင်းရဲ့ ပုံရိပ်တွေပဲ တရိပ်ရိပ်မြင်ယောင်လို့လာတယ်။

"သူများအသက် သတ်သည့်တွက် အသက်ကိုယ့်မှာတို"တဲ့။

သားလေ ကြက်သီးမွေးညင်းတွေ ထလိုက်တာ။ နောက်ဆို ဘယ်တော့မှ သူများအသက်ကို မသတ်တော့ဘူးလို့ ဆုံးဖြတ်ချက်ချလိုက်တယ်။ ပြီးတော့ ဦးလေးကြာကြီးကိုလဲ ဒီကဗျာလေးရွတ်ပြပြီး သူသိအောင် ရှင်းပြရအုံးမယ်လို့ ဆုံးဖြတ်ချက်ချလိုက်ပါတော့တယ်။

**❖"သူများအသက် သတ်သည့်တွက် အသက်ကိုယ့်မှာတို။ မသတ်ရှောင်ရှား ထိုသူများ ရှည်လျားအသက်ကို။ နှိပ်စက်ကလူ ညှဉ်းဆဲမူ ပြောထူရောဂါဆို။ သနားစိတ်သွင်း မနှိမ်နင်း ကင်းရှင်းရောဂါကို။ ထန်ပြင်းဒေါသ ကြီးတတ်က အလှပျက်မည်ဆို။ ဒေါသကင်းစင် မေတ္တာယှဉ် ကြည်လင်လှသကို" ဘုန်းဘုန်းတိုင်ပေးတဲ့အသံတွေဟာ သားနှုတ်ကလိုက်ဆိုနေပေမဲ့ နားထဲမှာလွင့်ကာလွင့်ကာ ပျောက်သွားကြတယ်။❖**

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း မနောသုခဆန် ၂၄ ပြည်ဝင် အိတ်ရေ ၇၄၀၀၀ ထိရောင်းချနိုင်ခဲ့



ကျိုက်လတ် မတ် ၁၂

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း မနောသုခဆန် ၂၄ ပြည်ဝင် အိတ်ရေ ၇၄၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ဆန်၊ စပါး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အိအိမိုးက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလ တစ်လအတွင်းက မနောသုခဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်မှ ၂၈ ရက်ထိ တစ်လအတွင်း မနောသုခဆန် ၂၄ ပြည်ဝင် အိတ်ရေ ၇၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့တစ်လအတွင်း မနောသုခစပါးတင်းရေ အများအပြား ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ကျိုက်လတ်မြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေပါတယ်။ အခြားဆန်တွေနဲ့ယှဉ်ရင် ပြီးခဲ့တဲ့တစ်လအတွင်း မနောသုခဆန်က အရောင်းအဝယ် ပိုဖြစ်ပါတယ်။ ဆန်အိတ်တွေကို ကုန်းလမ်းနဲ့ အဓိကထား တင်ပို့ရောင်းချနေပါတယ်"ဟု ကျိုက်လတ်မြို့နယ်မှ ဆန်၊စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အိအိမိုးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်တစ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် မနောသုခဆန် ၂၄ ပြည်ဝင် ဆန်တစ်အိတ်လျှင် ငွေကျပ် ၈၂၅၀၀ ထိဈေးပေါက်နေကြောင်း၊ အဆိုပါဆန်များအရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ရရှိလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# ကသာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောနှမ်း ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး၊ တစ်ဧကလျှင် ၁၃ ဒသမ ၉၀ တင်းထွက်ရှိ

ကသာ မတ် ၁၂

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောနှမ်း ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၃ ဒသမ ၉ တင်း ထွက်ရှိကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၅၂၈ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသောနှမ်းစိုက်ခင်းများကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလမှစတင်၍ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီးဖြစ်ကြောင်း သိရသည်။

"ကသာမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နှမ်း ၂၅၂၈ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ဆောင်းနှမ်းစိုက်ခင်းတွေ အခုလက်ရှိအချိန်မှာတော့ ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ဆီထွက်သီးနှံ အနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်"ဟု ကသာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြသည်။

နှမ်းအထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးဆီဖူလုံ စေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်မည်ဖြစ်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝ ပိုမိုတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကိုပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ဆက်လက်ပြောပြ၍ သိရသည်။



(၂၀၆)

# မိုင်းဖြတ်မြို့နယ် နားမွန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

မိုင်းဖြတ် မတ် ၁၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် နားမွန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို မတ် ၁၁ ရက် နံနက်ပိုင်းကတာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းဖြတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ နားမွန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်သွားရန်မှာကြားပြီး ကျေးရွာ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးရွာတွင်းလမ်း အရှည် ပေ ၅၀၀၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို VDP စီမံကိန်းငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေ ၁၁ ဒသမ ၂ သိန်း စုစုပေါင်းရန်ပုံငွေကျပ် ၁၆၁ ဒသမ ၂ သိန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇန်နဝါရီလ ပထမပတ်က စတင် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မိုင်းဖြတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်ထံမှ သိရသည်။

ဇင်မာ

## မဟောင်းသောနွေ

– မိန်ရာသီ ခါတပေါင်းမှာဖြင့်
ထိန်ဖြာညီ အလာကောင်းတွေနှင့်
မဟောင်းကွဲ့ အတိတ်ခြေ၊
မြတ်ဗုဒ္ဓါ ကြွချီခရီးမှာ
အနီးပါ ကာဠုဒါက
ဂါထာဆို နွေအကြောင်းကို
ကောင်းကောင်းလျှောက်စေ၊
ပျောက်ပြယ်မမေ့စေဖို့
ခြောက်ဆယ်ပြည့် ဂါထာဖွဲ့
သာပုံတွေ တင်လျှောက်ထား၊
နှောင်းလူတွေမှာတော့
အကြောင်းယူဖွဲ့ကာ ကြည်ညိုရိပ်နှင့်
မှတ်စိတ်ရှည် သဲစေတီတို့
ပူဇော်တည် သဒ္ဓါပွားကာ
ဘုရားသာသနာ ရောင်ဝါဝင်း
လင်းဖို့ကြိုးစား။

– ကိုတောင်သူ ဦးကြီးတို့
ရှူမငြီး ရိုးပြတ်ယာ၊
ပြောမမေ့ဖွယ်
တောခလေ့ရယ် သာယာပါဘိ
နွေရာသီ အလုပ်သိမ်းချိန်မို့
အငြိမ်းယူ တစ်ခါနား
ငွေသားပိုက်ကာ၊
ကောင်းမြတ်တဲ့ စေတနာ
ဝေဖြာစွာ အလှူပေး၊
သားပုတ္တာ ကိုယ့်ရင်သွေးကို
အရှည်တွေး သံသရာနောင်ဖို့
အမွေပေး သာသနာဘောင်သို့
အောင်မြင်စွာ သွတ်သွင်းပြီးတယ်
ပြောတီးလို့လေး။

– အတိတ်ချိန် နွေတစ်ကြောင်း
ဆွေအပေါင်း ရင်ထဲမှာ၊
တက်ခေတ်ကိုဖန်
ဖက်ဆစ်ရန် ကင်းဖို့အရေး
ဆွေးနွေးညီညာ၊
ပြည့်အရေးမို့ မနေသာ
တစ်ပြည်ရွာလုံး အုန်းအုန်းကျွက်၊
မြန်မာ့မြေမှာဖြင့်
အလှဝေဖြာ လွတ်လပ်ပန်းတွေနှင့်
ပွင့်လန်းကာ သည်လိုသာဖို့
ညီအစ်ကိုပမာ သွေးစည်းသမိုင်းကို
တွေးတိုင်းချစ်မက်။ ။

ညွန့်ဝင်း(နတ်တလင်း)

# စိုက်ပျိုးသီးနှံပင်အတွက် အာဟာရဓာတ်ပြည့်ဝစေရေးပေါင်းစပ်ဆောင်ရွက်မှုများ အပိုင်း-၂

လူသားတိုင်းအတွက် နွေးထွေးလုံခြုံခိုလှုံစရာနှင့် သက်တောင့်သက်သာနားခိုရန် နေအိမ်တစ်လုံး လိုအပ်ပါသည်။ အိမ်ထဲမှပင် မိမိအတွက် စားစရာ၊ သောက်စရာ၊ ဝတ်စရာ လိုအပ်ချက်အဖုံဖုံကို သိုလှောင်သိမ်းဆည်းစုဆောင်းပြီး လိုအပ်ချိန် လိုအပ်သည့်အရာကို ထုတ်ယူသုံးစွဲကြရသည်ပင်ဖြစ်ပါသည်။ သီးနှံပင်တစ်ပင်ကို လူသားတစ်ဦးအဖြစ် ယှဉ်တွဲစဉ်းစားမည်ဆိုလျှင် သီးနှံပင်လေးရှင်သန်ကြီးထွားရန် ပေါက်ရောက်ရှင်သန်နေသော မြေပြင်ကို အိမ်အဖြစ်ဥပမာပြုဆင်ခြင်ကြည့်ကြပါစို့။


စိုက်ပျိုးသည့် သီးနှံပင်ကောင်းမွန်စွာရှင်သန်စေရေး၊ အထွက်နှုန်းမြင့်မားစေရေး၊ အရည်အသွေးပြည့်မီစေရေး၊ ရေရှည်စဉ်ဆက်မပြတ်စိုက်ပျိုးထုတ်လုပ်နိုင်စွမ်းအားရှိစေရေးတို့မှာ တောင်သူဦးကြီးတိုင်း၏ မျှော်မှန်းချက်ဖြစ်ပါသည်။ ဤကဲ့သို့အကျိုးရလဒ်များရရှိနိုင်စေရန် အိမ်တစ်အိမ်ကို တာရှည်ခိုင်ခံ့မှုရှိစေရန် ထိန်းသိမ်းစောင့်ရှောက်ရသကဲ့သို့ စိုက်ပျိုးမြေကို ကျန်းမာသန်စွမ်းနေစေရန်ထိန်းသိမ်းစောင့်ရှောက်ပြုပြင်ပေးဖို့လိုအပ်ပါသည်။ ကြမ်းကျိုး၊ ကြမ်းကျွံ အလွန်အပြင်ခက်ဆိုသကဲ့သို့ မြေဆိုးမြေကျွံစိုက်ရန်အလွန်ခက်ဖြစ်တတ်သည်ကို ဂရုပြုသင့်လှပါသည်။ ထို့ကြောင့် မိမိစိုက်ပျိုးမြေဆီလွှာမပျက်စီးခင် ထိန်းသိမ်းပြုပြင်ဖို့ လိုအပ်ပါသည်။

မြေဆီလွှာအာဟာရဓာတ်ကို နည်းလမ်းတကျ ထိန်းသိမ်းခြင်းနှင့် အပင်အာဟာရကို သင့်တင့်မျှတစွာ အချိုးကျအသုံးပြုခြင်းသည် သင့်တော်သော အကျိုးအမြတ်ကိုရရှိစေပြီး ရေရှည်စဉ်ဆက်မပြတ် သီးနှံစိုက်ပျိုးထုတ်လုပ်ပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးနိုင်ခြင်း(ဖြစ်နိုင်သမျှ၊ ရရှိနိုင်သမျှ အာဟာရဓာတ် အခြေခံစွမ်းအင်များကို ပေါင်းစပ်သုံးစွဲခြင်း) သည် စိုက်ပျိုးသီးနှံပင်အတွက် အာဟာရဓာတ်ပြည့်ဝစေရေးသာမက မြေဆီလွှာအဆင့်အတန်းမသိမသာ တဖြည်းဖြည်းပျက်စီးယုတ်လျော့လာခြင်း (Soil Deteriorations)များကို ဟန့်တားပေးနိုင်စေရန် ပေါင်းစပ်ဆောင်ရွက်မှုများပင်ဖြစ်ပါသည်။

အာဟာရစီမံရေးပေါင်းစပ်ဆောင်ရွက်မှု(Integrated Nutrient Management- INM) တွင် ပါဝင်သောကဏ္ဍများကိုကြည့်သော် လယ်ယာလုပ်ငန်းတွင်အသုံးပြုရန် တိရစ္ဆာန် အညစ်အကြေးမြေသြဇာ (Organic Manure)၊ သစ်စိမ်းမြေသြဇာ(Green Manure)၊သီးနှံအကြွင်းအကျန်နှင့် သဘာဝစွန့်ပစ်အညစ်အကြေးများ(Crop residues & organic wastes)၊လူတို့ပြုပြင်ထုတ်လုပ်ထားသော ဓာတုဓာတ်မြေသြဇာများ(Synthetic fertilizer)၊သီးလှည့်စိုက်ပျိုးခြင်းနှင့် သီးညှပ်စိုက်ပျိုးခြင်းစနစ်များ(Crop rotation/intercropping)၊ ဇီဝဓာတ်မြေသြဇာများ (Bio-fertilizers) ပေါင်းစပ်သုံးစွဲခြင်းပင်ဖြစ်ပါသည်။

သီးနှံစိုက်ခင်းမြေ၏ ချဉ်ငန်အခြေအနေအရ အနည်းလိုအာဟာရဓာတ်များ၏ ပျော်ဝင်စားသုံးနိုင်မှု မတူညီသည်ကို သတိပြုသင့်ပါသည်။ အနည်းလို အာဟာရဓာတ်များသည် pH (7.5) အခြေအနေနှင့်ပျော်ဝင်စားသုံးနိုင်မှုမှာ အခြေအနေပြောင်းသွားသည်နှင့်ချို့တဲ့မှုမှ အဆိပ်သင့်မှုအခြေနေသို့ ပြောင်းလဲတတ်သည်ကို ထည့်သွင်းစဉ်းစားသင့်ပါသည်။ အာဟာရဓာတ်များကို အလွယ်တကူ ထည့်အသုံးပြုနိုင်သော်လည်း မြေတွင်းရောက်ရှိပြီး ဓာတ်ကြွင်းအာနိသင်များကို ပြန်လည်ပြုပြင်ရခက်ခဲသည်ကို သတိပြုရန်လိုအပ်လှပါသည်။

မီးဖိုချောင်ထဲမှ ဟင်းခတ်ပစ္စည်းသုံးစွဲမှုကိုဥပမာနှိုင်းယှဉ်ကြည့်လျှင် နေ့စဉ်သုံးသည့် ဆန်အိုး၊ ဆားအိုး၊ ဆီအိုးသည်အလျော့မြန်သကဲ့သို့ မြေတစ်နေရာတည်းပေါ်တွင် သီးနှံတစ်မျိုးတည်းကိုသာ အစဉ်ဆက်တိုက်စိုက်ပျိုးမှုမှ ထိုသီးနှံပင်နှစ်သက်ရာမြေဆီအာဟာရဓာတ်ကိုသာ စုပ်ယူစားသုံးမှုကြောင့်




မြေတွင်းဓာတ်မညီမျှမှုကြောင့် မြေဆီလွှာ၏ရုပ်ဂုဏ်သတ္တိ၊ ဓာတ်ဂုဏ်သတ္တိများဖွဲ့စည်းမှုများ ပြောင်းလဲခြင်း၊ အာဟာရကိန်းအောင်းမှုပြောင်းလဲစေခြင်း၊ ဇီဝကမ္မဖြစ်စဉ်များပြောင်းလဲလာခြင်း စသည်တို့ကို သတိမူသင့်ပါသည်။ လျော့ပါးသွားသော စွမ်းအင်များကိုပြန်လည်ဖြည့်တင်းပေးမှသာ ဇီဝကမ္မဖြစ်စဉ်များ ထိခိုက်ပျက်စီးမှုနည်းမည်။ တစ်နည်းအားဖြင့် "ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို" ဂရုတစိုက် ထိန်းသိမ်းဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

စိုက်ပျိုးရေးကဏ္ဍသည် သီးနှံပင်သက်တမ်းအရအချိန်၊ ရာသီအခြေအနေအတွင်းတွင် အာဟာရဖြည့်တင်းမှု အချိန်ကိုက်ဆောင်ရွက်ပေးနိုင်လျှင် အကျိုးရှိသောစိုက်ပျိုးထုတ်လုပ်မှုဖြစ်ပြီး အထွက်နှုန်းတိုးစေရုံသာမက အရည်အသွေးမီထွက်ကုန်ကိုပါ ရရှိစေနိုင်ပါသည်။ သီးနှံတစ်ခုစိုက်ပျိုးထုတ်လုပ်မှုအတွက် မျှော်မှန်းအထွက်နှုန်းရရှိပြီး အရည်အသွေးမီထွက်ကုန်အဆင့်ဆင့်ထုတ်လုပ်နိုင်မှုသည် အရေးပါသကဲ့သို့၊ သီးနှံများစဉ်ဆက်မပြတ်အကျိုးရှိရှိ စိုက်ပျိုးထုတ်လုပ်နိုင်ရန်၊ လိုအပ်သည့်အာဟာရဓာတ်ပမာဏကို သီးနှံအမျိုးအစားအလိုက် အချိန်မီ၊ အချိုးညီစွာ ထည့်သွင်းပံ့ပိုးနိုင်ရန်အတွက် လက်တွေ့အကျိုးပြုနိုင်မည့်သီးနှံအမျိုးအစားအလိုက် အာဟာရဓာတ်ရရှိရေးမဖြစ်မနေ ထည့်သွင်းစဉ်းစားရမည့်အချက်များဖြစ်ပါသည်။

သီးနှံစိုက်ပျိုးရာတွင် သွင်းအားစုအနေဖြင့် ဓာတုဓာတ်မြေသြဇာ၊ သဘာဝမြေသြဇာ၊ ရေပေးသွင်းခြင်း၊ သီးနှံအကြွင်း အကျန်ပစ္စည်းများ၊ နိုက်ထရိုဂျင်ဓာတ်ကိုထိန်းချုပ်ထားနိုင်မှု၊ အနည်အနှစ်စုပုံခြင်း၊ လေထုထဲမှစိမ့်ဝင်လာနိုင်သော ဓာတ်သတ္တု၏ သဘာဝများ ပါဝင်ပါသည်။ အာဟာရဓာတ် ထွက်ရှိသွားမှု၊ လျော့ပါးသွားမှု အခြေအနေများတွင် သီးနှံပင် ရိတ်သိမ်းမှုမှာ အာဟာရဓာတ်များပါသွားခြင်း၊ အင်းဆက်ပိုးမွှားနှင့်အပင်ရောဂါများကြောင့် ပျက်စီးဆုံးရှုံးရခြင်း၊ ဓာတ်သတ္တုများ ဓာတ်ငွေ့အဖြစ်ပြောင်းလဲပြီး အငွေ့ပြန်ဆုံးရှုံးခြင်း၊ ရေတွင်ပျော်ဝင်ကာ ရေ၊ မြေတိုက်စားမှုကြောင့်ဆုံးရှုံးခြင်း၊ စိမ့်ဆင်းရေ၊ စီးဆင်းရေများနှင့်ပျော်ဝင်ဆုံးရှုံးရခြင်း၊ ဇီဝသက်ရှိတို့၏ အစားအစာအတွက် လုယူစားသောက်ကြခြင်းဖြစ်စဉ်များဖြင့် အပင်အာဟာရများ လျော့ပါးသွားပါသည်။

ဤအခြေအနေများကြောင့် သီးနှံစိုက်ပျိုးထုတ်လုပ်ကြရာတွင် အာဟာရစီမံရေးပေါင်းစပ်ဆောင်ရွက်မှု(Integrated Nutrient Management- INM)နည်းကိုအသုံးပြုကြရာ၌ အာဟာရဓာတ်သွင်းအားစုထည့်သွင်းခြင်းဖြည့်ဆည်းခြင်းနှင့် လျော့ပါးဆုံးရှုံးသွားတတ်ခြင်း၊ ထွက်ခွာသွားတတ်ခြင်းအခြေအနေများအရ သီးနှံပင်မှလိုအပ်ချက်ပမာဏအတိုင်း လိုက်လျောညီထွေရှိသော၊ သမမျှတသည့်အခြေအနေရောက်အောင် အပင်ကြီးထွားချိန် ကာလအတွင်း အချိန်ကိုက်၊ အချိုးညီညီရရှိစေရန်ဆောင်ရွက်ပေးဖို့လိုအပ်ပါသည်။

**မြေသြဇာစီမံထည့်ပေးရခြင်းအတွက် ဆက်စပ်မှုနှင့် အကျိုးသက်ရောက်မှုများ**

စိုက်ပျိုးရေးကဏ္ဍတွင် စဉ်ဆက်မပြတ်လှုပ်ရှားသက်ဝင်နေစေမှု ဖွံ့ဖြိုးတိုးတက်နေစေရေး၊ အရင်းအမြစ်များကို စီမံခန့်ခွဲရေး၊ မြေကိုစီမံရေး လိုအပ်ပါသည်။ မြေကိုစီမံခန့်ခွဲမှုမှာ စိုက်ပျိုးရေးသည် အခြေခံဖြစ်ပြီး မြေဆီလွှာကို စဉ်ဆက်မပြတ်စီမံမှုတွင် အပင်အာဟာရအတွက် ဓာတ်မြေသြဇာထည့်သွင်းမှုကို စီမံခန့်ခွဲခြင်းသည် ပဓာနအကျဆုံးဖြစ်ပါသည်။ ထို့အတူပင် သီးနှံပင်အတွက် မြေသြဇာထည့်သွင်းမှုကို စီမံခန့်ခွဲနိုင်ခြင်းသည် မြေဆီလွှာကို ထိန်းသိမ်းရန် စီမံခြင်းဖြစ်ပြီး စဉ်ဆက်မပြတ် စိုက်ပျိုးရေးပင်ဖြစ်သည်။ စဉ်ဆက်မပြတ် စိုက်ပျိုးနိုင်ခြင်းမှာ မြေကို စီမံခန့်ခွဲနိုင်ခြင်းသာဖြစ်ပြီး မြေ၏အရင်းအမြစ်အခြေခံများကို ထိန်းသိမ်းရာရောက်ပြီး အစဉ်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကိုဦးတည်နိုင်ပါသည်။ အကျဉ်းချုပ်အားဖြင့် ဖော်ပြထားသည့်အတိုင်း မြေသြဇာစီမံထည့်ပေးရခြင်းအတွက် ဆက်စပ်မှုနှင့် အကျိုးသက်ရောက်မှုများကို သိရှိနားလည်နိုင်ပါသည်။

စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက်(Sustainable Development) မှုရင်းစွမ်းအင်အခြေခံများ (Sustainable Resource Management) ကို အဆက်မပြတ် စီမံဆောင်ရွက်ရမည်။ ထိုနေရာတွင် အဓိကမြေဆီလွှာကို အစဉ်အဆက်စီမံခန့်ခွဲရေး(Sustainable Land Management) ပါဝင်လာပြီး စဉ်ဆက်မပြတ်စိုက်ပျိုးရေး(Sustainable Agriculture) သည် အရေးကြီးဆုံးအခန်းကဏ္ဍဖြစ်ပါသည်။ ဤနေရာတွင် စိုက်ပျိုးမြေကိုအစဉ်မပြတ်စီမံဆောင်ရွက်ရေး (Sustainable Soil Management)လည်း ဆက်နွှယ်လာပြီး ဓာတ်မြေသြဇာထည့်သွင်းမှုစီမံဆောင်ရွက်ရေး(Fertilizer Application Management) သည်အခြေခံအကျဆုံး လုပ်ငန်းတစ်ခုဖြစ်ကြောင်းတွေ့မြင်နိုင်ပါသည်။ ထို့အတူပင်စိုက်ပျိုးသီးနှံပင်များအတွက် မြေပြင်မှအပင်အာဟာရဖြည့်တင်းမှုသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေးထိ ဆက်စပ်ထောက်ကူမှုရှိကြောင်း တွေ့မြင်နိုင်သည်။

**စီမံခန့်ခွဲမှုအလေ့အကျင့်နှင့် အကျိုးသက်ရောက်မှုများ**

စိုက်ပျိုးမြေကိုစီမံခန့်ခွဲမှု အလေ့အထများအရ မြေဆီအရင်းအမြစ်များ ပြောင်းလဲသွားနိုင်ပုံကို စီမံခန့်ခွဲမှုအလေ့အကျင့်နှင့် အကျိုးသက်ရောက်မှုများကြည့်၍ သိရှိနိုင်ပါသည်။ စီမံမှုညံ့ဖျင်းလျှင် မြေပြင်မှာ အစိမ်းရောင်ဖုံးလွှမ်းမှုနည်းပြီး မြေဆီအရင်းအမြစ် ယုတ်လျော့လာပြီး သီးနှံထုတ်လုပ်နိုင်စွမ်းပါကျဆင်းလာမည်။ စီမံကွပ်ကဲမှုအားကောင်းလျှင်မြေပြင်ကို စိမ်းလန်းစွာလွှမ်းခြုံနိုင်ပြီးမြေဆီသြဇာတိုးတက်ကောင်းမွန်တိုးတက်သော ထုတ်လုပ်မှုစနစ်ရရှိမည်။

စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းစဉ်တွင် မြေဆီလွှာနှင့်သီးနှံပင်တို့ကို စီမံရာ၌ သီးနှံပင်၏ အစာချက်လုပ်မှုအခန်းကဏ္ဍမှာ ရာသီဥတု၊ မြေထဲမှာရှိသည့်ရရှိနိုင်သောအာဟာရဓာတ်၊ ဓာတ်မြေသြဇာဖြည့်တင်းမှုတို့မှာ အဓိကလုပ်ငန်းများဖြစ်သည်။ ဤတွင်ပထမအဆင့်၌စိုက်ပျိုးသည့် သီးနှံပင်၏မျှော်မှန်းအထွက်နှုန်းရရှိစေရန် လိုအပ်ချက်များကိုသိရှိရမည်။ ဒုတိယအဆင့်တွင်လိုအပ်သောအာဟာရဓာတ်များ အပင်တွင်းထိထိရောက်ရောက် အကျိုးရှိရှိဝင်ရောက်စေရန် ပြုပြင်ဆောင်ရွက်ပေးရပါမည်။ တတိယအဆင့်အနေဖြင့် သီးနှံပင်လိုအပ်ချက်နှင့် မူလမြေတွင်းရှိပြီး အာဟာရဓာတ်တို့ကြား ဖြည့်စွက်၊ ဖြည့်သွင်းပေးရမည့် ဓာတ်မြေသြဇာပမာဏကို ဆုံးဖြတ်ထည့်ပေးခြင်းလုပ်ငန်းကိုဆောင်ရွက်ရပါမည်။ မိမိစိုက်ခင်း၏ မြေအမျိုးအစား၊ ဖွဲ့စည်းတည်ဆောက်ပုံ၊ ရေထိန်းနိုင်စွမ်းအား၊ သဘာဝမြေဆွေးဓာတ်ပါဝင်မှု အချိုးအဆတို့ကို လေ့လာရပါမည်။ ဥပမာပြုရသော် ဝှမ်းမွေ့ရာနှင့်မှ မွေ့လျော်တတ်သူကို ဝါးကပ်ကြမ်းခင်းပေါ်တွင် အိပ်ခိုင်းသော် မည်သို့မှအိပ်မပျော်နိုင်သည်ကိုဂရုပြုသင့်ပါသည်။

**မှုမှု(မလှိုင်)**

# ဝက်လက်မြို့နယ်တွင် ဂျုံရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၂၀ ဒသမ ၆၈ တင်းထွက်ရှိ



ဝက်လက် မတ် ၁၂

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောဂျုံ ရာနှုန်းပြည့် ရိတ်သိမ်း ပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၂၃၅၄ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် အဆိုပါစိုက်ပျိုးထားသော ဂျုံစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၂၀ ဒသမ ၆၈ တင်းထွက်ရှိကြောင်း သိရသည်။

"ဝက်လက်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဂျုံ ၂၃၅၄ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ဂျုံစိုက်ခင်းတွေ အခုလက်ရှိအချိန်မှာတော့ ရာနှုန်းပြည့်ကောရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ဂျုံစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တောင်သူတွေကို အသိပညာပေးဆွေးနွေးတာတွေ လုပ်ပေးပါတယ်။ ဂျုံအထွက်တိုးအောင် ရေသွင်းပြီးမြေဩဇာကျွေးဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဂျုံကိုအရည်အသွေးနှင့်အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ဂျုံကိုပိုမိုတိုးချဲ့စိုက်ပျိုးကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ဇီးကုန်းမြို့နယ် ကရင်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ဇီးကုန်း မတ် ၁၂

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကရင်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးပေးခြင်းကို မတ် ၁၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဇီးကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး စီမံကိန်းတာဝန်ခံက မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေ ထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၄၅ ဒသမ ၀၂ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စီမံကိန်းတာဝန်ခံ ဝန်ထမ်း၏ကြီးကြပ်ဆောင်ရွက်မှုဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကရင်ကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦးကို ငွေကျပ် ၁၇ ဒသမ ၄၃ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၄၄ ဦးကို ငွေကျပ် ၂၇ ဒသမ ၅၉ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၅ ဒသမ ၀၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း ဇီးကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင်က ပြောပြ၍ သိရသည်။

ကိုညီ

# မြောင်းမြမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ငါးမုတ် ပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

မြောင်းမြ မတ် ၁၂

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ငါးမုတ် ပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မြောင်းမြမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်ခိုင်က ပြောပြသည်။



မြောင်းမြမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇန်နဝါရီလအတွင်း ငါးမုတ် ပိဿာချိန် ၆၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၈ ရက်ထိ ငါးမုတ် ပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးမုတ်များကို ပြည်တွင်းဈေးကွက်က ဝယ်လိုအားကောင်းမွန်လာခြင်းကြောင့် တင်ပို့အားတက်လာခြင်း ဖြစ်ကြောင်း သိရသည်။

"ဒေသထွက် ရေထွက်ကုန်တွေထဲမှာ ငါးမုတ်တွေက ပိုမိုတင်ပို့ရောင်းချအား ကောင်းခဲ့ပါတယ်။ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလအတွင်း ငါးမုတ် ပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ ရန်ကုန်ဈေးကွက်ကို ဒီဘက်ကနေ တင်ပို့ရောင်းချတဲ့ ငါးမုတ်တွေ အဝယ်လိုက်လာလို့ တင်ပို့အားတက်ခဲ့တာပါ။ ဒီဘက်ဒေသက ထွက်တဲ့ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိက တင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်ကို ရေထွက်ကုန်ပစ္စည်းတွေ တင်ပို့ရောင်းချတာ အစစအရာရာ အဆင်ပြေပါတယ်"ဟု မြောင်းမြမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်ခိုင်က ပြောပြသည်။

မြောင်းမြမြို့နယ်မှရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ငါးမုတ်များ အပါအဝင် ဒေသထွက် ရေထွက်ကုန်များကို ဝယ်ယူပြီး စနစ်တကျ သန့်စင်ကာ ရန်ကုန်ဈေးကွက်သို့ အဓိက တင်ပို့ရောင်းချလျက်ရှိကြောင်း၊ လက်ရှိ ငါးမုတ် တစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# ဘားအံမြို့နယ် သာလွန်ကွင်းကျေးရွာ၌ ကုန်ထုတ်လမ်းဂဝံမြေခင်းခြင်းပြီးစီးမှု စစ်ဆေး

ဘားအံ မတ် ၁၂

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေဖြင့် သာလွန်ကွင်းကျေးရွာ၌ ကုန်ထုတ်လမ်း ဂဝံမြေခင်းခြင်း လုပ်ငန်း ပြီးစီးမှုအခြေအနေများကို မတ် ၁၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကရင်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဒေါ်ခင်ဇာဝင့်၊ ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ(နည်းပညာ) ဒေါ်နန်းအဲဖောင်အွာ၊ ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တာဝန်ရှိသူများက ကျေးရွာလမ်း ဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ သာလွန်ကွင်းကျေးရွာ၌ ကုန်ထုတ်လမ်း ဂဝံမြေခင်းခြင်းလုပ်ငန်း ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ) ဒေါ်ခင်ဇာဝင့်က ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါသာလွန်ကွင်းကျေးရွာ၌ အရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် သုံးပေ ကိုးလက်မရှိ ကုန်ထုတ်လမ်း ဂဝံမြေခင်းခြင်း လုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေ ကျပ် ၁၁၆ ဒသမ ၃၆ သန်းဖြင့် တင်ဒါအောင်မြင်သည့် Perfect Mother ကုမ္ပဏီမှ ၂၀၂၄ ခုနှစ် ဇွန်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ဆက်လှ

# ဖာပွန်မြို့နယ် ကမမောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

ဖာပွန် မတ် ၁၂

ကရင်ပြည်နယ် ဖာပွန်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖာပွန်မြို့နယ် ကမမောင်းကျေးရွာ၌ မြစိမ်းရောင် ကျေးရွာ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူ များ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဖာပွန်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင် ဦးစီးမှူး ဦးခင်မောင်ဝင်း၊ ဖာပွန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဦးကိုကိုနှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင် များနှင့်အတူ ကမမောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးခင်မောင်ဝင်းက စီမံကိန်းလုပ်ငန်းများ ရေရှည်တည်တံ့ ခိုင်မြဲရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ကမမောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် စီမံကိန်းရန်ပုံငွေကျပ် သန်း ၃၀ ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး အဆိုပါကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၃၅ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၅၀၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၃၉ ဦး၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၁ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၄၄၅ သိန်း ထုတ်ချေးပေးထားကြောင်း ဖာပွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ သိရသည်။

ကိုသက်

**စာပေမြင့်မှ လူမျိုးတင့်မည်**

# ဆောင်းနှောင်းနွေဦး တပေါင်းလ အခါထူးဝယ်

ခိုင်(မိတ္ထီလာ)

"ရာသီမိန်ငယ် ဂိမှာန်ရက်ပြောင်း လတပေါင်းမို့ ရွက်ဟောင်းကြွေကာ ဥတ္တရာနှင့် ကြယ်မှာဘဒြပိုဒ် လေးချက်ချိန်ကို တိမ်ခြေစိုက်စရိုက်ကယ်ဖွေရှာ ကိုတံငါလဲ ဘာသာတောင်တင် ပျော်မြူးသာရွှင်တော့တယ် သဘင်လခါမှီ သဲစေတီငွေသောင်ကမ်းက လွမ်းလှတယ်လေး" ဟူသော မဟာအတုလမင်းကြီး၏ လွမ်းချင်းကဲ့သို့ တပေါင်းလသည် ကြည်နူးဖွယ်၊ လွမ်းဆွတ်ဖွယ် အတိပြီးသောလပင်တည်း။ စာဆိုဦးကြော့၊ ဦးပုည၊ လူဦးမင်း၊ ကင်းဝန်မင်းကြီးဦးကောင်းတို့သည်လည်း တပေါင်းလ၏ ကြည်နူးဖွယ်၊ လွမ်းဆွတ်ဖွယ်ကောင်းပုံတို့ကို ရေးဖွဲ့ခဲ့ကြသည်။ မည်သို့ဆိုစေ စာဆိုတို့သည် ရွက်ဟောင်းကြွေသော နွေမိန်တပေါင်းကို လွမ်းဖွယ်ဖန်အောင် စာဖွဲ့ကြသလို ရာသီပွဲတော်ကိုလည်း စာတင်ထားနိုင်ကြပေသည်။

မြန်မာပြက္ခဒိန်၏ လတိုင်းတွင် ပွဲတော်ကိုယ်စီရှိကြသည့်အလျောက် တပေါင်းလပွဲတော်သည်ကား သဲပုံစေတီပွဲပင်ဖြစ်တော့သည်။ သဲပုံစေတီကို ရှေးဦးပထမတည်ခဲ့သူက ဂေါတမမြတ်စွာဘုရားပွင့်တော်မမူမီ တဏှင်္ကရာဘုရားလက်ထက်တော်၌ မွေးဖွားခဲ့သူ သူဆင်းရဲတစ်ဦးဖြစ်သည်။ သူသည် ဆင်းရဲလှသဖြင့် စေတီဘုရားတည်သောကုသိုလ်များတွင် မပါဝင်နိုင်သောကြောင့် စိတ်မချမ်းမသာဖြစ်နေရှာသည်။ တစ်နေ့တွင် မြစ်ယံသောင်ဦးကမ်းနဖူးဝယ် နေရောင်ကြောင့် ငွေရောင်တောက်ပနေသော သဲပုံမို့မို့ကို တွေ့လေသည်။ ကြည်ညိုလှသောစိတ်ဖြင့် သဲမှုန်များကို ရွှံ့တို့ဖြင့် ရောစပ်ကာ သပ္ပာယ်လှသော စေတီတစ်ဆူကို ဆောက်လုပ်ပူဇော်၍ ပန်းများဖြင့် တန်ဆာဆင်လိုက်သည်။ ထိုကောင်းမှုကြောင့် သူသည် ဘဝပေါင်းများစွာတွင် 'မရှိ' ဟူသောစကားကို မကြားဖူးသောအဖြစ်ကိုပါ ရခဲ့လေသည်။ သဲပုံစေတီပွဲတော်သည် လူကြီးသူမများက စ၍ သဲမြေကို တူးဆွနိုင်သည့်အရွယ်ရှိသော ကလေးငယ်များထိ ပါဝင်ဆင်နွှဲနိုင်သော စုပေါင်းပွဲတော်ဖြစ်သည်။

တပေါင်းလသည် နွေဦးဆန်းသစ် ရွက်ရော်လှစ်လို့၊ ပုရစ်ကယ်ရွှေဥ ပင်တိုင်းစုကြသည့် သမယဖြစ်သည်။ ရွက်သစ်ရွက်နု ပုရစ်ဖူးကလေးများမှာ နုညိုစင်စွာဖြင့် တစ်သွင်တင့်နေသည်။ သစ်ရွက်နုကလေးများရှိ အညိုရောင်၏သဘောမှာ ပျိုမျစ်ခြင်းအသွင်ကို ဆောင်သည်။ အညိုနုမှ တဖြည်းဖြည်း ဖက်ဖူးစိမ်းပြေပြေလေးပြောင်းကာ သစ်ရွက်စိမ်းဖြစ်တော့သည်။ ပတ်ဝန်းကျင်တစ်ခိုတွင်လည်း တွန်ထူးဘာသာ၊ ငှက်တို့မှာလည်း၊ စကားရုံးလို့ ခြိမ့်အုန်းငယ်ကျူးသီကြလေပြီ။ ရဂုံတစ်ခွင်တွင်ကား မင်းလွင်မြူခိုးများထွက်ပေါ်လှစ်၍ ငါးထွေ၊ ငါးမြင်း၊ ငါးပူတင်းတို့မှာ သောင်ရင်းသို့ ဆန်ကာ လူးလာကူးသန်းနေတတ်ပြီး ငါးတန်များလည်း ပိုက်ခြေသို့ဆင်းသက်လျက်ရှိလေပြီဖြစ်သည်။ ရာသီသဘာဝကပင် သာယာကြည်နူးဖွယ်ကိုဆောင်သော တပေါင်းလကာလတွင် ရွက်ကျင်ရွက်ဟောင်းများက ကြွေပြောင်းကာ ရွက်သစ်များစို့လာသည့်အခါပီပီ လွမ်းဖွယ်ထိုထိုကြည်နူးဖွယ်ကိုကို သံဝေဂယူဖွယ်လိုလို ဖန်စေသည့် တပေါင်းလပန်းချီကြောင့် ဖြေဆည်၍ မရနိုင်အောင် စိတ်ကို ခိုင်ခိုင်မတ်မတ် မတန့်ရပ်နိုင်အောင် သာယာမှုအပေါင်းက စေ့ဆော်နေပါသည်။ ဤသို့ သဘာဝအစွမ်းကြောင့်ပင် တပေါင်းလသည် လတကာတို့၏ အထွဋ်အခေါင်ဖြစ်ကာ "တပေါင်းသာခေါင် လများနောင်" ဟု ဆိုရေးရှိပါသည်။

တပေါင်းလပြည့်နေ့သည် ဗုဒ္ဓပြည်တော်ဝင် အခါတော်နေ့အထိမ်းအမှတ်ဖြင့် မြန်မာမှု၌ ထင်ရှားပါသည်။ ထိုနေ့တွင် ကာဠုဒါယီမထေရ်က ကပိလဝတ်နေပြည်တော်သို့ ကြွရောက်တော်မူပါရန် လျှောက်ထားသည်ကို အကြောင်းပြု၍ ဗုဒ္ဓပြည်တော်ဝင်အခါတော်နေ့အဖြစ် ကျင်းပရခြင်း ဖြစ်ပါသည်။ မြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်ပြည်ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေထိုင်ကာ အင်္ဂတိုင်းသားနှင့် မဂဓတိုင်းသားများကို တရားရေအေးတိုက်ကျွေးလျက်ရှိသော ကာလဖြစ်ပါသည်။ ထိုကြောင့် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက ခေါင်းဆောင်အမတ် ၁၀ ဦးကို နောက်ပါအခြွေအရံ တစ်ထောင်စီဖြင့် ၁၀ ကြိမ်တိုင်တိုင် မြတ်စွာဘုရားကို ပင့်ရန် ရာဇဂြိုဟ်သို့ စေလွှတ်လိုက်သည်။ နောက်ဆုံးအသုတ်ကို ကာဠုဒါယီအမတ်ကြီးက ခေါင်းဆောင်သည်။ မင်းကြီးလွှတ်လိုက်သမျှ မင်းမှုထမ်းတို့သည် မြတ်စွာဘုရားနှင့်တွေ့၍ တရားနာရသောအခါ ကပိလဝတ်ပြည်သို့ မပြန်ကြတော့ဘဲ သာသနာ့ဘောင်သို့ ဝင်ရောက်ပြီး ဧဟိဘိက္ခုရဟန်းများချည်း ဖြစ်ကုန်ကြသည်။ ရဟန္တာဖြစ်ပြီးနောက် ကာဠုဒါယီမထေရ်က တပေါင်းလ၏ သာယာပုံကို ဂါထာပေါင်း ၆၄ ဂါထာသီကုံး၍ ခမည်းတော်၏ကျေးဇူးကို သိသောအားဖြင့် မြတ်စွာဘုရား၏ ဖွားရာဇာတိ ကပိလဝတ်နေပြည်တော်သို့ ကြွချိန်တန်ပြီဖြစ်ကြောင်း လျှောက်ထားပါသည်။ ဤသို့ တပေါင်းလရာသီရောက်သည်တွင် ကပိလဝတ်ပြည်သို့ ကြွတော်မူစေခြင်းငှာ ရာသီ၏ သာယာပုံ၊ သစ်သီးပန်းမန်တို့၏ နှစ်သက်ဖွယ်တင့်တယ်ပုံများကို ဂါထာ ၆၄ ဂါထာဖြင့် သွားလိုသည့် ဆန္ဒပေါ်ပေါက်လာအောင် လျှောက်ထားသည်တွင်မှ မြတ်စွာဘုရားသည် ကပိလဝတ်ပြည်သို့ ကြွတော်မူလေသည်။ ဤအကြောင်းများကို ကျမ်းဂန်တို့တွင် ပြဆိုသည့် အနက်အဓိပ္ပာယ်များအရ ပေလေးပင် ရှင်လေးပါး ရှင်အုန်းညိုသည် ကျနစွာရေးသားဖွဲ့နွှဲ့တော့သည်။ စာဆိုရှင်သည် ထူးချွန်သော ပင်ကိုဉာဏ်ရှင်ပီပီ အထွေအထွေ၊ အဆွေအဆွေ၊ တရွေတရွေ စသည့် နုနုလှလှအစုံအစုံဖြစ်သော ယမကချနည်းဖြင့် အဖျားချထားသဖြင့် အခြားပျို့ အချီအချများနှင့် များစွာကွာခြားကာ ထူးခြားကောင်းမွန်လှပေသည်။

တိရစ္ဆာန်တို့ပင် မြတ်စွာဘုရားရှင်ကို ဖူးအံ့သောငှာ တစ်ကောင်နှင့် တစ်ကောင် ရန်သူဟု မမှတ်။ သင့်မြတ်ချစ်ခင်ကြ၍ "ငါတို့သည် နောက်နောင်ဘဝက မားယွင်းသောအကျင့်ကို ကျင့်ကြံမိသောကြောင့်သာ ယခုဘဝတိရစ္ဆာန်ဖြစ်ရသည်။ ယခုဘုရားထံတွင် ဆုယူ၍နောင်ဘဝအတွက်ကောင်းကျိုးချမ်းသာကို ရှာဖွေကြကုန်အံ့" ဟူ၍ တညီတညွတ်တည်း တိုင်ပင်ပူဇော်ကြပုံကိုလည်း "ဘုရားဟူသည်၊ ဤလူ့ပြည်တွင် ရောင်ခြည်တစ်ထောင်၊ ပြောင်ပြောင်ထွန်းပ၊ နေလမတူ မြတ်စွာဟူ၏"ဟု ဂါထာခြောက်ဆယ်ပျို့တွင် ရှင်အုန်းညိုက ဖွဲ့ဆိုခဲ့ပါသည်။

**❖တပေါင်းလပြည့်နေ့သည် ဗုဒ္ဓပြည်တော်ဝင်အခါတော်နေ့ အထိမ်းအမှတ်ဖြင့် မြန်မာမှု၌ ထင်ရှားပါသည်။ ထိုနေ့တွင် ကာဠုဒါယီမထေရ်က ကပိလဝတ်နေပြည်တော်သို့ ကြွရောက်တော်မူပါရန် လျှောက်ထားသည်ကို အကြောင်းပြု၍ ဗုဒ္ဓပြည်တော်ဝင် အခါတော်နေ့အဖြစ် ကျင်းပရခြင်းဖြစ်ပါသည်။ မြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေထိုင်ကာ အင်္ဂတိုင်းသားနှင့် မဂဓတိုင်းသားများကို တရားရေအေးတိုက်ကျွေးလျက်ရှိသော ကာလဖြစ်ပါသည်။ ❖**

ကာဠုဒါယီအမတ်ကြီး လျှောက်ထားသည့် ရွက်ဟောင်းကြွေလွင့် ရွက်သစ်ဝင့်သည့် တပေါင်းလ သရုပ်ကို 'အင်္ဂါရိနော်'ဂါထာကို ကြည့်ပါလေ။ ရွက်ဟောင်းကြွေ မြေခသည့် ကြည်နူးသာယာဖွယ်လမှာ တပေါင်းလဖြစ်သည်။ ဆောင်းကို လွန်မြောက်နွေဦးပေါက်သို့ ရောက်လတ်ပြန်လာသော ယခုအခါ၌ တစ်သွင်ကူးပြောင်း သစ်ပင်အပေါင်းတို့သည် ရှည်ကြာမြင့်ညောင်းသောအရွက်ဟောင်းကို စွန့်ဖယ်ခြွေချကုန်သည်ဖြစ်၍ အသစ်အသစ်သောအရွက်၊ အသီးတို့ကို ငုံလင့်ကြသည့် သဘာဝအတိုင်း မီးကျီးအသွေး နီထွေးသော အပွင့်အဖူးတို့နှင့် ဝေဆာလာကြကုန်၏။ ထိုသစ်ပင်အပေါင်းတို့သည် ဥတုကို မှီသောအရောင်အသွေး ရှိကြကုန်သည်ဖြစ်၍ ပြောင်တဝင်းဝင်း ထွန်းလင်းတောက်ပကြကုန်၏။

"ကြီးမြတ်သော ဝီရိယရှိတော်မူသော မြတ်စွာဘုရား။

ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည်ရှိတော်မူသော မြတ်စွာဘုရားတို့၏ ဖွားရပ်ဌာနီပြည်ကပ္ပိသို့ နှစ်လီစက်ပန်းကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျှော်ကန်လျောက်ပတ်ကောင်းမြတ်သော အချိန်ပါဘုရား" ဟု ကာဠုဒါယီမထေရ်လျှောက်ထား ထိုစကားသည်လည်းကောင်း၊

"ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံတော်မူသော ရှင်ပင်မြတ်ဘုရား။ ကြွရာလမ်းတစ်ခွင် ဝဲယာဖြစ်သော တောင်ထိပ်အပြင်၌ ဥဒေါင်းငှက်အပေါင်းတို့သည် ကြင်ဖော်မှန်လှ ချစ်ဒေါင်းမတို့နှင့်တကွ ယှဉ် နွှဲ မောင်နှံတွဲကြကုန်သည်ဖြစ်၍ ဥဒေါင်းငှက်အပေါင်းတို့သည် အတောင်ကိုကော့ ခေါင်းကိုမော့၍ ကျော့ကျော့ရွှင်ဖြိုး တင့်စနိုးလျှင် ရှေ့တိုးနောက်ငင် လူအသွင်သို့ မြူးရွှင်ကခုန်ကြကုန်၏။ ထို့ပြင် တဝ အထူးအထွေ အိုးဝေအိုးဝေဟူသော သာယာသော အသံတို့ဖြင့် ဘာသာမာဂဓသဘာဝဖြင့် တွန်ကြ မြူးကြကျူးရင့်ကြကုန်၏။

ကြီးမြတ်သော ဝီရိယရှိတော်မူသောမြတ်စွာဘုရားကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့်ထွက်သော ရောင်ခြည်ရှိတော်မူသော မြတ်စွာဘုရားတို့၏ ဖွားရာဌာနီပြည်ကပ္ပိသို့ နှစ်လီစက်ဝန်းကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ်ကောင်းမြတ်သောအချိန်ပါဘုရား" ဟု ကာဠုဒါယီမထေရ်လျှောက်ထား ဒေါင်းသံသာစွ ထိုစကားသည်လည်းကောင်း တပေါင်းလ၏ ပြယုဂ်၊ တပေါင်းလ၏ အတင့်အတယ်ဖြစ်ပါ၏။

ဤသို့အစမူသော ကာဠုဒါယီမထေရ်၏ လျှောက်ထားချက်အရ မြတ်စွာဘုရားသည် ရဟန္တာပေါင်းနှစ်သောင်းခြံရံလျက် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် တပေါင်းလပြည့်ကျော် ၁ ရက်နေ့တွင် ရာဇဂြိုဟ်ပြည်မှ ယူဇနာ ၆၀ ဝေးကွာသော ကပိလဝတ်နေပြည်တော်သို့ တစ်နေ့လျှင် တစ်ယူဇနာခရီးဖြင့် ရက်ပေါင်း ၆၀ ဒေသစာရီ ကြွချီတော်မူပါသည်။

မြတ်စွာဘုရား ကပိလဝတ်နေပြည်တော်သို့ ကြွတော်မူခြင်းဖြင့် သာသနာတော်သမိုင်းတွင် များစွာသော အကျိုးတရားများဖြစ်ထွန်းလာပါသည်။ ၎င်းတို့မှာ နိဂြောဓာရုံကျောင်းတော်ကြီးပေါ်ပေါက်လာခြင်း၊ သာကီဝင်မင်းမျိုးတို့၏ မာန်စွယ်ကို နုတ်ပယ်သောအားဖြင့် ပေါက္ခရဝဿမိုးကို ရွာသွန်းစေခြင်း၊ ဂါထာတစ်ထောင်ဖြင့် တန်ဆာဆင်အပ်သော ဝေဿန္တရာဇာတ်တော်ကြီးကို ဟောကြားခြင်း၊ မဟာဓမ္မပါလဇာတ်တော်ကြီးကို နာကြားရ၍ ခမည်းတော်ကြီးအနာဂါမ်တည်ပြီး နောင်သောအခါ အရဟတ္တဖိုလ်တည်ခြင်း၊ မိထွေးတော်ဂေါတမီ သောတာပန်တည်ခြင်း၊ နောင်သောအခါ ဘိက္ခုနီသာသနာထူထောင်ခွင့်ကြုံခြင်း၊ ယသော်ဓရာကို အကြောင်းပြု၍ စန္ဒကိန္နရီဇာတ်တော်ကြီးဟောကြားခြင်း၊ ဇနပဒကလျာဏီ၏ ကြင်ယာတော် နန္ဒမင်းသား ရဟန်းဖြစ်ခြင်း၊ သားတော်ရာဟုလာ အမွေတောင်း၍ သာမဏေဘဝသို့ ရောက်ရှိခြင်း၊ သာကီဝင်မင်းမျိုးမှ မင်းသားတစ်ထောင် ရဟန်းဘောင်သို့ ရောက်ခြင်း၊ မြတ်စွာဘုရားကို ဆွေမျိုးတို့ ကြည်ညိုစေရန် စွမ်းဆောင်ရာ၌ ကာဠုဒါယီမထေရ်ကို အမြတ်ဆုံးဘွဲ့ ကုလပ္ပသာဒတဒဂ်ကို ချီးမြှင့်တော်မူခြင်းနှင့် ရှင်သာရိပုတ္တရာ လျှောက်ထား၍ ဗုဒ္ဓဝင်ဒေသနာကို ဟောကြားတော်မူခြင်း စသောအကျိုးဆက်များ ဖြစ်ပါသည်။

ဤသို့ ဤနှယ် ထူးမြတ်လှသော တပေါင်းလသည် ရွှေဖီငုံရင့် ပင်တိုင်းပွင့်သောလပါတကား။ ဤ နွေမိန်တပေါင်းသည် မုနိတို့၏ သခင်ဖြစ်တော်မူသော မြတ်စွာဘုရား၏ ဗုဒ္ဓဝင်တွင် ထင်ရှားထွန်းလင်းလျက်သာတကား။ ကာဠုဒါယီမထေရ်က ဆောင်းနှောင်းနွေဦး တပေါင်းလ ဤအခါထူးသည် အေးလည်း မအေးလွန်းလှပါဘုရား။ ပူလည်း ပူလွန်းလှပါဘုရား။ ကောက်ပဲသီမ်းစ ဥတုမျှ၍ အာဟာရ ရှားပါးခြင်း၊ ဆာလောင်ခြင်းမှလည်း ကင်းရှင်းပါသည်ဘုရား။ မြေပြင်သည် နေဇာမြက်ညွှန့်ပေါက်ရောက်ရှင်သန်၍ မြစိမ်းရောင်လွှမ်းစိုပြေလန်း ဆန်းနေပါသည်ဘုရား။ ဆောင်းနှောင်းနွေဦး တပေါင်းလ ဤအခါထူးသည် မွေးရပ်ဌာနီ ကပိလဝတ်နေပြည်တော်သို့ ကြွချီရန် လျော်ကန်လျောက်ပတ်ကောင်းမြတ်သော အချိန်ပါဘုရားဟု လျှောက်ထားရာ ဆိုစကားသည်လည်းကောင်း၊

"ဖူးပါလှချင်၊ ငါ့သခင်ကို၊ သို့ပင်ဆိုတမ်း၊ နိစ္စလွမ်း၍၊ မျက်ယမ်းထိထိ၊ မြော်ချင်ဘိဟု၊ ကြားသိတုံလို၊ တစ်သောင်းဗိုလ်တွင်၊ ကျွန်ကိုနောက်ဆင့်၊ ချီပင့်ရရှာ၊ ဤအခါကား ဟေမာချမ်းဆောင်း၊ ကြွလဲပြောင်သား၊ တပေါင်းနွေလ၊ ဂိမ္မာနပဟု၊ သာလှပျော်မှု၊ သည်ရတုဦ၊ ညွန့်နုဆဲဆဲ၊ မီးလျှံခဲသို့၊ ရဲရဲပြောင်ပြောင်၊ တောကုန်အောင်လည်း၊ ပွင့်ရောင်တိချည်း၊ ဖြင့်ပေါမည်၏၊ ခမည်းတော်ကောင်း၊ ပြည်တောင်ဟောင်းသို့ ဖူးပေါင်းစိမ့်ငှာ၊ တောင်းပန်ထွာသည်၊ သွားခါကာလ တန်ပြီဘုရား" ဟူသော ရှင်အုန်းညို၏ ဂါထာခြောက်ဆယ်ပျို့မှ ကာဠုဒါယီမထေရ်၏ နှုတ်ထွက်စကားသည် လည်းကောင်း၊

"ဖြေမရဲပ ကြေကွဲကြုံအောင် ငွေသဲစိန်မှုန်စေတီဆင့်လို့ သရဂုဏ်ပွင့်ယုန်နှင့် ချိန်တာရာ မိန်ဦးသာတင့်စွာ ထေရ်ကာဠုဒ္ဒါ ကြောက်ဖွယ်လျှာငယ်၊ ခြောက်ဆယ့်ဂါထာစီကုံးပေရလေ"ဟူသောစာရေးကြီး စာဆို ဦးမောင်ကလေး၏ ရှစ်ဆယ်ပေါ် တေးထပ်ကို မွေးဖွားရှင်သန်စေခဲ့သည်လား မသိတော့ပါ။

# ၂၀၂၅ ခုနှစ် နှစ် ၈၀ ပြည့် တပ်မတော်နေ့အထိမ်းအမှတ် စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲတွင် ဆုရရှိသူများအမည်စာရင်း

**စစ်ချီသီချင်း**

၁။ **ရဲရဲတက် ရဲရဲတိုက် ရဲရဲချေမှုန်း** ပထမဆု
မြင့်မိုရ်ဦး

၂။ **ပြည်သူ့အတွက် တပ်မတော်ဖြစ်သည်** ဒုတိယဆု
အောင်ဇော်ဦး(ရဲတီးဝိုင်း)

၃။ **(ကြည်း၊ ရေ၊ လေ)သည် ထာဝရညီ** တတိယဆု
လှိုင်ဝင်းထွန်း

၄။ **ရဲဝံ့စွန့်စား ပြည်ချစ်သား** စတုတ္ထဆု
ဒုတိယအရာခံဗိုလ်သက်ဝင်းလှိုင်

၅။ **နိုင်ငံတော်ကို ကာကွယ်ထား နည်းပညာနဲ့တပ်မတော်သား** ပဉ္စမဆု
ခင်ဇော်(မြဝတီ)

**စစ်သည်တေးသီချင်း**

၁။ **တွဲလက်မြဲစေ ညီအစ်ကိုတွေ** ပထမဆု
ထားရှ

၂။ **တပ်မတော်၏သမိုင်းပေးတာဝန်** ဒုတိယဆု
မအိ(ပဲခူး)

၃။ **အမိမြေကို ချစ်ကြသူများ** တတိယဆု
ရွှေသင်းသူ(သဇင်)

၄။ **စစ်သားဆိုတာ** စတုတ္ထဆု
ကေသီ

၅။ **ရှေ့သို့ချီမည် ပန်းတိုင်ဆီ** ပဉ္စမဆု
မြင့်မြတ်ဦး(မြဝတီ)

**ကဗျာ(ဝါသနာရှင်)**

၁။ **ခေတ်သမိုင်းကိုဆစ်ပိုင်း၍ ရစ်သိုင်းလေသော မော်ကွန်းလွှာ** ပထမဆု
ကောင်းခြိမ့်ကျော်

၂။ **စစ်သားဆိုတာ ပြည့်ရတနာ** ဒုတိယဆု
မနောသစ်(ပခုက္ကူ)

၃။ **နှစ်(၈၀)ပြည့် ဂုဏ်မြတ်သည့်တပ်မတော်နေ့** တတိယဆု
အောင်နိုင်သူ(ဖွဲ့ကပင်)

၄။ **ကြယ်ပေါင်းဝန်းရံရွှေနိုင်ငံ၏ အောင်လံမြင့်မော် တပ်မတော်** စတုတ္ထဆု
နိုင်မြတ်မော်(မြဝတီ)

၅။ **အစဉ်အလာကောင်းသည့်တပ်မတော်** ပဉ္စမဆု
ဉာဏ်လင်း(တပ်ကုန်း)

၆။ **ခေတ်သမိုင်းကို ဆစ်ပိုင်းဖြတ်ကျော်တပ်မတော်** အထူးဆု(၁)
သက်နှင်းညို

၇။ **တပေါင်းမှသည် ရှေ့သို့ချီသော်၊ သွေးသစ် မော်ကွန်းတည်စေသတည်း** အထူးဆု(၂)
ရဲမွန်ကျော်

၈။ **ကမ္ဘည်းမော်ကွန်း တည်စေညွှန်း** အထူးဆု(၃)
ရွှေလေးခင်

**ကဗျာ(အလွတ်တန်း)**

၁။ **တို့များတပ်မတော်** ပထမဆု
မြတ်ထွဏ်းနောင်

၂။ **နေတစ်စင်းနှင့်ငွေလမင်းသို့ပမာ နိုင်ငံအတွက်သာ တပ်မတော်ပါ** ဒုတိယဆု
ဘုန်းမောင်ဝင်း(ဖျာပုံ)

၃။ **တင့်တယ် သူရိန် လမင်းအိမ်သို့** တတိယဆု
ဘုန်းရဲနိုင်(ဂန့်ဂေါ)

၄။ **ဖြတ်ကျော်လွှားရခရီးရှည် တပ်မတော်သားအလှ (ကြည်း၊ ရေ၊ လေ)** စတုတ္ထဆု
ရေနံ့သာမောင်ကျော်ညွှန့်

၅။ **နိုင်ငံလူမျိုးဂုဏ်ရှိန်တိုးအောင် ကြိုးစားဆောင်ဖော် တပ်မတော်** ပဉ္စမဆု
မနောဖြူ

၆။ **အောင်သပြေဖော်ညွှန်း တပေါင်းမော်ကွန်း** အထူးဆု(၁)
မောင်မင်းသိမ်း(သရက်)

၇။ **ခေတ်အဆက်ဆက် ထက်မြက်ဂုဏ်ကျော် မြန်မာ့တပ်မတော်** အထူးဆု(၂)
မျိုးစစ်သည်

၈။ **ကမ္ဘည်းမော်ကွန်း ပေါ်ထွန်းမွေးမြ သမိုင်းလှသော မြန်မာ့တပ်မတော်** အထူးဆု(၃)
ညောင်ရွှေ-ခင်မောင်မြ

**ဝတ္ထုတို(ဝါသနာရှင်)**

၁။ **စစ်မှန်သော မေတ္တာတရားဖြင့်** ပထမဆု
အမောင်

၂။ **သူတို့ကို ဈေးမရောင်းတော့ပါ** ဒုတိယဆု
မုန်းမောင်မောင်

၃။ **ခရေဦး၏သန္နိဋ္ဌာန်** တတိယဆု
ယု(သဇင် FM)

၄။ **အပြုံးလည်းလှ နှလုံးသားလှတဲ့ မုန်းမရတဲ့ စစ်သည်တော်** စတုတ္ထဆု
မနောဖြူ

၅။ **သူရဲကောင်းတို့၏ဝိညာဉ်များ** ပဉ္စမဆု
ရဲမွန်ကျော်

၆။ **အမွန်မြတ်ဆုံးသော စွန့်လွှတ်ခြင်း** အထူးဆု(၁)
ငြိမ်းချမ်းဖြူ

၇။ **စစ်ကျောပိုးအိတ်မှာ ဆွဲချိတ်ထားတဲ့ကြယ်မှုန်တွေ** အထူးဆု(၂)
ထက်ပိုင်ဦး(သစ္စာမြေ)

၈။ **မွေးရာပါတာဝန်** အထူးဆု(၃)
စစ်ငြိမ်းပန်း

**ဝတ္ထုတို(အလွတ်တန်း)**

၁။ **အားနာရန် မလိုခဲ့ပါ** ပထမဆု
မျိုးမြင့်ရန်နောင်

၂။ **ဓာတ်သွေးစက် အိုးစားဖက်ကိုရှာကြသည်** ဒုတိယဆု
မောင်မောင်လွင်(ရွှေဘိုသား)

၃။ **ကြယ်တွေကြွေသောလမ်း** တတိယဆု
ကျော်တေဇ(ဥက္ကလာ)

၄။ **ယုံကြည်ခြေတစ်လှမ်း** စတုတ္ထဆု
ထက်ဝေအောင်(စစ်ကိုင်း)

၅။ **မကြွေရဲဝံ့ ကြယ်တစ်ပွင့်ရဲ့ရာဇဝင်** ပဉ္စမဆု
မောင်စူးရှ(အနောက်ရိုးမ)

၆။ **ငြိမ်းချမ်းပါစေ ပန်းဝါမြေ** အထူးဆု(၁)
မင်းလပြည့်(ဟားခါး)

၇။ **အမေ့မှာ သားတွေအများကြီးရှိပါတယ်** အထူးဆု(၂)
သက်သက်နွယ်(ရန်ကုန်တက္ကသိုလ်)

၈။ **ကိုယ်သင်းနံ့လေး မွှေးပျံ့နေသည်** အထူးဆု(၃)
စေတမန်

**ဝတ္ထုရှည်(ဝါသနာရှင်)**

၁။ **နောက်ဆုံးကျည်ဆန်** ပထမဆု
မြခြူးအိမ်

၂။ **သစ္စာနန်းမှပန်းရင်ခွင်** ဒုတိယဆု
ဘုန်းရဲနိုင်(ဂန့်ဂေါ)

၃။ **အိမ်အမှတ်(၁၃၅)** တတိယဆု
လူမောင်(ဝိရောဓိ)

၄။ **အဋ္ဌဝါထက်က ပန်းပျိုးလက်** စတုတ္ထဆု
တင်ဦး(ရန်ကင်း)

၅။ **ကရုဏာရွှေလက်တို့ဖြင့် အမွန်မြတ်ဆုံး ပေးဆပ်ခဲ့ကြပါသည်** ပဉ္စမဆု
သျှင်ငြိမ်းစံ

၆။ **တိုင်းပြည်ကို စောင့်ရှောက်ဖို့ တာဝန်ရှိနေလို့ပါ** အထူးဆု(၁)
မောင်စိုးထွန်း

၇။ **အစဉ်နှပျိုနေသည့် ဥဒါန်းစကား** အထူးဆု(၂)
အောင်မင်းကျော်(ပညာ)

၈။ **စောင့်ထိန်းအပ်သော သစ္စာတရားတို့ဖြင့်** အထူးဆု(၃)
ခင်မျိုးမျိုးချစ်(ချင်းတောင်)

**ဝတ္ထုရှည်(အလွတ်တန်း)**

၁။ **လွမ်းရက်တာရှည် စစ်မြေစခန်းမှာဖြင့်** ပထမဆု
တက္ကသိုလ်မြမဋ္ဌူ

၂။ **ထာဝရစစ်သား ထာဝရမြန်မာ့တပ်မတော်** ဒုတိယဆု
စိုးနွေ

၃။ **နမ့်လွေချောင်းဘေးမှာ ပေးခဲ့လေသော မြေပုံလေးတစ်ချပ်အကြောင်း** တတိယဆု
ရဲမင်းစိုး

၄။ **လွမ်းရစ်စေသူ** စတုတ္ထဆု
ညိမ်းညို

၅။ **ကြယ်တစ်စင်းရဲ့ ဘဝစာမျက်နှာ** ပဉ္စမဆု
နေဇင်(ပေါက်ခေါင်း)

၆။ **ကျည်တစ်တောင့် လူတစ်ယောက်** အထူးဆု(၁)
နီသင်အောင်ကျော်မိုး

၇။ **ပေးဆပ်သူတို့၏ ချစ်ခြင်းသက်သေ** အထူးဆု(၂)
ခန့်ပိုင်

၈။ **အဖြူရောင်အနားသတ်** အထူးဆု(၃)
အမေ့သား(နတ်မောက်)

**မှတ်ချက်။** ဆုပေးပွဲအခမ်းအနားကျင်းပမည့်နေ့ရက်၊ နေရာနှင့် အချိန်တို့ကို ထပ်မံအသိပေးသွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းနံပါတ် ၀၃၆-၃၀၅၁၆၊ ၀၃၆-၃၀၅၁၈ တို့ထံ ဆက်သွယ်မေးမြန်းနိုင်ပါသည်

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job–PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit–PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job–PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

ASEAN TOURISM AWARDS(2022) ၏ ASEAN MICE Vanue Standard တွင် Exhibition Vanue Award ရရှိခဲ့သော



"မန္တလေးမြို့၏ဂုဏ်ကျက်သရေဆောင်"

ရတနာပုံခန်းမ








**ရရှိနိုင်သောဝန်ဆောင်မှုများ**

ဖိုရမ်များ၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊
အစည်းအဝေးများ၊ ရှင်ပြုရဟန်းခံ နားထွင်းနားသ အလှူပွဲများ၊
မင်္ဂလာဆောင်ပွဲများ၊မွေးနေ့ပွဲများ၊အထိမ်းအမှတ်ညစာစားပွဲများ၊
ဈေးရောင်းပွဲတော်များ၊အရောင်းမြှင့်တင်ရေးပွဲများ၊ နိုင်ငံတကာကုန်စည်ပြပွဲများ၊
အငြိမ့်ပွဲ၊ ပဒေသာကပွဲ၊ တေးဂီတဖျော်ဖြေပွဲများ၊
အလှဓာတ်ပုံရိုက်ကူးခြင်းများအတွက် ခန်းမများ ငှားရမ်းခြင်းနှင့်
ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါသည်။

**ဆက်သွယ်ရန်လိပ်စာ**

၇၈ လမ်း နှင့် ၃၈ လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ ။
ဖုန်း - ၀၉ ၆၉၅၀၀၈၆၈၀၊ ၀၉ ၆၆၇၈၉၉၉၉၁၊ ၀၉ ၆၆၇၈၉၉၉၉၂၊ ၀၂ ၄၀၃၀၄၃၈၊ ၀၂ ၄၀၃၀၄၃၉။

ကုန်ဆုံးသွားသော စွမ်းအားများ



DAGON Malta Fresh

နဲ့ ဖြည့်စွမ်းထား

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

## ယာဉ်မောင်း အလိုရှိသည်

မန္တလေးမြို့ မဟာမုနိဘုရားကြီး ဘဏ္ဍာတော်ပိုင် မော်တော်ယာဉ်များ မောင်းနှင်ရန်အတွက် ယာဉ်မောင်းလိုင်စင် (ခ)ရှိသူများ လျှောက်ထားနိုင်ပါသည်-

၁။ ဗုဒ္ဓဘာသာဝင် ဖြစ်ရမည်။
၂။ အသက် ၁၈ နှစ်မှ အသက် ၄၀ နှစ်ကြားဖြစ်ရမည်။
၃။ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာပါရှိရမည်။

နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ၊ ယာဉ်မောင်းလိုင်စင်မိတ္တူ ကိုယ်ရေးအချက်အလက်ပြည့်စုံစွာ လျှောက်လွှာတွင်ဖော်ပြပြီး ၃၁-၃-၂၀၂၅ ရက်နေ့ နောက်ဆုံးထား၍ ရုံးချိန်အတွင်း ကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

**မဟာမုနိဂေါပကအဖွဲ့**

### အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန်တိုင်ဈေးတန်းရပ်ကွက်ရှိ တောင်/မြောက် (၃၆')ပေ၊ အရှေ့အနောက် (၆၃')ပေ အကျယ်အဝန်းရှိသော မြေကွက်နှင့် မြေကွက်ပေါ်ရှိ (၂ ခန်း x ၃ ခန်း) နံကပ်သွပ်မိုးတစ်ထပ်တိုက်၊ အိမ်အမှတ် (၁၀၄/၂)သည် ကျွန်တော် ဦးညီညီလွင်နှင့် ဇနီးဒေါ်အိအိချောတို့ လင်မယားနှစ်ဦးပိုင် လက်ထက်ပွားအိမ်ခြံမြေဖြစ်ပါသည်။

ဖော်ပြပါမြေကွက်နှင့် တစ်ထပ်တိုက်တို့ကို ကျွန်တော် ဦးညီညီလွင်၏ သဘောတူညီမှုမရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လွှဲပြောင်းခြင်း၊ အာမခံထားခြင်းမပြုလုပ်ပါရန်နှင့် ပြုလုပ်ပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးညီညီလွင် (ဘ) ဦးစိုးလှ**
**(၉/ပဘန(နိုင်)၁၃၆၄၇၈)**
**တံခွန်တိုင်၊ ဈေးတန်းရပ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme-PFP)ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ် ရေး အဖွဲ့များက Short Code နံပါတ် "1111" ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**



❖ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် အချိန်ယူဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် ကျောင်းသား၊ ကျောင်းသူများ၏ ပညာအရည်အသွေး ပြည့်မီရေး၊ ခေတ်မီအတတ်ပညာများ၊ နည်းပညာများ သင်ကြားနိုင်ရေးနှင့် မှန်ကန်သည့် တွေးခေါ်မြော်မြင်မှုများရရှိရေး လေ့ကျင့်ပျိုးထောင်ရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် မတ် ၂၂ ရက်တွင် ပြုလုပ်သော အမျိုးသားစီမံကိန်းကော်မရှင် (၁/၂၀၂၄)အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း(BE.FALLS)သို့ လာရောက်လည်ပတ်သည့် ဧည့်သည်ဝင်ရောက်မှု နှစ်သန်းပြည့် အမှတ်တရဂုဏ်ပြုလက်ဆောင်ပေးအပ်




ပြင်ဦးလွင် မတ် ၁၂

ပြင်ဦးလွင်-လားရှိုး ကားလမ်းမကြီးအနီးရှိပွဲကောက်ရေတံခွန်အပန်းဖြေစခန်း(BE.FALLS)ကို နိုင်ငံတကာအဆင့်မီ အပန်းဖြေစခန်းတစ်ခုအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကာ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလက စတင်ဖွင့်လှစ်ခဲ့ပြီး အနယ်နယ်အရပ်ရပ်မှ လာရောက်လေ့လာအပန်းဖြေသူများဖြင့် စည်ကားများပြားလျက်ရှိရာ ယနေ့တွင် လာရောက်လည်ပတ်သည့် ဧည့်သည် နှစ်သန်း ပြည့်မြောက်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ နှစ်သန်းပြည့် လာရောက်သည့် မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်မှ ဧည့်သည်အား ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း(BE.FALLS)မှ တာဝန်ရှိသူများက စာမျက်နှာ ၂၀ ကော်လံ ၁ ☆

## ၂၀၂၅ ခုနှစ်အတွင်း ပြည်တွင်းစားအုန်းဆီ ဈေးနှုန်းများ ဆက်တိုက်ကျဆင်း

နေပြည်တော် မတ် ၁၂

ပြည်တွင်းစားအုန်းဆီ ရည်ညွှန်းဈေးနှုန်းများသည် ဇန်နဝါရီ ၁ ရက်တွင် စားအုန်းဆီတစ်ပိဿာငွေကျပ် ၇၂၈၀ ဖြစ်ခဲ့ပြီး ယနေ့တွင် ငွေကျပ် ၆၈၉၀ ဖြစ်သောကြောင့် ၂၀၂၅ ခုနှစ် နှစ်ဆန်းမှ ယခုအချိန်ထိ ငွေကျပ် ၃၉၀ ကျဆင်းလာကြောင်း တွေ့ရသည်။

ပြည်တွင်းစားအုန်းဆီဈေးနှုန်းများကို ပြည်ပစားအုန်းဆီထုတ်လုပ်သည့် အင်ဒိုနီးရှား၊ မလေးရှားနိုင်ငံတို့တွင် အပတ်စဉ်ဖြစ်ပေါ်နေသော ဈေးနှုန်းများနှင့် ပြည်တွင်းနိုင်ငံခြားငွေလဲလှယ်နှုန်းများအပေါ် မူတည်၍ စားအုန်းဆီအခြေခံရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်ထုတ်ပြန်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ထောက်ခံမှု၊ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။